www.burmeseclassic.com



# အသင်

ရင်ထဲက ဘောဘီ

www.burmeseclassic.com

www.burmeseclassic.com


အသင်

ရင်ထဲက ဘောဘီ

၂၀၁၄ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅) စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

အသင်

ရင်ထဲက ဘောဘီ၊ အသင် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၄၀-စာ၊ ၅×၇

(၁) ရင်ထဲက ဘောဘီ


အသင်

# ရင်ထဲက ဘောဘီ



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



<u>အသင်၏ထွက်ရှိပြီးစာအုပ်များ</u>

၁။ ညာ၏ရစ်ပတ်နှောင်ဖွဲ့တတ်သော
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၂။ မိုးပြောတဲ့နှင်းဆီပုံပြင်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၃။ ပိုင်ချိုချိုလေးတစ်ခွက်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၄။ ကောင်းတင်ဘုံသို့တမ်းချင်းတစ်ပုဒ်
၅။ ကြင်ယာတော် ခခလေး
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၆။ ပန်းနုရောင်သင်္ကေတလေးရဲ့ အနားသတ်မှာ
(စိမ်းဝါနီ ဗီဒီယိုမှဝယ်ယူပြီး)
၇။ ရင်သို့ကြွေလင့်လတစ်စင်း
၈။ စံပယ်တစ်ခင်းပေးရန်ရှိသည်
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၉။ အကြင်နာတကယ်စစ်ရင်
၁၀။ အချစ်မျှော်နှင်တဲ့ အမုန်းယဉ်
၁၁။ ချစ်သူလက်နဲ့ကောက်ယူခဲ့တဲ့အလွမ်းတစ်ပွင့်
၁၂။ လှည့်စားတတ်တဲ့ ကောင်မလေး

<u>ယခုလ</u>

၁၃။ ရင်တဲကဘောဘီ

## ၁

ဘောလုံးပွဲကြည့်နေရင်းက ရှေ့ဆက်တီခုံပေါ်တင်ထားတဲ့ ဖုန်းဆီက notification sound ကြောင့် သူ ဖုန်းကောက်ကိုင်လိုက်သည်။ message တစ်စောင် ဝင်နေသည်။ ဘယ်သူ့ဆီကလဲလို့ တွေးကြည့်စရာမလို။ ငွေသံလွင် ဆီကပဲ ဖြစ်မည်။ ဘာရေးထားလဲလည်း ကြည့်စရာမလို။ ဖြတ်စာကလွဲပြီး တခြားမဖြစ်နိုင်။

ဒီနေ့ သူမနဲ့ ချိန်းတွေ့ပြီး ပြန်လာကတည်းက ဖုန်းမဆက်ဘဲ ငြိမ်နေပုံကို ထောင့်ချင့်ကြည့်ရင် ဒီနေ့ တစ်နေ့လုံး သူ့ရဲ့အမူအရာ၊ အပြောအဆို၊ အပြုအမူ မှန်သမျှတို့ကို တစ်ကွက်ချင်း ပြန်ဖော်ပြီး စိတ်လုပ်နေတာပဲဖြစ်မည်။ ပြီးရင် ဖြတ်စာရေးမည်။ သူမအကျင့်က ဒါပဲ။ နည်းနည်းမှကို အမှားမခံ။

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် တစ်လနီးနီးလောက်တော့ နားအေးပါးအေး နေရဦးမည်မို့ သူ စိတ်ချမ်းသာသွားသည်။

"မောင် ...

မေ့လိုက်တော့နော်။ ကျွန်မတို့ ဖူးစာမပါဘူး ထင်ပါရဲ့။ ဒီနေ့ မောင့်ရဲ့စကားတွေထဲကနေ ကျွန်မသိလိုက်ရတာက မောင်က ကျွန်မကို တကယ်လက်တွဲဖို့ ရည်ရွယ်ချက်မရှိဘူး ဆိုတာပဲ။ ကျွန်မက ကံဆိုးသူပါ မောင်ရယ်။ မေ့လိုက်ကြတာပဲ ကောင်းပါတယ်"

"ကောင်းတယ်"

သူ နှုတ်က ခပ်တိုးတိုး ရေရွတ်ပြီး မန်ယူအသင်းတိုက်စစ်မှူး ဟာနန်ဒက်ဇ် လှလှပပကန်သွင်းလိုက်တဲ့ ဂိုးကိုတွေ့တော့ လှိုက်လှိုက်လှဲလှဲ အားပေးမိလိုက်သည်။

"ဂိုး"





# ၉ ၂ ၉

စာရွက်သားပေါ်ကို ကြောင်ခြစ်ခြစ်သလို စာရေးနေသော သမီးဖြစ်သူကို ဒေါ်ရူပါ မျက်မှောင်ကြုတ် ကြည့်လိုက်သည်။ ရေးနေပုံကိုလည်းကြည့်၊ စာကြည့်စားပွဲမှာလည်း ထိုင်မရေး၊ အိပ်ရာပေါ်မှာ အားလျားမှောက်ပြီးလည်း မရေးဘဲ ဆိုဖာဆက်တီပေါ်မှာ ပက်လက်လှန်ပြီး စာရွက်ကို အပေါ်မြှောက်ပြီး ရေးနေတာလေ။ ဒီတော့ လက်ရေးက နဂိုကမှ မလှရတဲ့အထဲ ဘယ်လိုမှကို အဆင်မပြေပါ။ မြင်ရတဲ့လူလည်း အဆင်မပြေသလို ဖတ်ရတဲ့လူလည်း အဆင်ပြေမည် မဟုတ်။

"သံလွင် ... နင် ဘယ်လိုလုပ် စာရေးနေတာလဲ"

"ဒီလိုပဲလေ မာမီရဲ့၊ ထိုင်ရတာ ညောင်းတော့ ဝမ်းလျားမှောက်၊ ဝမ်းလျားမှောက်တာ ညောင်းတော့ ပက်လက်လှန်၊ position သုံးမျိုးနဲ့ ရေးတာ"



www.burmeseclassic.com

www.burmeseclassic.com



“ကြား,ကြားဖူးပေါင်၊ မြင်,မြင်ဖူးပေါင်တော်၊ ဒါနဲ့ ဟို ကောင်လေးလည်း ဖုန်းမဆက်ပါလား၊ အသံမကြားဘူး နော်”

“ဘယ်ကောင်လေးလဲ”

“ရွှေညို”

“သမီးတို့ ပြတ်သွားကြပြီ”

“ဘယ်နှကြိမ်မြောက်လဲ၊ သံလွင် ... သမီးကလေး မဟုတ်တော့ဘူးနော်၊ ရှုံ့ချည်နှပ်ချည် မလုပ်ပါနဲ့၊ ပြီးတော့ သမီး လေးအသက်အရွယ်နဲ့ တည်တည်ငြိမ်ငြိမ် ရှိသင့်ပြီ၊ စိတ် ထဲပေါ်ရာလုပ်ပြီး စိတ်အလိုလိုက်တတ်တာ မာမီ မကြိုက် ဘူးနော်၊ ပြီးတော့ ဟိုကလူ၊ ကစားစရာ အရုပ်တစ်ရုပ် မဟုတ်ဘူး၊ သူ့မှာ ခံစားတတ်တဲ့ အသည်းနှလုံးရှိတယ်၊ သမီးလိုပဲ စိတ်ရှိတယ်”

သံလွင်က စာရွက်အထပ်လိုက်ကို ဘေးကဆက်တီခုံပေါ် ချရင်း ဆံပင်တွေကို သပ်နေ၏။ သံလွင်ရဲ့ကောက်သားရှိသော လှိုင်းတွန့်ဆံပင်တွေက သေသေချာချာ မဖြီးမသင်ထားတာမို့ ဖွာတာတာ ဖြစ်နေ၏။ ကျောလယ်သာသာ ဒီဆံပင်တွေကို ရေချိုးသည့်အခါမှလွဲ၍ ဘယ်သောအခါမှ စုစည်းချည်နှောင်ထားခြင်း မရှိတာမို့ ဒေွသံလွင်ကို ကြည့်ရမြင်ရတိုင်း သူမစိတ်





အိုက်၊ စိတ်ရှုပ်ရပါသည်။

“ဟင့် ... မာမီကလည်း၊ အခုလောက်ဆို သူလည်းပျော်နေမှာ၊ သံလွင် သိတယ်၊ သံလွင်လည်း အာရုံရတုန်း စာရေးမှာမို့လို့ သူ့ကို တမင်ဖြတ်ထားတာ၊ သူလည်း သံလွင် ဖုန်းတဂွမ်ဂွမ်ဆက်ပြီး ရစ်တာကနေ ခဏတာ လောက် ကင်းလွတ်သွားမှာမို့ သူ ပျော်နေမှာ သေချာတယ် မာမီ”

“ဟဲ့ ... နင်တို့တွေက ဘာတွေလဲ၊ ငါတော့ နားမလည်နိုင်တော့ပါဘူး၊ ကြည့်လုပ်နော်၊ ရွှေညို ဆိုတာ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်၊ နင့်လို မိန်းမမျိုးကို အချိန်မရွေး ထားခဲ့နိုင်တယ်၊ အဲဒီတော့မှ မကြေကွဲနဲ့”

“အို ... သံလွင်ကလည်း best seller မဟုတ်သေးပေမယ့် နာမည်ရနေတဲ့ စာရေးဆရာမပါနော်၊ သူ ခေါက်သွားတော့ ရော ဘာအရေးလဲ၊ မလွမ်းသေးဘူး”

“ငါတော့ တကယ်ပဲ၊ ဘယ်လိုဟာမျိုးတွေနဲ့ လာတွေ့နေရတယ် မသိပါဘူး”

မာမီ သံလွင့်ဘေးက ထ,သွားတော့ သံလွင် သဘောတကျနဲ့ တခိခိရယ်သည်။ ပြီးမှ မာနတွေ မိုးတိမ်မြင့်တဲ့ ရွှေညို့ကို မြင်ယောင်ရင်း မျက်နှာလေး ပြန်တည်သွားရင်း နှုတ်

www.burmeseclassic.com



ခမ်းလေးကွေးပြီး မဲ့ကျသွားသည်။ ဖြတ်ရင် လက်ခံတယ်၊ ပြန်ဆက်ရင်လည်း လက်ခံတယ်ဆိုတာ သံလွင့်ကို သူ တကယ်မချစ်လို့ပေါ့။ သံလွင့်ကို ထမင်းမစား ကွမ်းမစား သတ်မှတ်ပြီး စာရင်းမသွင်းတာပဲပေါ့၊ မဟုတ်ဘူးလား။

အကြင်နာတရားမရှိတဲ့လူ၊ ရက်စက်တတ်တဲ့လူ၊ ဒီတစ်ခါတော့ သူ မခေါ်မချင်း ပြန်ခေါ်ဖို့ သံလွင် စိတ်ကူးမရှိပါ။ ဘယ့်နှယ် ရည်းစားထားပါတယ်ဆိုမှ ကိုယ့်ချစ်သူ ကိုယ့်ကို အလိုလိုက် သည်းခံတာ၊ ချော့မော့ယုယတာ ခံချင်လို့ပေါ့။ အခု သူ့ကိုပြန်ပြီး သံလွင်က မော်ဖူးနေရသည်။ မမိုက်လိုက်တာနော်။

ချစ်သူ မဖြစ်ခင်တုန်းကတော့ သံလွင့်ကို အလိုလိုက်ပါ့မယ်လို့ ကတိအထပ်ထပ်ပေးခဲ့သူလေ။ အခုတော့ သူ့စကားတွေက လေဟာနယ်ထဲမှာပဲ လေနဲ့အတူ တစ်သားတည်း ဖြစ်သွားခဲ့သည်။ သူ့ရဲ့အေးစက်မှုအတွက် ဒေါသပေါက်ကွဲပြီး ဖြတ်တော့လည်း သံလွင်။ သူ့ကို အရမ်းသတိရ အောက်မေ့ပြီး ပြန်ခေါ်တော့လည်း သံလွင်။ ကြာတော့ ရှက်တောင်လာသည်။

"ဒီတစ်ခါတော့ နင့်ကို အရှုံးမပေးဘူး ရွှေညို၊ လုံးဝပဲ"





## ၂

အကျီပွပွ ရှည်ရှည်တွေနဲ့ Stocking တွဲဝတ်တတ်တာ ငွေသံလွင်ရဲ့စတိုင်လ်။ ပေါ့ပါးသည်၊ သွက်လက်သည်၊ ဟိုပေါ်ဒီပေါ် ပေါ်စရာမလို။ ဟိုကျုံ့ ဒီကျုံ့ ကျုံ့နေစရာမလို။ ငွေသံလွင်ကို သူငယ်ချင်းတွေက "တစ်ခါပြင်"လို့နာမည်ပြောင်ပေးထား၏။ ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘာစားစား၊ ဘာလုပ်လုပ် နှုတ်ခမ်းနီ ပြန်ဆိုး၊ ပေါင်ဒါတို့ဖို့ ဆံပင်ဖြီးဖို့ သံလွင်ဘယ်တုန်းကမှ စိတ်မကူးခဲ့။ အမြင်မတော်တဲ့ သူငယ်ချင်းတစ်ယောက်ယောက်က သံလွင့်ဆံပင်တွေ ဖြီးပေးမှပဲ သပ်သပ်ရပ်ရပ်ဖြစ်တတ်သည်။ အဲဒီလောက် သံလွင်က ပြေါ့လျှမ်းနိုင်၏။

ပခုံးထက်မှာ အိတ်ကြီးကြီးတစ်လုံးလွယ်ပြီး အိတ်ထဲကို လမ်းမှာတွေ့ကရာဝယ်လာသမျှ ထိုးထိုးထည့်တတ်သည်



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံကလည်း ရှိသေးသည်မို့ ငွေသံလွင်ရဲ့အိတ်ကြီးကြီးက သူများတကာ အိတ်တွေလို စတိုင်လ်ကျကျ လှလှပပ ပါးပါးလျားလျား ရှိမနေဘဲ လေးလံနေတတ်သည်။

ပခုံးသောင်းတာက ပြဿနာမရှိ။ လက်ကနေပဲ့စွည်း ပစ္စယမကိုင်ရဖို့က သံလွင့်အတွက် အရေးကြီးသည်။ သူများတွေ တော့ ဘယ်လိုနေသည်မသိ။ သံလွင်ကတော့ လက်ထဲမှာ ပစ္စည်း တစ်ခုခု ရှိနေရင် လမ်းလျှောက်လို့မတတ်။

ထင်ထားသည်ထက် စာအုပ်က စောစောစီးစီးပြီး သွားတာမို့ နောက်တစ်အုပ်မရေးခင်စပ်ကြား သံလွင် အ,အားကြီး အားနေပါသည်။ အစကတည်းက အာရုံပေါ်မှ ထ,လုပ်လို့ရတဲ့ စာရေးဆရာမလိုင်းကို ယူထားသူမို့ သံလွင် စိတ်ရှိသလောက် အနားယူပြီး အပျင်းတစ်လို့ ရနေသည်လေ။

ပျင်းပျင်းရှိသည်နှင့် တစ်ပွေတည်း လျှောက်လိမ့်နေ ပြီး နောက်ရေးမယ့်စာအုပ်အတွက် background လေးတွေလိုက် ရှာရင်းက make-up ကုန်နေတာကို သတိရရင်း ဂမုန်းပွင့်ထဲ သံလွင် ဝင်လာခဲ့သည်။ ပြီးတော့ counter Revoln ဆီ တည့် တည့်မတ်မတ်သွားပြီး ဝယ်စရာရှိတာဝယ်ပြီး ပြန်ထွက်လာခဲ့သည်။ မျက်စိအစာကျွေးရာက စိတ်မထိန်းနိုင်ရင် အိတ်ထဲကပိုက်ဆံတွေ





ခြေထောက်ပေါက်ကုန်မည် စိုး၍လေ။ သံလွင့်ရဲ့အသုံးအဖြုန်း ကြီးမှုကို မာမီကလည်း မျက်မုန်းကျိုးပြီး တဖျစ်တောက်တောက် ပြောမဆုံး။ ဝယ်ရင်တောင် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ခိုးဝယ်ရတဲ့ ဘဝ။

ဂမုန်းပွင့် အဝင်ဝက Always cafe မှာ ကော်ဖီ သောက်နေရာက ရုတ်တရက် တစ်ယောက်ယောက်နဲ့ စကားပြော ချင်စိတ်တွေ တအားပေါက်လာတာမို့ သူငယ်ချင်းတစ်ယောက် ကို ဖုန်းလှမ်းချိတ်မိလိုက်သည်။

"မွန်မွန်လား ... ငါ Always cafe မှာ ရောက်နေတယ်၊ နင် အားရင် ထွက်လာခဲ့ပါလား"

"သံလွင် ... ဒီအချိန်ကြီး ငါ ဘယ်လိုလုပ် အားမှာ ဲ၊ ကလေးကျောင်းကြိုရဦးမယ်၊ တော်ကြာနေရင် သူ့အဖေ ပြန်လာတော့မှာ၊ ပြန်လာလို့ ငါ့အိမ်မှာမရှိရင် ပွမ်ဦးမယ်၊ နင် သိသိနဲ့"

"ကျွတ် ... တကယ် စိတ်ပျက်စရာကောင်းတယ်"

ဖုန်းကိုချပြီး သံလွင် နှုတ်ခမ်းစူမိသည်။ တစ်လောက လုံးက လူတွေအားလုံး ကိုယ်စီအလုပ်တွေ ရှုပ်နေကြပြီး အားအား လျားလျားက သံလွင် တစ်ယောက်တည်း ရှိနေသလိုလိုလေ။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် လက်က ဖုန်းနံပါတ်တစ်ခုကို အလို အလျောက် နှိပ်မိသွားတာမို့ end call ကို ချက်ချင်းနှိပ်ပစ်လိုက်ရသည်။ စိတ်ထိန်း ငွေသံလွင်။ ဒီလောက် အသည်းမာတဲ့လူနဲ့ ဝေးဝေးနေစမ်းပါ။ အခုဆို သူနဲ့ သံလွင် အဆက်အသွယ်ပြတ်နေတာ နှစ်ဆယ့်ရှစ်ရက်တိတိရှိပြီ။ သင်းက ထုံးစံအတိုင်း သံလွင့် ပြန်အခေါ်ကို စောင့်နေသည်ထင့် တိတ်ဆိတ်နေ၏။

"Excuse me ... အစ်မ၊ Please ကျွန်တော့်ကို တစ်ခုလောက် ကူညီပါ"

နားတစ်ဖက်မှာ စိန်တစ်ပွင့်နားကပ်နှင့် ရှေ့ဆံပင်တွေကို ဂျယ်ထောင်ထားသည့် ကောင်လေးကို သံလွင် မျက်နှာပင့် ကြည့်လိုက်သည်။ မျက်လုံးကို မသိမသာ အမည်းရောင်ကာလာ ခြယ်ထားပြီး နှုတ်ခမ်းတွေကလည်း Lipstick ယောင်ယောင်လေး ဆိုးထားသလိုလို၊ ကာလာသွင်းထားသလိုလိုနှင့် အနီရောင်ပြေးနေ၏။ အရပ်ရှည်ရှည်၊ အသားဖြူဖြူနှင့် မသိရင် သူက တကယ် ရှိုးလျှောက်တော့မယ့် model boy တစ်ယောက်ပေါ့။

"ဘာကိစ္စလဲ"

"ကျွန်တော့်ကို အစ်မနဲ့ ကော်ဖီတစ်ဝိုင်းတည်းသောက်ခွင့် ပြုပေးရုံလေးပါ"





"never mind baby ... လာ ထိုင်ပါ"

ဘယ်သူမှန်း ဘယ်ဝါမှန်း မသိပေမယ့် သံလွင် သူ့ကို လိုလိုလားလားပဲ ဖိတ်ခေါ်လိုက်သည်။ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို စကားပြောချင်တဲ့ အာသီသတွေ သိပ်ဖြစ်လာချိန်မှာ သူ ရောက်လာခဲ့တာပေါ့။ ကောင်လေးပုံစံကလည်း လူရည်သန့်လေး။ ဘာပဲဖြစ်ဖြစ် အသိမိတ်ဆွေတစ်ယောက် တိုးတယ်လို့ပဲ သံလွင် မှတ်ယူလိုက်ပါ၏။

ခဲရောင်ပေါ်မှာမှ အပြာရောင်လိုင်းအစင်းလေးတွေပါသော နက်ခ်တိုင်ကို သူ စိတ်အိုက်ဟန်နှင့် ဆွဲချွတ်ဖို့ ကြိုးစားနေ၏။ အပေါ်ထပ်ဝတ်ထားတဲ့ ခဲသားရောင် waistcosat ကိုလည်း သူ ချွတ်ပစ်ချင်နေတဲ့ပုံ။

"sorry ပါ အစ်မ၊ ကျွန်တော် စိတ်အိုက်နေလို့ပါ"

"စိတ်အိုက်နေရင် ဘာလို့ ဒါတွေဝတ်ပြီး ရှိုးထုတ်သေးလဲ"

"မတတ်သာလို့ပေါ့ဗျာ"

ညည်းညည်းညူညူနဲ့ သူ ဆိုရင်း မကြာခဏ ဆိုင်အပြင်ဘက်ကို လှမ်းလှမ်းကြည့်နေသည်။ တကယ်ကို ဂနာမငြိမ်တဲ့ပုံ။ သံလွင်ကတော့ စာရေးဆရာမပီပီ ဇာတ်လမ်းလေး ဘာလေး ရလိုရငြား သူ့ကို စပ်စုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဝတီ ထက်"

"ဘယ်လို"

"ဝတီ ထက်"

ကောင်းလိုက်တဲ့နာမည်။ ကိုယ့်ဇာတ်လမ်းထဲက ဇာတ်ကောင်ကို နာမည်ပေးဖို့ သံလွင့်မှာ ခေါင်းခြောက်အောင် စဉ်းစားနေရပါသည်။ ဒီလို လူအမြင်လည်းမကတ်၊ နားထောင်လို့လည်း ကောင်း၊ ခေတ်လည်းဆန်တဲ့ နာမည်မျိုး ပေးနိုင်သည့် သူ့မယ်တော်ကိုတော့ သံလွင် တစ်ထိုင်တည်းနဲ့ လေးစားသွားမိသည်။

"နေပါဦး၊ မင်း ဘာဖြစ်လာတာလဲ"

"ပြောရရင်တော့ ရှည် ... ဟာ ... တကယ်လိုက်လာတာပဲ"

မှန်တံခါးကို ဆွဲဖွင့်ဝင်လာတဲ့ အမျိုးသမီးတစ်ဦးကို တွေ့တော့ သူ့မျက်နှာ ပျက်ထွက်သွားသည်။ ပြီးမှ လေသံတိုးတိုးနှင့် သံလွင့်ကို လှမ်းညှိသည်။

"Dance according to the tune နော် အစ်မ၊ understant"

"I do ... I do ... I See"





ဘာမှန်း ညာမှန်းမသိနဲ့ သံလွင် သံယောင်လိုက်သည်။ သူပြောတာက "မီးစင်ကြည့်ကပါတဲ့"။

"ဝတီ ထက် ... နင် ဒါ ဘာလုပ်နေတာလဲ၊ နင် ငါ့ကို အရှက်ခွဲလိုက်တာပေါ့လေ၊ ဟုတ်လား"

"mom ကို I ပြောပြီးသားပဲ၊ မလျှောက်ချင်ပါဘူးလို့၊ mom က အတင်းအကျပ် နိုင်းတာကိုး"

အသက်လေးဆယ်ကျော် ငါးဆယ်နီးနီး အမျိုးသမီးကြီးရဲ့ အလှတရားမှာ သံလွင်ကတော့ မျောသွားပါသည်။ ကြည့်လေ ... မျက်နှာကို ကြွေရောင်တောက်ပြီး ပန်းနုရောင်ပြေးနေအောင် ပြင်ထားပြီး မျက်နှာမှာ ဘာအရေးအကြောင်းမှလဲ တင့်မနေပါ။ ဝတ်ထားတာက အဖြူရောင်ကုတ်နဲ့ အဖြူရောင် စကတ်တိုတစ်ထည်။ လန်းလွန်းလှပါသည်။ အမေနဲ့သားက မသိရင် မောင်နှမလိုလိုသာ။

"သူက ဘယ်သူလဲ၊ show ပွဲကို ထားခဲ့ပြီး အရေးတကြီး သွားတွေ့ရမယ်လူက သူလား"

red-blonde colour ဆိုးထားပြီး လှိုင်းထနေတဲ့ ဆံပင်တွေနဲ့ အဆီပြန်နေတဲ့ မျက်နှာပိုင်ရှင် ကောင်မလေးတစ်ယောက်။ အစိမ်းရင့်ရောင် အကျီရှည်ရှည်ဖားဖား တစ်ထည်ကို



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင် stocking နဲ့ တွဲဝတ်ထားပြီး အလန်းဇယားလည်း မဟုတ်၊ တိုက်ပေါ်လည်းမဟုတ်သည့် ဟိုမရောက် ဒီမရောက် style မို့ ဒေါ်ဇလတ်ဖြူ မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်တယ် mom ၊ သူ့နာမည်က green တဲ့၊ I မြန်မာနိုင်ငံကို ပြန်ခြေချချခြင်း ခင်မင်ရတဲ့သူပေါ့"

"ဟုတ် ... တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"အန်တီလည်း တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ သမီးက ဘာဖြစ်လို့ ရှိုးပွဲကို လာမကြည့်ဘဲ ဒီမှာ ဘာလို့ သူနဲ့ လာတွေ့ရတာလဲ"

"ရှင်"

"ဒီနေ့ အန်တီတို့ fashion shop နှစ်ပတ်လည်နေ့မို့ ပစ္စည်းတွေ discount ချပြီး show ပွဲရှိတာ သမီးမသိဘူးလား၊ သူ ရှိုးလျှောက်ရမှာရော သမီးမသိဘူးလား"

သံလွင်က ခေါင်းညိတ်ပြရမလား၊ ခေါင်းခါပြရမလား မဝေခွဲတတ်နိုင်အောင် ဖြစ်ရပြီး ဘသားချောကိုသာ မျက်လုံးအပြူးသားနှင့် ကြည့်နေမိသည်။

သိတယ်ဆိုဆို၊ မသိဘူးဆိုဆို နောက်ဆက်တွဲမေးခွန်းတွေ လာတော့မည် မဟုတ်လား။





"ကဲ ... လာ ... လာ ... ဝတီထက်၊ အချိန်မရှိတော့ဘူး၊ သမီးလည်း လာလေ"

"ရှင် ... ဟို ... သမီး သွားစရာတစ်ခု ရှိနေသေးလို့ သူ့ကို ခဏဝင်တွေ့တာပါ အန်တီ၊ သမီးကို ခွင့်ပြုပါနော်၊ ဝတီထက် ... ငါ သွားတော့မယ်နော်"

သံလွင်နဲ့ သူတို့သားအမိ ရွှေဆင့်နောက်ဆင့်ပဲ coffee shop ထဲက ထွက်လာခဲ့ကြသည်။ ဝတီထက် မျက်နှာက လပေပုပ်အဖမ်းခံရသလို မည်းပုပ်နေ၏။ ရှိုးပွဲမလျှောက်ချင်လို့ ပြေးတယ်ဆိုလည်း ဝေးဝေးလံလံ ပြေးပါတော့လား။ ပြီးတော့ သံလွင့်ကို သူ အရေးတကြီး တွေ့ရမယ့် လူတစ်ယောက်အဖြစ် ဟန်ဆောင်ခိုင်းရတာရော ဘာကြောင့်လဲ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

# ၃ ၄ ၅

"ငါ့ကို တစ်ပတ်ရိုက်ဖို့ နင်ကြိုးစားနေတာပေါ့လေ ဝတီ၊ ဟင်း ... ငါမသိရင်ခက်မယ်၊ နင် ချိုလီနဲ့တွေ့ဖို့ ချိန်းထားတာ ဟိုက အချိန်မီရောက်မလာလို့ တွေ့တဲ့ကောင်မလေးနဲ့ ဝင်ရောပြီး ငါ့ကို အကြောင်းရိုက်တာ မဟုတ်လား ဝတီ"

ပညာရှိတို့ တွေးကြည့်ရင် ပြေးကြည့်တာထက် တောင် မှန်နေသေးတယ်ဆိုတဲ့စကား mom ကိုများ ရည်ညွှန်းလေရော့သလား။ တကယ်ပဲ ချိုလီက သူ့အကျပ်အတည်းကို ဖြေရှင်းပေးဖို့ သူ့ကို ကားနဲ့လာခေါ်ပါ့မည်ဟု ကတိပေးခဲ့တာ။

mom က သူ့ကို ပွဲထုတ်ချင်နေတာ ကြာလှပြီ။ mom က သူ့ကို အနုပညာရှင်တစ်ယောက် ဖြစ်စေချင်၏။ dad က အကြီးအကျယ် ကန့်ကွက်ထား၍ ငြိမ်နေရသော်လည်း သူ့





ကို ဒီလိုင်းပေါ် မရောက်‚ရောက်အောင် ဆွဲဆောင်ဖို့ တေးထားပုံ ရ၏။ ထို့ကြောင့်လည်း သူ စင်ကာပူက ပြန်လာလာချင်း ဒီပွဲမှာ ဝင်ပြီး ရှိုးလျှောက်နိုင်းတာ ဖြစ်သည်။

"ချိုလီနဲ့ မပတ်သက်ဖို့ နင့်ကို ငါ ဘယ်နခါ ပြောရမလဲ ဝတီ၊ တစ်မျိုးလုံး အကျင့်ကောင်းကြတဲ့ဟာတွေ မဟုတ်ဘူး၊ နေစမ်းပါဦး၊ ရှိုးလေးတစ်ခါ လျှောက်နိုင်းတာ အဲဒီလောက် ဖြစ်စရာလား"

"sorry ပါ mom ၊ I မှ စိတ်မဝင်စားဘဲ"

ဒေါ်ဇလတ်ဖြူ တစ်ယောက် သားလုပ်သူကိုကြည့်ပြီး မချင့်မရဲတွေ ဖြစ်နေ၏။ ဒီလောက် ချောသန့်နေသည့် perfect ဖြစ်နေသည့် သူ့ရဲ့ style ကို ဘာလို့များ တစ်နိုင်ငံလုံး အသိအမှတ်ပြုအောင် မလုပ်ချင်ရတာပါလိမ့်။

နောက်တက်လာတဲ့ generation တွေက အနုပညာကို ခုံမင်လွန်းလှသည်။ အဆိုတော်ရှုးတွေ၊ မင်းသားမင်းသမီးရှူးတွေသာ။

သူ့ကျမှ ထူးထူးဆန်းဆန်း။ ကိုယ်တုန်းကတော့ မင်းသမီးရူး ရူးခဲ့ပေမင့် အိမ်ကမိဘတွေက လုံးဝအားမပေးခဲ့ကြ။ အခု သူမ မိဘအလှည့် ရောက်လာပြီး အားပေးအားမြှောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့ သားလုပ်သူက နည်းနည်းမှ စိတ်မဝင်စား။ လောကကြီးက တော်တော်ခွကျ၏။

အခန်းထဲက mom ပြန်ထွက်သွားတော့ စိတ်ကောက်သွားတဲ့ ချိုလီကိုချော့ဖို့ သူ ကွန်ပျူတာရှေ့ ရောက်သွားသည်။ သူနဲ့ချိုလီ နေ့လယ်နှစ်နာရီခွဲလောက်မှာ ဂမုန်းပွင့် ကားပါကင်မှာ ဆုံကြဖို့ အချိန်းအချက် လုပ်ပြီးသား။ မမ့်အလစ်မှာ သူ့ရဲ့ဒီဇိုင်နာ မမသက်ထားကို အောက်ခဏလေး ဆင်းချင်လို့ပြောပြီး သူ ခွတ်ထွက်လာခဲ့သည်။ သူ ရောက်တော့ သင်းက ရောက်မလာသေး။ ဒီတော့ မိုးတိုးမတ်တတ် ရပ်မနေတော့ဘဲ Alwasy Cafe ထဲ ဝင်ထိုင်နေခဲ့သည်။ ဒီကနေ့ ချိုလီအလာကို မြင်တွေ့နိုင်သည်လေ။ အကယ်၍ mom ကအရင်ဦးပြီး ရောက်ချလာခဲ့ရင်လည်း သူဆင်ခြေပေး၍ ရသည်။ အဓိက,က mom နဲ့ ချိုလီ တည့်တည့်မတိုးဖို့။

ကြိုတင်ကာကွယ်သောအားဖြင့် ဆိုင်ထဲက အစ်မတစ်ယောက်ကို မိတ်ဖွဲ့ပြီး ကော်ဖီအတူ ထိုင်သောက်နေခဲ့သည်။ ချိုလီရောက်လာမှာ သူသိသည်။ ရှိုးလျှောက်တော့မှာမို့ မာမီက သူ့ဖုန်းကို ယူထားတာမို့ ချိုလီ သူ့ကိုဖုန်းဆက်၍ ရမည်မဟုတ်။ ဘယ်လောက်တောင် ဒေါ်ဖောင်းသွားသလဲတော့ မသိ၊ အခုအချိန်အထိ ဖုန်းပိတ်ထားတာပဲကြည့်။





ထင်သည့်အတိုင်း line ပေါ်မှာ ချိုလီ မရှိ။ သူ message တစ်စောင်ရေးပြီး ပို့ထားလိုက်သည်။ ချိုလီနဲ့ သူက ILBC တက်ကတည်းက အတူတူ၊ ICGSE အောင်တော့လည်း အတူတူ။ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်လို့တောင် ပြော၍ရသည်။

ရုတ်တရက် သူ့အတွေးထဲကို အမျိုးသမီးတစ်ယောက် ဝင်လာသည်။ သူ့နာမည်တောင် သိခွင့်မရှိလိုက်သည့် အမျိုးသမီး။ အင်္ကျီအစိမ်း ဝတ်ထားတာမို့ သူ "green"လို့ နာမည်ပေးခဲ့သည်လေ။ သူ့ထက် မကြီးဘူးဆိုတောင် သုံး,လေး,ငါးနှစ်လောက် ကြီးမယ့်ပုံ။ ရှိန်ခြင်း၊ ဖိန်ခြင်း၊ အထာပဏာကိုင်ခြင်း မရှိသလို ကလက်တက်တက် အနေအထားမျိုးလည်းမဟုတ်။ first sight ပေမယ့် သူမနှလုံးသားက နွေးထွေးနေတာ သူ ခံစားသိရှိမိပါသည်။

"အခြေအနေပေးရင် ပြန်တွေ့ချင်ပါသေးတယ် မမ green ရယ်"

သူ အသံထွက် ရေရွတ်ရင်း စိတ်ကောက်သွားတဲ့ ချိုလီကို ချော့ဖို့ သူ ဖုန်းခေါ်မိပြန်ပါသည်။ သုံးကြိမ်လောက်ခေါ်မှ မယ်မင်းကြီးမ ဖုန်းကိုင်ပြီး ဆောင့်ကြီး အောင့်ကြီး ထူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကောင်စုတ်၊ ဘာလဲ ပြော"

"so sorry ပါ ချီလီရာ"

"နင့်မယ်တော်ရဲ့ အာဏာကို မလွန်ဆန်နိုင်ရင်လည်း အလုပ်မပေးနဲ့လေဟာ၊ အခုတော့ ငါ့မှာ သောက်ပေါလုံးလုံးဖြစ်လို့၊ ငါ စိတ်ပေါက်ပေါက်နဲ့ အပေါ်ထပ်တပ်ခဲ့မလို့ပဲ၊ နင့်ကိုတွေ့ရင် ဒေါသမထိန်းနိုင်မှာစိုးလို့"

"ငါလည်း ထွက်ခဲ့တာပဲ၊ မာမီ လိုက်ခေါ်တော့ မတတ်သာလို့ ပြန်လိုက်သွားရတာ"

ချီလီစိတ်ပြေအောင် သူ့မှာ ဆယ့်ငါးမိနစ်လောက်ကို ချော့ယူရသည်။ ရှားရှားပါးပါး သူ့ရဲ့သူငယ်ချင်းကောင်မလေးကို လက်လွှတ်ဆုံးရှုံး မခံနိုင်ပါ။

"ပြောစမ်းပါဦး၊ ရှိုးလျှောက်တဲ့ feel လေး ... ဟဲ ဟဲ"

ချီလီက သူ့ကို ကြာကြာစိတ်ကောက်တတ်သည့် မိန်းကလေးမဟုတ်။ ဒီစကားကြားတာနဲ့ သူမ စိတ်ပြေသွားတာ သိလို့ သူလည်း ရင်အတော်အေးသွားသည်။

"မထူးခြားပါဘူး၊ ပွဲမဝင်ခင်ကတည်းက အထပ်ထပ် လျှောက်ခဲ့တာပဲ၊ ဒါပေမဲ့ လူတွေအများကြီး ရှေ့မှာဆိုတော့ တစ်မျိုးပေါ့၊ တစ်မျိုးပေါ့ဟာ"





"ဟား ဟ ... ငါလည်း နင့်ပုံကို လာကြည့်ချင်ပါတယ်၊ စိတ်ကလည်း တိုနေတာမို့ နင့်ကို အားပေးနိုင်မှာမဟုတ်လို့၊ နင့်မမ်က နင့်ကို အဲဒီလိုင်း သွင်းပေးချင်ပုံပဲ၊ နင့်စတိုင်လ်နဲ့ဆို ဖြစ်လောက်ပါတယ်၊ အားပေးပွဲမိုးပေးမယ့် mother ကြီး တစ်ယောက်လုံး ရှိနေတာပဲ၊ စိတ်ကူးမလွဲစမ်းပါနဲ့"

ဟိုတစ်ဖက်က ချီလီ့စကားကြောင့် ဝတီထက် ဆံပင်ထဲ လက်ထိုးဖွရင်း ခပ်ဟဟ ရယ်နေသည်။ မင်းသားလုပ်ဖို့ဆိုတာ သူ စိတ်ကူးတောင် မယဉ်ဘူးတဲ့ အိပ်မက်ပါ။ သူက ပညာတတ်တစ်ယောက်ပဲ ဖြစ်ချင်သည်။ နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ သူ့ရဲ့အရည်အချင်းနဲ့ ထိုက်သင့်တဲ့ ရာထူးတစ်ခု ရယူလိုသည်။

"တကယ်တော့ နင်က အတွေးအခေါ်ကိုကအစ ကြောင်တောင်တောင်နိုင်တဲ့ကောင် တစ်ယောက်ပဲ၊ နင့်ရဲ့လက်ရှိ အနေအထားနဲ့ ကောင်းကောင်းကြီး ကဲလို့ရနေတဲ့ဟာကို"

ချီလီရဲ့နောက်ဆက်တွဲစကားကို သူ ချေပမယ် ပါးစပ်ပြင်ပြီးမှ ဘရိတ်အုပ်လိုက်ရသည်။ အခုမှ စိတ်ဆိုးပြေစ ရှိသေးတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



## ၅

“တောက်”

ငွေသံလွင် စာရေးနေရာက အိပ်ရာပေါ်မှာ မျက်စိသူငယ် နားသူငယ်နဲ့ လဲလျောင်းနေရှာတဲ့ ဖုန်းကိုကြည့်ပြီး တက်တစ်ချက် ပြင်းပြင်းခေါက်မိသည်။ ဒီလူ တော်တော်တရားလွန်သွားပြီ။ မခံချင်မှုနဲ့ ဒေါသတို့ရဲ့ ခြယ်လှယ်မှုဒဏ်ကြောင့် သံလွင် စာဆက်ရေးမရအောင် အာရုံပျက်သွား၏။

“မိုးလရွှေညို ... နင် တကယ်နေနိုင်သွားပြီပေါ့လေ”

စာရွက်တွေကို ဖိုင်ထဲထိုးသွင်းရင်း သံလွင် အံကြိတ်သံလေးနဲ့ တီးတိုးပြောလိုက်၏။ ရတယ်လေ ... ပြဿနာမရှိပါဘူး။ ဖုန်းကိုကောက်ကိုင်ပြီး သံလွင် အင်တာနက်ဖွင့်လိုက်သည်။ ပြီးတော့ face book ထဲဝင်ပြီး သူငယ်ချင်းတွေနဲ့ chatting ထိုင်





နေလိုက်သည်။ တစ်သက်လုံးက ပေးဖို့မစဉ်းစားဘူးတဲ့ သံလွင်ရဲ့ဖုန်းနံပါတ်ကို စိတ်လိုလက်ရ ပေးပစ်လိုက်ပါသည်။ နင်မဆက်လည်း ငါ့ကို ဖုန်းဆက်ချင်တဲ့သူတွေ တန်းစီနေတာ နင်မသိသေးဘူး ထင်ပါရဲ့ ရွှေညို။

သူငယ်ချင်းတစ်ယောက် တင်လိုက်တဲ့ ဂမုန်းပွင့်မှာလုပ်တဲ့ show ပွဲရဲ့ မြင်ကွင်းတစ်ခုကိုအတွေ့ သံလွင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ စတိုင်လ်အပြည့်နဲ့ ရပ်နေတဲ့ကောင်လေးက သံလွင်နဲ့ တစ်စားပွဲတည်းထိုင်ပြီး ကော်ဖီအတူသောက်ဖို့ အကူအညီတောင်းခဲ့တဲ့ ဝတီထက်လေ။ မင်းသားလို့များ ထင်နေကြလား မသိ။ Like တွေ Comment တွေက ပလူပျံနေ၏။

“green” ရုတ်တရက် သူပေးတဲ့နာမည်တစ်ခုကို အမှတ်ရသွားပြီး သံလွင် ပြုံးမိသည်။ သူတို့သားအမိ ပြောစကားအရ ဒီကောင်လေးက နိုင်ငံခြားက ပြန်လာတာ မကြာသေး။ ပြီးတော့ သူ့အမေကို ခေါ်ပုံလည်းကြည့် မမ်တဲ့။ မာမီဆို မာမီပေါ့။ သူ့ကိုယ်သူတော့ အိုင်ကတဲ့။ ကြည့်ရတာ ငယ်ငယ်လေးကတည်းက နှုတ်ကျိုးနေတဲ့ပုံ။ နားထဲမှာတော့ တော်တော်ကိုဆန်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူ ဘာစာတ်လမ်းထွင်တာလဲ သိခွင့် မရလိုက်တာမို့ သံလွင် မချင့်မရဲ ဖြစ်မိတာတော့ အမှန်။

ရုတ်တရက် ဖုန်းထ,မြည်တာမို့ သံလွင် လန့်ဖျပ်သွားသည်။

"အေး ... သီရိ ပြော"

"မိန်းမ အခု ဘာလုပ်နေလဲ"

"face book သုံးနေတယ်"

"ထမင်းရော စားပြီးပြီလား"

"အင်း"

"နေရော ကောင်းရဲ့လား"

"အေးပါ ... ဘာပြောမှာမို့ လျှာရှည်နေရတာလဲ"

သီရိ ဒီလောက် စကားကြိုခံနေကတည်းက တစ်ခုခု ဆိုတာ သံလွင် အတပ်သိလိုက်တာမို့ စိတ်ထဲထင့်သွားသည်။

"နင့်ရဲ့ 'မိုးလရွှေညို' ဆော်တစ်ပွေနဲ့တွဲနေတာ ငါမျက်စိနဲ့ မြင်ခဲ့တယ်၊ နင်တို့က ဘာလဲ၊ ပြတ်သွားပြီလား"

သံလွင် နှုတ်ခမ်းကို နာနာလေး ဖိကိုက်လိုက်သည်။ သင်းက ဝှက်ဖဲတွေ ရှိနေတာမို့ အနေအစား မပျက်တာကိုး။

"သံလွင် ... နင် Shock ဖြစ်သွားမှာ ငါ ကြိုသိလို့ ပြောသင့် မပြောသင့် ချိန်ပါသေးတယ်"





"သွားစမ်းပါ၊ ဘာ shock မှ မဖြစ်ဘူး၊ ငါလည်း ထင်ပါတယ်၊ ဒီကိစ္စက ငါနဲ့ပြတ်ပြီးမှ ဖြစ်တာမဟုတ်ဘူး၊ အရင်ကတည်းကိုက သူ့မှာ ဒိုင်လျှိုတွေ ရှိနေတာကိုး"

"ဒီတော့ နင် ဘာဆက်လုပ်မလဲ၊ နင်တို့ကြိုက်ခဲ့ကြတာ သုံးနှစ်တောင်နော်၊ နမြောဖို့ ကောင်းလိုက်တာ"

"ဟုတ်ပါ ... နမြောဖို့ ကောင်းလိုက်တာ၊ လူကိုအရှုံးမကြီး ကျနေတာပဲ၊ သူ ငါ့ကွယ်ရာမှာ ငါ့ကို ဘယ်လောက်တောင် လှောင်ပြောင်သရော်နေလိုက်မလဲလို့"

သံလွင် ဦးနှောက်ကို အလျှင်အမြန် လုပ်ပေးနေမိသည်။ ငွေသံလွင်ကို ဒီလိုကျောလို့ ရရိုးလား မိုးလရွှေညို။ ဖောက်ပြန်တတ်တဲ့နင့်ကို မက်လို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ ငွေသံလွင်က အလွယ်တကူ အနုပ်ခံမယ့်မိန်းမ မဟုတ်ဘူးဆိုတာ နင်သိအောင်တော့ လက်တွေ့ပြမှ ဖြစ်မယ်။

"နင် ဘာတွေစဉ်းစားနေတာလဲ သံလွင်"

"ဒီဘဲကို ငါ ပညာပေးဖို့ စဉ်းစားနေတာလေ၊ နင် သူ့ကို ဆော်တစ်ပွေနဲ့ တွေ့ခဲ့တာ သေချာပါတယ်နော်"

"ဩော် ... မသေချာဘဲနဲ့ ငါပြောမလား၊ Traders ကနေ တွဲထွက်လာတာ၊ ပခုံးတောင် ဖက်ထားလိုက်သေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆော်က အလန်းနော်၊ ငါတို့ထက်တော့ ကြီးပုံပဲ၊ ကိုယ်လုံးလည်း ရှယ်ပဲ”

မကြားချင်ဘဲနဲ့ နားဆင်ရတာလောက် အခံရခက်တာ မရှိ။ ကြည့်ရတာ ဒီမိန်းမ သူ့ရဲ့ Business partner များ ဖြစ်နေမလား။ “မိုးလရွှေညို”ဆိုတဲ့ သင်းအကြောင်းကို သူမ ကောင်းကောင်း သိသည်ပေါ့။ စီးပွားရေးနဲ့ ပတ်သက်လာရင် မျက်နှာကိုရော၊ လေသံကိုပါ ဖယောင်းလို ပုံသွင်းတတ်သူလေ။

“ကျေးဇူးပဲ သီရိ၊ ဆက်မပြောနဲ့တော့နော်၊ နင်ဆက်ပြောနေရင် ငါ ဖုန်းကိုကိုင်ပေါက်မိမှာစိုးလို့ ... see you”

ဖုန်းချပြီးတော့ သံလွင် ငိုမိသည်။ မငိုစမ်းနဲ့ သံလွင်။ ဒီလိုလူမျိုးအတွက် မျက်ရည်ကျစရာ ဘာအကြောင်းလဲ။ ထုတ်စမ်းပါ နင့်ရဲ့ဉာဏ်လက်နက်တွေကို။ ပြီးတော့ သူ့ကို တည့်တည့်ထိအောင်သာ ပစ်ချလိုက်။ ငရဲမကြီးတတ်ပါဘူး။





## ၆

မိုးလ trading ကုမ္ပဏီရှေ့က ရှမ်းရိုးရာအစားအစာဆိုင်ထဲမှာ သံလွင် ရောက်နေတာ မနက်ဆယ်နာရီကတည်းက။ ယောကျ်ားတစ်ယောက်ကို လိုက်ချောင်းရတာလောက် ရှက်စရာကောင်းတာ မရှိလို့ ခံယူထားသူမို့ ကိုယ့်ကိုယ်ကိုယ် ငွေသ ွင် မဟုတ်ဟု ယူဆပြီး အဆင်အပြင် အသွင်ဒီဇိုင်းကို ပြောင်းထားခဲ့သည်။ ဒါမှ နေသာထိုင်သာ ရှိမှာလေ။

ဆံပင်တွေကို စုလိပ်တင်ပြီး ကတ်ဦးထုပ်တစ်လုံးကိုဆောင်း၊ အနက်ရောင်စပို့ရှပ်တစ်ထည်နဲ့ အစိမ်းနဲ့အနက်ပြောက်ကျား ကွာတားဘောင်းဘီကို တွဲဖက်ဝတ်ဆင်ပြီး ရောင်မျက်မှန်တစ်လက်ကို တပ်ထားသည်မို့ ငွေသံလွင်ရဲ့အသွင်သဏ္ဍာန်က လုံးလုံးပျောက်ဆုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းခေါက်ဆွဲတစ်ပွဲကို တူနှစ်ချောင်းနဲ့ လက်က သမအောင် မွှေနေပေမင့် အကြည့်တွေကတော့ ရှေ့မျက်နှာစာမှာ ရှိတဲ့ ကုမ္ပဏီကိုသာ ရောက်ရောက်နေပါသည်။ ကုမ္ပဏီရှေ့က ကားပါကင်မှာ အခုအချိန်အထိ သူ့ကားကို မတွေ့သေး။ သူ့ကားက RAV-4 ငွေမင်ရောင်။

မကြာပါ။ သူ့ကားက သံလွင့်မြင်ကွင်းထဲ ဝင်လာသည်။ ကားပေါ်က ဟန်ပါပါဆင်းလာတဲ့ သူ့ style က အရင်ကထက်တောင် သွက်လက်တက်ကြွနေသလိုလို။

"သေနာကျ ... ငါနဲ့ပြတ်လို့ တော်တော်ပျော်နေတဲ့ပုံပဲ"

တစ်ဖက်ကားတံခါးဖွင့် ဆင်းလာတဲ့ အမျိုးသမီးကို အတွေ့ သံလွင် အမျက်ချောင်းချောင်း ထွက်လာသည်။ မြန်မာ အမျိုးသမီးဝတ်စုံကို ဝတ်ဆင်ထားတဲ့ သူမရဲ့ကိုယ်လုံးက အပို အလိုမရှိ ကွက်တိကျနေတာ အဝေးကနေတောင် ထင်းခနဲ မြင်သာနေသည်။ ဒါ သီရိပြောသည့် အမျိုးသမီးပဲ ဖြစ်မည်။

စိတ်တွေကို ဘရိတ်အုပ်မိပေမင့် သူက ကိုယ့်ထိန်းချုပ်မှုကို မနာခံဘဲ ဇွတ်တစ္စတ်နိုင်နေတာမို့ သံလွင် လွတ်လပ်ခွင့် ပေးလိုက်ပါသည်။

"ဒီမှာ ပိုက်ဆံထားခဲ့ပြီနော်"





ခပ်သွက်သွက်ပဲ ဆိုင်ထဲက ပြေးထွက်ပြီး သူတို့ နှစ်ယောက်နောက်မှ ကပ်ပါလာခဲ့သည်။ ကုမ္ပဏီရုံးခန်းက လေးလွှာမှာလေ။ သူတို့ ဓာတ်လှေကားစီးကြမှာ၊ ဒီတာဝါ အပေါ်ဆုံးထပ်မှာ coffee shop တစ်ခု ရှိသည်။ အရင်က သူနဲ့ သံလွင် အမြဲထိုင်နေကျပေါ့။

"အို ... ဟဲ့ ဟဲ့ ... လူကိုလည်း ဝင်တိုက်မိပါဦးမယ်"

ဓာတ်လှေကား ဖွင့်ဖွင့်ချင်း သံလွင်က ဦးအောင် အတင်းလိုဝင်တာမို့ ထိုအမျိုးသမီးက မကြည်ရပ်နှင့် တိုးစိစိ ပြောသည်။ ဘာပြောပြော သောက်အရေးကို မစိုက်သေးဘူး။ အဓိက,က ရွှေညို သူမကို မမှတ်မိဖို့ သံလွင် အရင်ဦးအောင် ဝင်ထားရမည် မဟုတ်လား။

"မိုးလ ... အတီ ပြောထားတာ မမေ့နဲ့နော်၊ ဦးသက်အောင်နဲ့ စကားပြောရင် ပြေပြေလည်လည် ပြောနော်"

"သိပါတယ် အတီရယ်၊ ဒီစကား အတီပြောတာ ရေထားရင် အခါတစ်ရာကမလားပဲ"

"အတီ" ဘယ်လိုနာမည်ကြီးပါလိမ့်။ မြင့်မားတဲ့ အရပ်အမောင်းနဲ့ သူ့ပခုံးသာသာလောက်ရှိသော ထိုအမျိုးသမီးကို ငုံ့ကြည့်ပြုံးနေပုံက တကယ် နွေးထွေးမှုအပြည့်၊ ဆွဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



ထုရိုက်ချင်စိတ်တွေ တဖွားဖွား ပေါ်လာတာမို့ သံလွင် မနည်းကြိုး ချုံးနှိမ်နေရသည်။

ရုတ်တရက် သံလွင့် အကြည့်က ထို"အတီ"ဆိုသော အမျိုးသမီး စီးထားသည့် နှစ်လက်မနီးပါးမြင့်သော Pencil heel ဆီ ရောက်သွားသည်။ ငါးမရ ရေချိုးပြန်ရုံပေါ့။ နည်းနည်းလောက်တော့ ပညာပေးရမည်။ သုံးလွှာရောက်တာနဲ့ သံလွင် ဒူးကိုသာသာလေးကွေးပြီး ရှေ့မှာရပ်နေတဲ့ ထိုအမျိုးသမီးရဲ့တံကောက်ကွေးကို ချိန်ပြီး တိုက်ပစ်၍ ဓာတ်လှေကားထဲက ကတိုက်ကရိုက် ထွက်လာခဲ့သည်။

"အို ... အမေ့"

လဲပြိုသံနဲ့အတူ သူမဆီက အာမေဋိတ်သံ ထွက်ပေါ်လာသည်။ သို့ပေမင့် ဓာတ်လှေကားတံခါးကတော့ ပိတ်သွားပြီဖြစ်သည်။ သုံးလွှာက LCCI သင်တန်းတစ်ခုမို့ သံလွင် ခပ်တည်တည်နှင့် reception မှာဝင်ပြီး သင်တန်းအကြောင်း စုံစမ်းနေလိုက်သည်။

ဘာပဲဖြစ်ဖြစ် သူ့ဟာမကြီးကို ပညာပေးလိုက်ရသည့်အတွက် သံလွင် နေသာထိုင်သာ ရှိနေ၏။ အာပေါင်အာရင်းသန်သန်နဲ့ သင်တန်းအကြောင်း ရှင်းပြနေသည့် receptionist





မျက်နှာကို ပြုံးစေ့စေ့နှင့် ကြည့်နေမိကာ ရင်ထဲက အူမြူးမှုတစ်ခုကြောင့်ပဲ ဖြစ်မည်။

အဆင်းဓာတ်လှေကားထဲ သံလွင် ဝင်မိမိချင်းမှာပဲ ရူးတောက်သော မျက်ဝန်းများဖြင့် စိုက်ကြည့်နေတဲ့ ရှေ့သို့ကို တွေ့လိုက်တာမို့ လက်ဖျားခြေဖျားတွေ အေးစက်သွားသည်။ ဟင့်အင်း ... သူ သံလွင့်ကို မမှတ်မိနိုင်ပါဘူးလေ။ ခပ်တည်တည်နဲ့ သံလွင် သူ့ကို ကျောပေးရပ်လိုက်သည်။

အောက်ဆုံးထပ်ရောက်တော့ သံလွင် အပြင်ထွက်ဖို့အားယူတုန်း သူက သံလွင့်လက်ကို နောက်ကနေ လှမ်းဆွဲထား၏။

"ဘာလုပ်တာလဲ"

မတတ်သာ၍ သံလွင် သူ့ကိုလှည့်ပြီး ရင်ဆိုင်လိုက်ရသည်။ သူက သံလွင့်လက်ကို လွှတ်မပေးဘဲနှင့် သူ့နားအရောက်ဆွဲခေါ်ပြီး ဓာတ်လှေကားနံရံမှာ ကပ်ရပ်နေ၏။ အပေါ်ထပ်တက်ဖို့ ဝင်လာကြတဲ့သူတွေ ရှိတာမို့ သံလွင် မကျေနပ်သော်လည်း အောင့်အည်းသည်းခံနေရပါသည်။

သူနှိပ်လိုက်တဲ့ နံပါတ်က တာဝါအပေါ်ဆုံးထပ်။ ကော်ဖီဆိုင်မှာ သံလွင်နဲ့ အပြတ်စာရင်းရှင်းဖို့ သူ တေးထားတဲ့ပုံ။ သူ့နှုတ်ခမ်းတွေက တင်းတင်းစေ့နေ၏။ ငွေသံလွင်ကရော ကြောက်



www.burmeseclassic.com

www.burmeseclassic.com



မယ်များမှတ်လို့။ ဒီနေ့ အိတ်ထဲမှာ ပိုက်ဆံပါသည်။ အကယ်၍ များ တစ်ယောက်တစ်ခွန်း စကားထ,များပြီး စိတ်မထိန်းနိုင်ဘဲ ဝုန်းဒိုင်းကြဲမိရင် အလျော်အစား လုပ်လို့ရသည်မို့ confident ရှိနေပါ၏။

ဓာတ်လှေကားတံခါးပွင့်တော့ သံလွင်နဲ့သူ ဓာတ်လှေကားထဲက အတူထွက်ခဲ့ကြသည်။ ထုံးစံအတိုင်း သူက ထောင့်စားပွဲကို ရွေးချယ်ပါ၏။ ဟိုအရင်လို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နှစ်ကိုယ်ကြား ချစ်စကားလေးတွေ ပြောဖို့အတွက်တော့ မဟုတ်။ ရန်ကျိတ်ဖြစ်လို့ကောင်းမယ် ထင်ရလို့ပဲ ဖြစ်မည်။

waiter တစ်ယောက်ကို ကော်ဖီနှစ်ခွက်မှာပြီး သံလွင့်ဘက် သူ လှည့်လာသည်။

"ငွေသံလွင် … မင်းကို ငါ အဲဒီလောက်ထိ ကလေးဆန်ပြီး စိတ်ဓာတ်သိမ်ဖျင်းမယ်လို့ မထင်မိဘူး၊ မင်းပုံစံလည်း မင်း ပြန်ကြည့်စမ်းပါဦး၊ မင်း မရှက်ဘူးလား"

သံလွင် ဦးထုပ်ကို ဆွဲချွတ်၊ မျက်မှန်ကိုချွတ်ပြီး ဒီစကားတွေ ပြောလာတဲ့ သူ့မျက်ဝန်းတွေဆီ တည့်တည့်စိုက်ကြည့်ပစ်လိုက်သည်။





"မရှက်ဘူးလား … ဟုတ်လား၊ အဲဒီစကားက နင့်ကိုယ်နင် ပြန်မေးရမှာ၊ လူမြင်ကွင်းမှာ အဲဒီမိန်းမကြီးနဲ့ အကြည်ဆိုက်နေတာ နင် မရှက်ဘူးလား"

"စကားကို ဆင်ဆင်ခြင်ခြင် ပြောပါ ငွေသံလွင်၊ မသိဘဲနဲ့ ရမ်းသမ်းစွပ်စွဲတာမျိုးကို ငါ သိပ်မုန်းတာ မင်းမေ့နေတာလား"

"စွပ်စွဲတယ် … ဟုတ်လား၊ မျက်စိနဲ့ တပ်အပ်မြင်တာတောင် မုန်လာဥ လုပ်နေတာမျိုး ငါလည်း သိပ်မုန်းတယ်"

Waiter က ကော်ဖီနှစ်ခွက် လာချပေးတာမို့ သူနဲ့ သံလွင် မနည်းကိုယ်ရှိန်သတ်လိုက်ရသည်။ waiter သံလွင်တို့ အနားက ထွက်ခွာသွားပြီဆိုမှ နှစ်ယောက်သား မျက်နှာချင်းပြန်ဆိုင်လိုက်ကြသည်။ ပြီးတော့ သူက သံလွင့်အရှိက်ကို ထိစေနိုင်သော စကားလုံးတွေနဲ့ ပစ်ပေါက်တော့သည်။

"မင်းနဲ့ငါက ပြတ်သွားပြီးပြီပဲ၊ ငါ့ဘာသာငါ ဘယ်သူနဲ့ အကြည်ဆိုက်ဆိုက် မင်းနဲ့ ဘာဆိုင်လဲ"

မျက်ဝန်းကို တမင်တကာမှေးစင်းပြီး မထိတထိအပြုံးနဲ့ အကျောတင်းတဲ့ သူ့ရုပ်ကို သံလွင် စိတ်ရှိလက်ရှိကုတ်ဖဲ့ပစ်လိုက်ချင်ပါသည်။ ထွက်လာတဲ့ ဒေါသအပြုံလိုက်က ရှေ့က ကော်ဖီခွက်ကို တစ်ကျိုက်တည်း မော့ချပြီး မဖြေဖျောက်မိပါသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း တစိုးတစိတောင် လျှော့ပါးမသွားပါချေ။ ဦးနှောက်ကလည်း သူ့စကားတို့ကို တန်ပြန်နိုင်မည့် စကားလုံးတို့ကို စိစစ်ရွေးချယ်နေမိသည်။

"ငါကရော နင့်ကို သိပ်ချစ်လို့ နင့်နောက်က လိုက်နေတယ်များ ထင်နေလို့လား"

"ဒါဆို ဘာကြောင့်လဲ၊ ဘာကြောင့် ဒီနေရာကို ဒီလိုပုံစံမျိုးနဲ့ မင်းရောက်လာပြီး နှောင့်ယှက်ရတာလဲ ငွေသံလွင်"

"နှောင့်ယှက်ပါတယ်ဆိုမှ အမြင်ကတ်လို့ပေါ့ မိုးလရွှေညို၊ ရှင်းနေတာပဲဟာ၊ နောက်ပိုင်း နင် အေးအေးဆေးဆေးနေရမယ်လို့ ယောင်လို့တောင် တွေးမနေနဲ့၊ ငါ နင့်ကို နည်းမျိုးစုံနဲ့ နှောင့်ယှက်ဦးမှာ သဘောပေါက်ထား"

မိုးလရွှေညိုက စိတ်ပျက်ဟန်နှင့် တစ်ချက်ပြုံးလိုက်သည်။ ငွေသံလွင်ဆိုသည့် သူမကို သူ မကြိုက်တာ ဒါ။ အခုထက်ထိ ကလေးဆန်ချင်တုန်း။ ဆိုးချင်တုန်း။ စိတ်ထဲထင်တာ မှန်သမျှ အကုန်လျှောက်လုပ်တတ်သူ။ အရှေ့အနောက်မကြည့်။ ရင့်ကျက်မှုဆိုတာလည်း သူမဆီမှာ ရှာမတွေ့။

ဘဝဆိုတာ ဝတ္ထုတစ်ပုဒ်မှ မဟုတ်တာ။ သူမဝတ္ထုကို သူမစိတ်ကြိုက် ဖန်တီးနိုင်သလို အပြင်လောကမှာလည်း ဖန်တီးလို့ရမယ်များ ထင်မှတ်နေသလား မသိ။





"မင်း ဘယ်တော့မှ ပြောင်းလဲလာမယ့် မိန်းမမျိုးမဟုတ်ဘူး ငွေသံလွင်"

"နင် သိသင့်တာ ကြာပြီး ရွှေညို"

"မင်း ငါစိတ်ပျက်အောင် အကြိမ်ကြိမ် အခါခါ မလုပ်ပါနဲ့ ငွေသံလွင်၊ မင်း ဒါမျိုးတွေ ဆက်လုပ်နေရင် ငါ့နှလုံးသားထဲမှာ မင်း အငွေ့လေးအဖြစ်တောင် ကျန်တော့မှာမဟုတ်ဘူး"

သူ အတည်ပေါက်ကြီး ပြောနေတာမို့ သံလွင့် ရင်ထဲ လှိုက်တက်လာအောင် ဝိုချင်ပေမင့် ခပ်ပါးပါးအပြုံးတစ်ခု ဆင်မြန်းရင်း ဟန်ဆောင်လိုက်ပါသည်။

"ငါသွားမယ် ငွေသံလွင်၊ တကယ်တော့ မင်းတွေ့ခဲ့တဲ့ အမျိုးသမီးက ငါ့အဖေရဲ့ညီမအငယ်ဆုံး ငါ့အဒေါ်ပဲ။ သူက ငါတို့ကုမ္ပဏီမှာ ရှယ်ယာဝင်ထားတဲ့ ဒါရိုက်တာ တစ်ယောက်ပဲ၊ တလောလေးကမှ နိုင်ငံခြားက ပြန်ရောက်လာတာ"

"ဟင်"

ထွက်သွားတဲ့ သူ့ကျောပြင်ကိုကြည့်ရင်း ငွေသံလွင် လှမ်းခေါ်ရကောင်းနိုးနိုး၊ ပြေးလိုက်ရကောင်းနိုးနိုး၊ ကျန်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုးနိုးနှင့် နောက်ဆုံးတော့ သူက သံလွင့် မြင်ကွင်းထဲက ပျောက်ကွယ်သွား၏။ ငွေသံလွင် လုပ်လိုက်သမျှ သောက်တစ်လွဲ တွေချည်းပင်။





## ၇

အခုတလော အိမ်မှာနေရတာ အဆင်မပြေ။ တိုက်ပွဲ ခေါ်သံတွေက စီစီညံနေလို့လေ။ ဒက်ကတစ်မျိုး မန်ကတစ်သွယ်၊ သူက တစ်ဘာသာ။

သုံးယောက်တည်းရှိတဲ့ ဒီမိသားစုမှာ မဲသုံးမဲ ကွဲနေ တာမို့ စိတ်ပျက်စရာ။

ဒက်က သူ့ကုမ္ပဏီမှာ သူ့ကို အလုပ်ဝင်စေချင် သည်။ မမ်ကတော့ သူ့ကို အနုပညာလောကထဲ ခြေစုံပစ်ဝင်စေ ချင်ပြီး သူကတော့ နိုင်ငံခြားမှာ ကျောင်းဆက်တက်ပြီး ဟိုမှာပဲ အလုပ်လုပ်ချင်နေတော့ ဘယ်လိုမှ ညှိမရတဲ့ ပုစ္ဆာတစ်ပုဒ်ဖြစ် သွားပြီး သားအမိသားအဖသုံးယောက် ခေါင်းချင်းဆိုင်လိုက်တိုင်း အဖြေမရတဲ့ ဒေါသနဲ့သာ အဆုံးသတ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ခေါင်းထဲ ရောက်နေတဲ့ အရေးမပါတဲ့ အတွေးတွေကို မောင်းထုတ်ပစ်လိုက်စမ်းပါ ဝတီရာ၊ အချိန်တန်ရင် အဖြေတစ်ခုတော့ ထွက်လာမှာပဲ၊ အဖြေမထွက်ခင်စပ်ကြား ပျော်ပျော်ပါးပါး နေစမ်းပါ၊ ဒီအချိန်က နင့်အတွက် အပျော်ရှာဖို့ အကောင်းဆုံးအချိန်ပဲ"

ချီလီ့စကားတွေက အနည်းငယ် ပေါ့သွမ်းတယ်လို့ ထင်ရပြားလည်း လိုက်နာဖို့ အကောင်းဆုံး အကြံဉာဏ်မှန်း သူနားလည်လိုက်သည်။

"ကဲ ... ပြော၊ နင် ဘယ်သွားချင်လဲ၊ ဘာလုပ်ချင်လဲ"

"နေစမ်းပါဦး၊ ငါ မေးမယ် မေးမယ်နဲ့ နင့်အိမ်က နင့်ကို ဒီအတိုင်းပဲ လွှတ်ထားသလား"

ကားတစ်စီးနဲ့ ဒိုးချင်တိုင်း ဒိုးနေတဲ့ ချီလီကို သူ မေးခွန်းထုတ်မိသည်။ သူနဲ့ ချီလီ ICGES အောင်ပြီး နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ စီစဉ်နေကြချိန်မှာ ချီလီ့အဖေနှင့် အမေ ကွဲကြသည်။ အဖေက နောက်အိမ်ထောင်တစ်ခု ပြောင်ပြောင်တင်းတင်း ထူလိုက်ပြီး၊ အမေကလည်း အားကျမခံ နောက်အိမ်ထောင် ပြုသည်။ ဒီတော့ အရွယ်ရောက်နေပြီဖြစ်တဲ့ ချီလီ တစ်ယောက် အော်တိုမစ်တတ် အမေဘက်က အဘိုးအဘွားတွေဆီ ရောက်သွားသည်။





စိတ်ဒဏ်ရာ ရသွားမယ်လို့များ မထင်လိုက်ပါနှင့်။ အမေ့ဆီက မုန့်ဖိုးတောင်း၊ အဖေ့ဆီသွားပြီး လက်ဝါးဖြန့်နှင့် အလိုလိုက်သည့် အဘိုးအဘွားရင်ခွင်မှာ အကြီးအကျယ်ကို ကောင်းစားနေ၏။

"ဘာကို ပြောရမှာလဲ၊ ငါက ဘာမဟုတ်တာများ လုပ်နေလို့လဲ၊ နင်က ငါ့ကို စိတ်ပူလို့လား ဝတီ၊ ငါ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ်ဟ"

"မဟုတ်သေးဘူး ချီလီ၊ ငါ့အမြင် ပြောရရင် နင်လေနေတယ်၊ တကယ်ဆို နင် စင်ကာပူမှာ ကျောင်းသွားတက်သင့်တယ်၊ နင် အချိန်တွေကို အရည်ဖျော်ပစ်နေတာ ငါ သဘောမကျဘူး ချီလီ"

သူ့စကားကြောင့် ချီလီ အတန်ကြာ ငြိမ်သွားသည်။ ပြီးမှ ဖြောင့်ထားတဲ့ ဆံပင်စင်းစင်းလေးကိုသပ်ရင်း ခေါင်းမော့လို့ တစ်ချက်ရယ်သည်။

"အားလုံးက ကိုယ့်စိတ်ချမ်းသာ ပျော်ရွှင်မှုကိုပဲ ဦးစားပေးနေကြတဲ့အချိန်မှာ ငါလည်း ငါ့ပျော်ရွှင်မှုကိုရှာတာ ဘာဖြစ်သလဲ"

"နင့်အတွေးတွေ လွဲနေပြီ ချီလီ၊ နင့်ရင်ထဲမှာ ဒဏ်ရာတစ်ခု ရှိနေတာ ဘယ်သူမှ မမြင်နိုင်ပေမယ့် ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရတယ်၊ ကိုယ့်ဘဝ မြင့်မားဖို့အတွက် တာဝန်အရှိဆုံး လူသားဟာ ကိုယ်ကိုယ်တိုင်ပဲ ချီလီ၊ အမေလည်း မဟုတ်ဘူး၊ အဖေလည်း မဟုတ်ဘူး၊ နင်အစွဲ့တိုက်နေတာ ငါ သိတယ်"

"တော်ပြီ ဝတီ၊ တရားတွေ ဆက်ဟောနေမယ်ဆို ငါလစ်တော့မယ်"

ချီလီက ပေါင်ပေါ်မှာတင်ထားတဲ့ ကြိုးရှည်စလင်းဘက်ကို ဆတ်ခနဲ ကောက်လွယ်ရင်း သူ့ရှေ့က ထ,ထွက်သွားသည်။ မတတ်နိုင်ပါ။ အမုန်းခံပြီး ပြောသင့်တာကို ပြောရမည်။ သူငယ်ချင်းကောင်းတစ်ယောက် သူ ပီသချင်ပါသည်။

သူတို့နှစ်ယောက်ကို မျက်စောင်းထိုးစားပွဲတစ်ခုမှ အမျိုးသမီးတစ်ယောက် စူးစမ်းအကြည့်နှင့် ကြည့်နေသည်မှာ သူတို့နှစ်ယောက် ဒီဆိုင်ထဲ ဝင်လာကတည်းက။ သူကတော့ တခြားသူ မဟုတ်။ ငွေသံလွင် ဆိုသည့် စာရေးဆရာမတစ်ယောက်သာ ဖြစ်တော့သည်။

ကောင်မလေး ထထွက်သွားပြီ ဆိုတာနှင့် ရှေ့မှာ ရှိတဲ့ ice cream fruit dessert ဖန်ခွက်ကိုယူပြီး ငွေသံလွင် တစ်ယောက် ဝတီထက် စားပွဲဆီ ရွှေ့လာခဲ့သည်။

"ထိုင်မယ်နော် ဝတီထက်"





ကသုတ်ကရက်နှင့် သူ့ရှေ့ခုံမှာ ဝင်ထိုင်တဲ့ အမျိုးသမီးကို သူ မျက်မှောင်ကြုတ်ကြည့်မိသည်။ အနီရောင်ရဲရဲပွပွ ရှည်ရှည် အင်္ကျီလုလုလေးတစ်ထည်နှင့် စတော့ကင်တစ်ထည် တွဲဖက်ဝတ်ထားသည့် မိန်းမတစ်ယောက်၊ ဆံပင်လှိုင်းကြီးကြီး အလိပ်အကောက်တွေနဲ့ ကပိုကရိုဆန်နေ၏။ ဪ ... သူပါလား။ ရုတ်တရက် Always က အမျိုးသမီးကို အမှတ်ရရင်း သူ ဘဝင်ကျသွားသည်။

"ဪ ... အစ်မကိုး"

"ဟုတ်ပါ့ ... မင်း မှတ်မိသားပဲ"

"အစ်မလည်း ကျွန်တော့်ကို မှတ်မိတယ်နော်"

"အင်း ... သိပ်မှ မကြာသေးဘဲ ဝတီထက်"

အရည်ပျော်ရေခဲမုန့်နှင့် အသီးလက်ကျန်လေးတွေကို သံလွင် ဖွန်းနဲ့ခပ်စားရင်းက ကောင်လေးရဲ့မျက်နှာရိပ်မျက်နှာကဲကို လှမ်းဖတ်လိုက်သည်။ သူ အခုအချိန်မှာ သံလွင်နဲ့စကားပြောချင်စိတ် ရှိမည်မထင်ပါ။ သို့သော်လည်း သူနဲ့ ပထမဆုံးအကြိမ် တွေ့ခဲ့တုန်းက အဖြစ်အပျက်ကို သံလွင် သိချင်စိတ်ကြောင့် စပ်စုဖို့ လာခဲ့တာမို့ ရအောင်မေးဖို့ ဆုံးဖြတ်ထားပါသည်။

"မင်းကောင်မလေး စိတ်ကောက်ပြီး ထွက်သွားတာ အစ်မ တွေ့လိုက်တယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့ကွာ၊ မင်းခံစား



www.burmeseclassic.com

www.burmeseclassic.com



နေရတာတွေ ငါ့ကို ရင်ဖွင့်ပါ ဝတီထက်၊ ဒါဆို မင်း သက်သာသွားလိမ့်မယ်"

"ဗျာ"

သူ့ရှေ့မိန်းမရဲ့ စကားကြောင့် သူ အံ့အားသင့်သွားရာကနေ တဖြည်းဖြည်း ရယ်ချင်ဟသည်။ သူမက အပိုင်ကြီးကို ပြောချနေတာမို့လေ။ စတွေ့ကတည်းက သူမက တခြားမိန်းမတွေနဲ့ မတူမှန်း သူ ရိပ်စားမိခဲ့သည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် confident ရှိတာတော့ အမှန်။ ပြီးတော့ စိတ်ထင်ရာ လုပ်တတ်မယ့်ပုံမျိုး။

"အရင်ဆုံး အစ်မနာမည်လေး အရင်ပြောပြရင် ကောင်းမယ်၊ ဟိုတစ်ခေါက်က မမေးလိုက်မိဘူး"

"တို့နာမည်လား... ငွေသံလွင်တဲ့၊ စာရေးဆရာမ 'ဝသုန်ခါ' ဆိုတာ တို့ပေါ့"

"စာရေးဆရာမ"

မျက်ခုံးပင့် တအံ့တြသ ပြန်မေးဟန်ကြောင့် သံလွင် ပခုံးတွန့်ပြမိလိုက်သည်။

"Sorry နော်၊ ကျွန်တော် မကြားဖူးဘူး"

"ဘယ်ကြားဖူးမလဲ၊ တို့က bestseller မှ မဟုတ်သေးတာ"

"ကျွန်တော် ဝတ္ထုမဖတ်ဖြစ်ဘူး အစ်မရဲ့"





"သိပါတယ်၊ လူငယ်တိုင်း အားအားရှိ facebook သုံးနေတဲ့ ခေတ်ပဲဟာ၊ ပညာမရ၊ ဗဟုသုတမရ၊ ရန်ဖြစ်လိုက်၊ ရိလိုက် စောင်းလိုက်၊ ထိုးနှက်လိုက်၊ block လုပ်လိုက်နဲ့ အဆုံးသတ်တော့ မျက်စိမွဲ၊ အချိန်ကုန်၊ ဘောလ်ကုန်တာပဲ အဖတ်တင်တာ၊ ကံမကောင်းရင် လူလိမ်လူညာနဲ့တောင် ဖူးစာဆုံသွားနိုင်သေး"

"ဟား ... ဟား"

ဒီတစ်ခါတော့ ဝတီထက် ဟန်မဆောင်နိုင်ဘဲ ရယ်မိလိုက်သည်။ facebook ချစ်သူတွေသာ ကြားလို့ကတော့ သူမကို ဘယ်လောက်တောင် ကျိန်ဆဲကြမည် မသိ။

"ဘာရယ်တာလဲ မင်းက"

"အစ်မရော မသုံးလို့လား"

"သုံးတော့ သုံးပါတယ်၊ အလွန်အကျွံတော့ မဟုတ်ပါဘူး၊ အခု မင်း နည်းနည်းပေါ့သွားပြီ မဟုတ်လား"

သူမ ဘာကိုရည်ရွယ်မှန်း သူသိလိုက်တာမို့ "အင်း" ဆိုပြီး သံယောင်လိုက်လိုက်မိသည်။ စာရေးဆရာမရဲ့ ထူးထူးဆန်းဆန်း ဒဿနစကားတွေ ကြားချင်မိတာလည်း ပါလို့ ပါ။

"မိန်းကလေးတွေက ဒီလိုပဲဟဲ့၊ သူ ခုနက စိတ်တကယ် ကောက်သွားတာ ဟုတ်ချင်မှ ဟုတ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့"

"ဒီမှာ သေချာနားထောင် ဝတ္ထုထက်၊ ယောက်ျားလေး တိုင်း ရည်းစားထားတော့မယ်ဆိုရင် သိသင့်သိထိုက်တဲ့ အချက်အလက်တွေ ရှိတယ်"

ပခုံးကိုကျော်ပြီး ကျလာတဲ့ ဆံပင်တွေကို လက်ညှိုးနှင့် ထိုးလိမ်ရင်းက သူမက ဆရာမကြီး လေသံနှင့် ဆိုသည်။ သူကတော့ ငွေသံလွင် ဆိုသည့် စာရေးဆရာမကို အကြီးအကျယ် ကို စိတ်ဝင်စားနေမိပါပြီ။

"ဟုတ်ကဲ့ ... ပြောပြပါလား၊ ဗဟုသုတ ရတာပေါ့"

"ရည်းစားသက်တမ်း ရှည်ချင်ရင် ...

နံပါတ်တစ် ... ချော့တတ်ရမယ်၊

နံပါတ်နှစ် ... အမှတ်တရနေ့ရက်တွေကို မေးတိုင်းဖြေနိုင်အောင် memory ထဲမှာ save လုပ်ထားရမယ်၊

နံပါတ်သုံး ... မွေးနေ့မှာ လက်ဆောင်ပေးဖို့ မမေ့ပါနဲ့၊

နံပါတ်လေး ... သဝန်မတိုတတ်ရင်တောင် တစ်ခါတစ်ရံမှာ ဖြူးဖြူးဖြဖြနဲ့ သဝန်တိုပြရမယ်၊ တစ်ခါတစ်ရံပဲနော်"





"အမ် ... နံပါတ်သုံးအထိကတော့ ဟုတ်ပါပြီ၊ နံပါတ်လေးက ဘာကြောင့်လဲ"

"အဲဒါတွေ ခက်တာပေါ့၊ မိန်းမတွေက သူတို့ချစ်သူ သူတို့ကို သဝန်တိုတာ မသိစိတ်ကနေ ကျိတ်ခိုက်ကြတယ် ဟဲ့၊ လွန်တော့ မလွန်စေနဲ့ပေါ့၊ လွန်သွားရင် ရင်ခွင်ပြောင်း တတ်တယ်"

ဝတ္ထုထက် တစ်ယောက်ကတော့ စိတ်ဝင်စားစရာကောင်းတဲ့ ဝဿန်ခါဆိုတဲ့ စာရေးဆရာမရဲ့ လေကြောထဲမှာ နှစ်လိုခုံမင်စွာနဲ့ မျောပါသွားနေမိသည်။ သူမ ဘာကြောင့် လူတစ်ဖက်သားရဲ့စိတ်ကို ဆွဲဆောင်နိုင်ရတာပါလိမ့်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၈

"အဲဒီတော့ နင် ဘာဆက်လုပ်မယ် စဉ်းစားထားလဲ သံလွင်၊ နင်ကလည်း နင်ပဲ၊ စိတ်ထဲပေါ်ရာ လျှောက်လုပ်တော့ ပြဿနာတက်ပြီပေါ့၊ နဂိုကမှ မိုးလရွှေညိုက အခြေခပ်ကြီးကြီးရယ်"

သီရိ မေးခွန်းကို သံလွင် မဖြေမိတာ အဖြေမရှိသေးလို့ ဖြစ်သည်။ မိုးလရွှေညို အခြေကြီးတာ၊ မာနကြီးတာ၊ မထုံတက်တေးနိုင်တာ၊ သုံးနှစ်သုံးမိုးအတွင်းမှာ သံလွင် ကောင်းကောင်း သိထားခဲ့သည်ပဲ။

မိုးလရွှေညိုနှင့် သံလွင် တက္ကသိုလ် နောက်ဆုံးနှစ်မှာ စ,သိခဲ့ကြသည်။ သူက သံလွင်တို့ အတန်းကတော့ မဟုတ်။ ကျူရှင်ကတစ်ခုတည်းမို့ သိခဲ့ကြတာ။ သူ့ရဲ့မှန်ကုပ်ကုပ် မျက်နှာ





ပေးနှင့် တည်ငြိမ်တဲ့ အသွင်သဏ္ဌာန်ကို မိန်းကလေးအားလုံး အာရုံစိုက်မိကြပါသည်။ အဲဒီထဲမှာ ငွေသံလွင် ဆိုသည့် သူမက ထိပ်ဆုံးကပါ၏။ အရင်တုန်းက အရမ်းမိုက်တယ် သတ်မှတ်ခဲ့ဖူးတဲ့ သူမရဲ့ ရှတည်တည်ရုပ်နဲ့ အေးစက်စက်နေဟန်က သမီးရည်းစားဘဝမှာ သောက်မြင်ကတ်စရာ ကောင်းလိမ့်မယ်လို့ ထင်မှမထင်ခဲ့မိဘဲ။

"ရွှေညို ... မနေ့က အက်ဆေးတွေ ကော်ပီ ကူးပြီးပြီလား"

တီချယ့်အိမ်ရှေ့ အုတ်ခုံမှာ ထိုင်နေတဲ့ သူက သံလွင့်ကို တစ်ချက်မော့ကြည့်ပြီး ခေါင်းဆတ်ပြသည်။

"နင် ဒီနေ့ စောတယ်နော်"

"အင်း ... ဒက်ဒီ လမ်းကြုံလို့ ဝင်ပို့ပေးခဲ့တာ"

သိသားပဲ၊ သိလို့ကို သံလွင်လည်း တမင်စောလာခဲ့တာပေါ့။ အခု သူနဲ့ သံလွင် နှစ်ယောက်တည်း ကျူရှင်မှာ စောရောက်နေကြပြီ။ ဒီတော့ သံလွင် ဘာဆက်လုပ်ရမလဲ။ ထွက်စမ်း ခေါင်းထဲက အကြံတွေ။ အုတ်ခုံပေါ်မှာ သံလွင် ဝင်ထိုင်တော့ သူက မသိမသာလေး တစ်ချက်ငဲ့စောင်းကြည့်ပြီး လက်ထဲကဖုန်းဆီ ပြန်အာရုံပြုထား၏။



www.burmeseclassic.com

www.burmeseclassic.com



သံလွင် အိတ်ထဲကနေ ချောကလက်တောင့်ကိုဆုတ်ပြီး စားနေလိုက်သည်။ သူ သံလွင့်ကို စိတ်ဝင်စားလာအောင် ဘယ်လိုလုပ်ရမလဲ အကြံထုတ်ရင်းပေါ့။ ချောကလက်တန်ခိုးကြောင့် romance ဆန်ဆန် idea လေးတွေ ရလိုရငြားပေါ့။

ကွင်းထိုးဒေါက်ဖိနပ်ကို ချွတ်ရင်း ချောကလက်စားလို့ သူ့ဆီ သံလွင် မျက်လုံးဝင့်ကြည့်လိုက်သည်။ သူကတော့ ဂိမ်းအဆော့မပျက်။

"ရွှေညို ... ချောကလက် စားပါဦး"

"နင့်ဘာသာနင် စားပါ၊ အိမ်ထဲဝင်နေလေ၊ နေရှိန်တယ်"

ဟင်း ... သံလွင့်ကို ဒီလိုပ,ထုတ်လို့ ရရောလား၊ ရုတ်တရက် သူ့အကြည့်က သံလွင့်ခြေထောက်အောက် ရောက်သွားပြီး အထိတ်တလန့် မျက်နှာပေးနှင့် ထ,အော်သည်။

"ငွေသံလွင် ... နင့်ခြေထောက်အောက်မှာ ..."

ဟား ဟား ... ဒီအမူအရာ အပြောင်အနောက်မျိုးကတော့ သံလွင်တို့က ရိုးပါသည်။

"အောက်မှာ မြေကြီး၊ အပေါ်မှာ ကောင်းကင်၊ အဲဒါဘာဖြစ်လဲ၊ မလုပ်နဲ့ ရွှေညို၊ ငွေသံလွင့်ကို ဒါမျိုးလာမလုပ်နဲ့"

"နင့်အမေကြီးတော် ... မြွေဟဲ့ မြွေ"





သူ့ထပ်ဆင့်စကားကြောင့် သံလွင် ငုံ့အကြည့် သံလွင့် ခြေထောက်အလှုပ်ကို ပါးပျဉ်းထောင်ကြည့်နေသော လက်မလုံးလောက် မြွေတစ်ကောင်ကိုအတွေ့ မျက်လုံးတွေပြာဝေသွားပြီး အုတ်ခုံပေါ်တက်လိုက်ကာ ရွှေညို့လည်ပင်းကို အပေါ်စီးကဖက်ပြီး အော်ဟစ်နေမိသည်။

"ရွှေညို ... လုပ်ပါ ... လုပ်ပါ၊ အဲဒီမြွေကို ခြောက်ထုတ်ပစ်ပါ"

"အစ် ... အစ် ... ငါ့လည်ပင်းကိုလွှတ် သံလွင်၊ မြွေမသေခင် ငါသေလိမ့်မယ်"

သူပြောမှ ငွေသံလွင် သတိတရနှင့် သူ့လည်ပင်းပေါ်က သံလွင့် လက်အစုံကို လွှတ်ပေးမိလိုက်သည်။ သံလွင်နဲ့ သူ ယောက်ယက်ခတ်နေကြတုန်း မောင်မင်းကြီးသား မြွေမင်းသားက ရေမြောင်းထဲကို လျှောဆင်းသွား၏။

အကျိုးဆက်ကတော့ မိုးလရွှေညို ဆိုတဲ့လူသားလေး ငွေသံလွင့်ကို ခေါင်းထဲထည့်ပြီး နှလုံးထဲနေရာပေးဖို့ စာရင်းသွင်းလိုက်တာဖြစ်၏။ ဒါကို သူငယ်ချင်းတွေက စ,မဆုံး။

"သံလွင် ... နင် သူ့လည်ပင်းကို ဖက်တုန်းက နင်က အပေါ်ဆီးက မဟုတ်လား၊ အဲဒီတော့ သူ့ခေါင်းနဲ့တစ်ခုခုနဲ့များထိသွားလေရော့သလား"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေ မဟုတ်တာ ပြောတော့မယ်၊ ဘာနဲ့မှမထိပါဘူးဟဲ့"

အတိတ်ကမြင်ကွင်းကို မြင်ယောင်ပြီး သံလွင့်နှုတ်ခမ်းပေါ်မှာ အပြုံးတစ်စ ဖြစ်ထွန်းသွားသည်။

"ငါ မေးနေတယ်လေ သံလွင်"

"ဟင် ... အင်း ... ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူးဟာ၊ သင်းက မိဘက မကောင်းတတ်လို့ နေရာပေးထားတဲ့ ဒါရိုက်တာရာထူး ရကတည်းက သောက်ချိုးပြောင်းသွားတာ၊ မာနကြီးပါတယ်ဆိုမှ ဂုဏ်ထူးဆောင်လက်မှတ် ထပ်ရလိုက်တော့ ဆွဲချလို့ကို မရတော့ဘူး"

"ဟား ဟား ... နင်ကတော့ ပြောတော့မယ် သံလွင်"

သီရိက ငွေသံလွင့် အပြောကို သဘောတကျနှင့် ရယ်နေ၏။ ငွေသံလွင်က စိတ်ကောင်း စေတနာကောင်းရှိပြီး ဖြူစင်သူတစ်ဦး။ တက္ကသိုလ်မှာကတည်းက ကဗျာတွေ စာတွေ ရေးတတ်ပြီး ဗရုတ်လည်းကျသူ။ ထိုသူငယ်ချင်းမလေးဆီမှာ ဉာဏ်နီဉာဏ်နက်တို့လည်း ကိန်းအောင်းလို့ နေပါသေးသည်။

"တကယ်ဆို ဒါလေးလုပ်မိတာ ဘာဖြစ်လို့လဲ၊ အဲဒီလောက်အထိ တင်းမာစရာ ဘာအကြောင်းမှကို မရှိဘူး၊ အခု ငါ





ဖုန်းကို black list ထဲ ထည့်ထားတယ်၊ တခြားဖုန်းနဲ့ ခေါ်တော့လည်း ငါ့အသံကြားတာနဲ့ ချပစ်တယ်"

"ဒီလိုလုပ်ပါလား သံလွင်၊ နင် သူ့ကို အချိန်တစ်ခု လောက်အထိ လွှတ်ထားလိုက်ပါလား၊ သူ စိတ်ပြေတဲ့ အထိပေါ့"

"လွှတ်ထားရမယ် ... ဟုတ်လား၊ ကလေးတစ်ဒါဇင်လောက်တောင် ရသွားဦးမယ်၊ သူ့နားမှာ ကောင်မတွေ ဝိုင်းဝိုင်း လည်နေတာ"

"အင်း ... ငါလည်း မပြောတတ်တော့ဘူး သံလွင်ရာ၊ ဘာပဲဖြစ်ဖြစ် နင်နဲ့ မိုးလရွှေညိုကို ပြေပြေလည်လည်ဖြစ် စေချင်တယ်၊ သုံးနှစ်ဆိုတာ နည်းနည်းနောနော သံယောဇဉ် လား"

သံလွင်ကတော့ ရှေ့မှာရှိတဲ့ လက်ဖက်သုပ်ပန်းကန်ထဲက လက်ဖက်သုပ်ကို ငရုတ်သီးစိမ်းကိုက်ပြီး စားနေမိသည်။

"ပြဿနာမရှိပါဘူး၊ သူ ငါနဲ့ မပတ်သက်ချင်လည်း ရတယ်၊ ကိစ္စမရှိဘူး၊ အေး ... အဲဒီလိုပဲ ဘယ်ဟာမနဲ့မှလဲ ပတ်သက်ခွင့် မရှိစေရဘူး"

"ဘာလဲဟ ... နင့်စကားက"



www.burmeseclassic.com

www.burmeseclassic.com



သံလွင်က သီရိကို အဖြေပြန်မပေးဘဲ ပြုံးတုံ့တုံ့လုပ်နေမိသည်။ ဒါက ဘယ်သူ့ကိုမှ ပြောပြလို့ မရတဲ့ top secret လေ။





၉

စာရေးနေရာက romance ခန်းရောက်တော့ သံလွင် စိတ်ဆင်းရဲသွားသည်။ မရေးချင်ဘူး ဒီအခန်းတွေကို။ ဟုတ်လည်း မဟုတ်ဘဲနဲ့။ အပြင်မှာ တကယ်ရှိတာလည်း မဟုတ်ဘဲနဲ့ ပရိသတ်ကို မညာချင်ဘူး။ ဘယ်ယောကျ်ားက ဘယ်မိန်းမကို စူးစူးနစ်နစ် ချစ်ကြလို့လဲ။ တစ်ချို့ကွယ် တစ်မယ်မေ့။ သစ္စာတရားဆိုတာ ဘာလဲလို့တောင် question ပြန် shoot မယ့်လူတွေ။

ဆွေသားသည် ယမုံနာ၏ ဖြူနုနေသော လက်ကလေးတစ်ဖက်ကို ဆတ်ခနဲ ဆွဲယူပြီး သူ့ရင်ဘတ်မှာ ကပ်ထားလိုက်၏။ တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံကို သူမ ထိတွေ့ခံစားမိမည် ထင်ပါ၏။

"ကိုယ့်ရင်ခုန်သံတွေက ယမုံအတွက် အမြဲတမ်း မညီညာခဲ့တာပါ၊ ကိုယ့်ရင်ခုန်သံတွေကလေ ယမုံ့အချစ်နဲ့ ခုတ်



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေတဲ့ ရထားတစ်စင်းပေါ်၊ ယမ့် မချစ်တော့ရင် ရပ်သွားမှာပါ၊ ဆိုလိုတာက ကိုယ်သေဆုံးသွားမယ် ဆိုတာပဲ”

“သေလိုက် ... သေလိုက် ... လဲသေလိုက်”

ကိုယ်ရေးတဲ့ စာသားကို ကိုယ်ပြန်ဖတ်ရင်း သံလွင် ချီးကျူးထောပနာ ပြုမိသည်။ သံလွင် မျက်ဝန်းထဲ ရွှေညိုနဲ့ချစ်ခဲ့တုန်းက အရိပ်လေးတွေ ဖြတ်ပြေးဝင်လာ၏။

“မင်းရဲ့ မပီကလာ ပီကလာခေါ်တဲ့ ‘မောင်’ဆိုတဲ့ အသံလေးကို ကိုယ် တကယ် စွဲလမ်းနေမိပြီကွာ”

“ကျွန်မလည်း ဒီလိုအသံဖြစ်ဖို့ တော်တော်လေး လေ့ကျင့်ခဲ့ရတယ် ... ဟဲ ဟဲ”

“လာပြန်ပြီလား ကျွန်မ၊ ဘာကြီးမှန်းလဲ မသိဘူး၊ မပြောစမ်းပါနဲ့”

“ဩော် ... မောင်ကလည်း၊ ဒါ စတိုင်လ်လေ”

မိုးလရွှေညိုကတော့ ဒီ“ကျွန်မ”ဆိုတဲ့ နာမ်စားကြီးကို နားကလောမိတာ အမှန်။ ငွေသံလွင်ဆိုတဲ့ မိန်းမက စာရေးဆရာမပေါက်စပီပီ စိတ်ကူးယဉ် ဆန်လွန်း၏။ နင်နဲ့ ငါပြောနေရာက “ကျွန်မ”ဆိုတဲ့ နာမ်စားကို သူပဲ ချက်ချင်းလက်ငင်း ပြောင်းသုံးတတ်သည်။





sandwich ကိုစားပြီး တစ်ရှူးပါးပါးနှင့် သူ့လက်ကို သုတ်နေသည့် မိုးလရွှေညိုကို ငွေသံလွင် မမှိတ်မသုန်နှင့် စိုက်ကြည့်နေ၏။ ကော်ဖီကို တကျိုက်ချင်း သောက်နေတဲ့ သူ့ကို ကြည့်ရင်းနဲ့ သံလွင် မျက်မှန်းကျိုးစ ပြုလာသည်။

သံလွင့်ကို တစ်ရှူးပေးဖို့၊ သံလွင် ဘာလိုအပ်လဲ ဂရုစိုက်ဖို့ သူ့စိတ်ကူးထဲ ရှိပုံမပေါ်။ ဒါလား ချစ်သူစုံတွဲ။ စိတ်တိုတိုနှင့် sandwich တစ်ခုကို သံလွင် ဖျစ်ညှစ်လိုက်တော့ ချိစ်နဲ့ အသားပြားတွေ ထွက်ကျလာပြီး သံလွင့်လက်မှာ ပေကုန်တော့သည်။

“ဟာ ... ဟေ့ သံလွင်၊ ဘာလုပ်တာလဲ၊ ညစ်ပတ်လိုက်တာကွာ”

သံလွင့်လက်ထဲက sandwich ကို ကြည့်ရင်းက သူ အပြစ်ဆိုမိသည်။

“မောင်မှ သံလွင့်ကို ဂရုမစိုက်ဘဲ”

“ဟာ ... ဘာ ... ဘာလဲကွာ၊ ငွေသံလွင် ... မင်းကလေးလား၊ ရော့ ... ရော့ ... သုတ်ပစ်စမ်း”

သူ့ဘေးက တစ်ရှူး box ကိုယူပြီး သံလွင့်ဘေးသူ ချပေးသည်။ တကယ်ဆို သုတ်ပေးလိုက်တော့ ဘာဖြစ်မှာကျလို့။



www.burmeseclassic.com

www.burmeseclassic.com



"မောင် အရမ်းအေးစက်တယ်"

"ကျွတ် … ဒီမှာ သံလွင်၊ ဝတ္ထုတွေရေးပြီး စိတ်ကူးတွေ ယဉ်မနေနဲ့၊ အဲဒါမျိုးတွေ ငါ မလုပ်တတ်ဘူး၊ တော်ရုံ တန်ရုံလောက်ဆိုးတာ ငါ ခံနိုင်တယ်၊ မင်း တကယ့်အာရုံ ပဲ"

"မောင်နဲ့ သံလွင် ချစ်သက်တမ်း အခုမှ တစ်လပဲ ရှိသေးတယ်နော်၊ အခုက ဆယ်နှစ်သက်တမ်း ရှိနေသူတွေလိုပဲ၊ တစ်လမှာတောင် ဒီလောက် အေးစက်နေရင် …"

"သံလွင် … ဟော့ကောင်၊ ငိုတော့ မငိုလိုက်ပါနဲ့ကွာ၊ မင်း အယုအယခံချင်တာ မောင် သတိမထားမိလိုက်လို့ပါကွာ၊ ပေး … ပေး ကိုယ်သုတ်ပေးမယ်နော်"

သူက သံလွင့်ရဲ့လက်ပေကို တစ်ရှူးစနဲ့ သုတ်ပေးနေပါသည်။ ပြောမှသိတာ ဘာလုပ်ရမှာလဲ။ အဲဒီနေ့မှာပဲ သံလွင် သူ့ကို စဖြတ်ခဲ့ပါသည်။ သူ ပြန်ချော့သည်။ သံလွင်တို့ ပြန်ခေါ်ကြသည်။ နှစ်လခွဲမှာ သံလွင် ထပ်ဖြတ်သည်။ သူ ပြန်ချော့သည်။ သံလွင်တို့ ပြန်အဆင်ပြေသည်။ ငါးလမှာ သံလွင် ဖြတ်တော့ သူ ပြန်မချော့တော့။ အဲဒီနောက်ပိုင်းမှာ သံလွင် တစ်ယောက်တည်း ဖြတ်ဆက်တာဝန်ကို ယူလိုက်ရပါသည်။ သူကတော့ မဖြုရေးချ မဖြုတော့။





"သောက်ကောင်စုတ်"

သံလွင် သူ့ကို စိတ်မှန်းပြီး ကျိန်ဆဲလိုက်သည်။ ဒီအတိုင်း အိမ်တွင်းအောင်းပြီး လေကျယ်နေလို့ကတော့ ဘာမှ အရာထင်မှာ မဟုတ်။ အကြံအစည်ကို အကောင်အထည်ဖော်ဖို့ ကလည်း ရေးလက်စစာအုပ်က တန်းလန်းကြီးမို့ စိတ်ရောကိုယ်ပါ မနှစ်နိုင်မှာ စိုးရသည်။

စာရွက်တွေဖတ် ခေါင်းပြန်လှည့်တုန်း ဖုန်းတစ်ကောဝင်လာသည်။ အံ့စရာကြီး ဝတီထက်ဆီကဖုန်း ဖြစ်နေလို့လေ။

"အင်း … ပြော ဝတီထက်"

"မ, … ဘာလုပ်နေတာလဲ၊ စာရေးနေတာလား"

"ကောင်လေး မဆိုးဘူး တော်တယ်၊ ဟုတ်တယ် စာရေးနေတာ"

"အကူအညီ တစ်ခုလောက် တောင်းလို့ရမလား"

"လာပြန်ပြီ၊ မင်း ငါ့ကို ဝမ်းနိုင်းနိုင်းများ ထင်နေလေရော့သလား"

"အပ်ဟား … ဒါ မ,ကူညီမှ ဖြစ်မှာမို့ပါ"

"ပြော … တတ်နိုင်ရင် ကူညီပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မ,ရဲ့ ပထမဦးဆုံးထွက်တဲ့ စာအုပ်ကို လိုက်ဝယ်တာ မရလို့၊ မ,တို့စာအုပ်တိုက်အထိတောင် ရောက်တယ်"

"ဟာ ဟ ... ဝတ္ထုမဖတ်တဲ့ လူသားလေးက ဘယ်လိုစိတ်ကူးမျိုးတွေ ရလို့ပါလိမ့်"

"မလှောင်နဲ့ဗျ၊ အဲဒီစာအုပ် မ,ဆီမှာ ရှိသလားပဲ ဖြေပါ"

"ရှိတယ်၊ ပေးမယ် ... ကျေနပ်ပြီလား"

ခုနတုန်းက မှုန်မှိုင်းနေတဲ့ စိတ်အစဉ်တို့ ပြန်လည်ကြည်လင်လန်းဆန်းသလို သံလွင် ခံစားလိုက်ရသည်ကတော့ အမှန်။

"နေဦး ... မင်းကောင်မလေးနဲ့ရော အဆင်ပြေသွားပြီလား"

"မပြေသေးဘူးဗျ၊ အဲဒီကိစ္စလည်း မ,နဲ့တိုင်ပင်ချင်တာ"

"ဟင်း ဟင်း ... မင်း ငါ့ဆီက အကူအညီတောင်းချင်လို့ စာအုပ်ကို အယောင်ပြတာကိုး ... ဟင်း ဟင်း ဟင်း၊ သိတယ်နော်၊ ဒါမျိုးတွေလောက်က ငွေသံလွင်တို့က နပ်ပြီးသား"

ဝတီထက်ကလည်း တစ်ဖက်က နှုတ်ခမ်းတွန့်ပြီး ပြုံးနေမိသည်။ ငွေသံလွင် ဆိုသည့် ကိုယ်ထင်ရာ ကိုယ်ပြောတတ်၊ လုပ်တတ်သည့် စာရေးဆရာမကို သူ စွဲလမ်းနေမိတာ သေချာ





နေပြီ။ သူမရဲ့ အပြောအဆို အပြုအမူတိုင်းကို သူ နှစ်သက်သည်။ သူမနဲ့ နောက်တစ်ကြိမ် ပြန်ဆုံဖို့က ဒီတစ်နည်းပဲ ရှိတာမို့ မျှော်လိုက်မိပါသည်။ ဝတီထက် ဆိုတဲ့ကောင်လည်း ဒီမမနဲ့မှ တကယ်ကိုပဲ ရှုးသွားပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

မိုးလ trading က စာရေးမလေးတစ်ယောက်ဆီက ရတဲ့ သတင်းက သံလွင့် ရင်ဝကို ခြေနဲ့ဆောင့်ကန်ခံရသလို အခံရခက်မိသည်။ မိုးလရွှေညိုက overseas သွားပါသည်တဲ့။ ဘယ်လောက်ကြာမှာလဲမေးတော့ မသိပါတဲ့။ ဘယ်လောက် အခံရခက်လိုက်လဲ။

"တောက် ... ယောကျ်ားတွေက ဖတ်ပြီးသားဝတ္ထုကို ပြန်မဖတ်တတ်တဲ့ လူစားမျိုးတွေလိုပဲ"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ နင်ကလည်း၊ ဇာတ်လမ်းသိပြီးသားပဲဟာကို၊ နင့်အကျောလည်း နောကျေအောင်သိပြီးသားမို့ သူ မဖတ်ချင်တော့တာ နေမှာ"

"တော်တော့ သီရိ၊ ငါ တကယ်ပေါက်ကွဲချင်နေတာနော်"





ပြောပြီးမှ လေသံမာသွားမှန်းသိလို့ သံလွင် လျှော့ချဖို့ စဉ်းစားမိလိုက်သည်။ တော်ကြာ နောက်တစ်ခါ စာအုပ်တိုက်က လက်ဆောင်စာအုပ်တွေ ကူသယ်ပေးမယ့်သူ မရှိမှ အခက်။ မအားတဲ့ကြားက သီရိကို မနည်းချော့ခွဲလာခဲ့ရသည် မဟုတ်လား။

"sorry ပဲ သူငယ်ချင်းရယ်၊ ငါ ဟိုအကောင့်ကို ဒေါသထွက်လွန်းလို့ပါ"

"အေးပါဟယ် ... ငါ နားလည်ပါတယ်"

သီရိက NGO တစ်ခုမှာ အလုပ်လုပ်သူ။ အလုပ်ရှိရင် run ရပြီး မရှိရင် အိမ်မှာနားနေရတဲ့ အလုပ်မျိုး လုပ်နေသူဖြစ်သည့်အပြင် အိမ်ထောင်ကလည်း မကျသေးတာမို့ သံလွင်နဲ့ ပိုပြီးအတွဲမိနေပါသည်။

အရင်ကဆို သံလွင့်စာအုပ် ထွက်တဲ့နေ့ဆို သူ့စာအုပ်တွေကို ကားနဲ့သွားယူပြီး အိမ်အထိ လာပို့ပေးတတ်ပါသည်။ (သူ အားရင်ပေါ့)။ အခုတော့ ကိုယ့်အားကိုယ်ကိုးနေရသည်။ စာအုပ်တိုက်က လူတွေရဲ့ မေးခွန်းကို ပညာပါပါနဲ့ပြန်ဖြေနေရတာက အလုပ်တစ်လုပ်။

"တအုံ့နွေးနွေးနေရင် နင် ပိုခံစားရမယ် သံလွင်၊ ပြတ်ပြတ်သားသားပဲ သူနဲ့ မျက်နှာချင်းဆိုင်ပြီး အဖြေတစ်ခုရအောင်ယူလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း စဉ်းစားပါတယ်၊ ဒါပေမဲ့ သင်းကမှ ငါ့ကို သောက်ဖက်မလုပ်တာ၊ အေးပါ ... အေးပါ၊ သင်းနဲ့ ငါ တွေ့ဦးမှာပါ"

သူငယ်ချင်းနှစ်ယောက်သား ကော်ဖီဆိုင်တစ်ခုမှာ လေပွားပြီး တစ်ဝက်စီ ခွဲထည့်ထားတဲ့ လက်ဆောင်စာအုပ်ထုပ်တို့ကိုယူပြီး ပြန်ထွက်လာကြသည်။

"အိုး အို ... ဒီနေ့ ထူးဆန်းလိုက်တာ၊ တက္ကစီကားတိုင်း လူပါနေပါလား"

"အေးလေ ... ဘတ်စ်စီးတာတောင် ပိုမြန်မလားဘဲ"

ရုတ်တရက် သံလွင်တို့နားသို့ ကားတစ်စီး ထိုးရပ်လာသည်။ ကားက Mark X အနက်ရောင်။ ကားပြတင်းမှာ ပေါ်လာတာက ဝတီထက်။ သူ့ရဲ့နီစွေးစွေး နှုတ်ခမ်းထက်မှာ အပြုံးတစ်ပွင့် ခိုဝင်လို့။

"တူပါတယ်လို့ ကြည့်နေတာ၊ မ, ကားစောင့်နေတာလား၊ ဘယ်သွားမလို့လဲ၊ ကျွန်တော် ပြန်ပို့ပေးမယ်"

"ဟာ ... ရတယ်၊ တို့ တက္ကစီပဲ ငှားသွားမှာ၊ ကိုယ်သွားစရာရှိတာ သွားစမ်းပါ"

"လာပါ မ,ရဲ့"





သူက အတင်းခေါ်နေတာမို့ သံလွင် အားနာပြီး ကားတံခါးဆွဲဖွင့် တက်လိုက်သည်။ သီရိကတော့ အသံတိတ်မျက်ဝန်းတွေနဲ့ မေးလိုမေး၊ တံတောင်နဲ့တွက်ပြီး အချက်ပြလို့ တစ်သွယ် ဝတီထက်နဲ့ ပတ်သက်မှုကို မေးနေပါ၏။

"မ, အိမ်က ဘယ်မှာလဲ"

"မြောက်ဒဂုံမှာလေ"

"မြောက်ဒဂုံမှာ ... ဒါမှ ဒုက္ခ၊ ကျွန်တော် အဲဒီဘက် မကျွမ်းဘူး၊ တစ်ချက်လောက် မ, ကျွန်တော့်ကို လမ်းပြောပေးနိုင်မလား၊ ရောက်ရောက်ချင်းတုန်းကဆိုရင် လမ်းကြောတွေ မသိတော့လို့ တော်တော်ဒုက္ခရောက်ရသေးတယ်"

သံလွင်က သီရိဘက်ကိုလှည့်ပြီး အကူအညီတောင်းလိုက်သည်။

သီရိက ရန်ကုန်တစ်မြို့လုံးနှံ့နေအောင် သွားရသူမို့ သူက ပိုကျွမ်းပါသည်။

"ရတယ် မောင်လေး၊ အစ်မ ပြောပေးမယ်၊ မြောက်ဥက္ကလာ အဝိုင်းထိတော့ သွားတတ်တယ် မဟုတ်လား၊ အဲဒီနေရာရောက်ရင် အစ်မ လမ်းပြပေးမယ်"

"ဟုတ်ကဲ့ အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မိတ်ဆက်ပေးရဦးမယ်၊ ဒါ တို့သူငယ်ချင်း မေသီရိ၊ သီရိ ... သူက ၀တီထက်တဲ့၊ HKK fashion shop က သူ့အမေပိုင်တာလေ"

"ဩော် ... ဟုတ်လား"

သီရိကတော့ အထင်ကြီးတဲ့ မျက်လုံးတွေနဲ့ သံလွင့်ကို လှမ်းရှိုးနေ၏။ ဒီမိန်းမက လူကသာ သောက်တလွဲလုပ်တာ၊ ကံကတော့ ခပ်ကောင်းကောင်း။ တွေ့လိုက်သမျှ လူသားချောချောတွေနဲ့ချည်း။ သီရိရဲ့မှတ်ချက်ကို သံလွင်က သိရှိလိုက်သည့်အလား တစ်ချက် ပြုံးလိုက်ပါသည်။ ထင်ပါစေ။ အထင်ကြီးမှု လျော့ပါးမသွားအောင် အဲဒီငနဲလေးမှာ ဆော်ရှိတဲ့ကိစ္စကို ပြောမပြဖို့ ဆုံးဖြတ်လိုက်သည်။

အိမ်ရှေ့ရောက်တော့ သံလွင်က သူ့ကို အိမ်ထဲဝင်ဖို့ ခေါ်သော်လည်း သူကမဝင်။ သွားစရာရှိနေသေးလို့ပါပြောပြီး နှုတ်ဆက်ထွက်သွားသည်။ ထုံးစံအတိုင်း မေမေက နည်းမျိုးစုံနဲ့ စပ်စုပါသည်။

"ဘယ်သူလဲ သံလွင်"

"ဝတီထက်လေ မာမီ၊ မထင်မှတ်ဘဲ ခင်သွားတဲ့ သူငယ်ချင်းလေးပါ ... ဟဲ ဟဲ"





"ဟဲ ဟဲ ... ဆိုတာ ဘာလဲ၊ မိသံလွင်နော် ... ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်နဲ့"

"မလုပ်ချင်ပါဘူး၊ ဒါပေမဲ့ မာမီမှ သံလွင့်ကို ကားမဝယ်ပေးဘဲ၊ စာရေးဆရာမဖြစ်ပြီး လိုင်းကားတိုးစီးရတာ တက္ကစီစီးရတာ ရေလည်အောက်တယ်"

"ညည်းလို မိန်းမမျိုးကို ကားဝယ်ပေးရမယ် ဟုတ်စ၊ ဟိုဘက်ခြေထောက်နဲ့ ဒီဘက်ခြေထောက်နဲ့ ခြေထောက်ချင်းတောင် ပြန်တိုက်နေတဲ့ မိန်းမကများ၊ ဒေါက်ဖိနပ်မပြောနဲ့ slipper စီးရင်တောင် ဖိနပ်ထဲက ချော်ကျတဲ့လူမျိုး ကားဝယ်ပေးရမလား၊ ကိုယ် နှလုံးရောဂါဖြစ်ဖို့အတွက် ငွေကုန်ကြေးကျ မခံနိုင်ဘူးဟေ့"

ဒါပဲ။ ကပ်စေးနည်း နည်းတယ်ပြောတာမဟုတ်ဘူး။ တစ်နေ့ တစ်နေ့ သံလွင့်ရဲ့ ကပျက်ကချော်ကိုပဲ လိုက်ခလုတ်တိုက်နေသည်။

အေးပေါ့လေ။ ကိုယ်ကလည်း ကိုယ်ဆိုတော့လည်း ရှိပါစေတော့။

အိမ်ရှေ့ဆက်တီခုံပေါ်မှာ စာအုပ်တွေကိုတင်ရင်း သံလွင် သက်ပြင်းရှိုက်လိုက်သည်။ မနက်ဖြန် ဝတီထက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသည်။ သူ့ကောင်မလေးကိစ္စပေါ့။ ကိုယ်က ကံမကောင်းတော့လည်း သူများကိစ္စ ကူညီပေးပြီး ယတြာချေရမှာပေါ့။ မာမီ့ကိုတော့ အမှန်အတိုင်းပြောလို့ လုံးဝမဖြစ်။

အခုတလော မာမီက သံလွင့်ကို မျက်စိစပါးမွေးစူးနေသည်။ စူးမယ်ဆိုရင်လည်း စူးလောက်၏။ အိပ်ရာကနိုးတာနဲ့ အင်တာနက်ဖွင့်ပြီး မေးလ်စစ်တာက တစ်နာရီ။ Breakfast စားနေရင်း facebook က newsfeed တွေကြည့်ပြီး Comment တွေ လျှောက်ရေးတာက တစ်နာရီနီးနီး။ ပြီးရင် စာရေးသလိုဘာလိုလိုနှင့် အလုပ်ရှုပ်ပြီး နေ့လယ်ထမင်းစားရင်း TV ကြည့်ပြီး တစ်ရေးတစ်မော နှစ်နာရီ သုံးနာရီလောက် အိပ်လိုက်သေးသည်။ အားအားလျားလျားမှ တကယ့် အားအားလျားလျား။

သီရိအားတဲ့နေ့ နှစ်ယောက်ချိန်းမိတဲ့နေ့ဆို မိုးလင်းကသွား မိုးချုပ်ရင်ပြန်၊ ဆင်ခြေကတော့ back ground ရှာတာ၊ ကုန်ကြမ်းရှာတာ၊ လေ့လာရေးဆင်းတာ၊ တစ်မျိုးနှင့်တစ်မျိုး လုံးဝ မထပ်စေရ။

"မာမီ ... မနက်ဖြန် သီရိနဲ့ အပြင်ထွက်ဖို့ရှိလို့"

"ကြွ ... ကြွ ... အိမ်မှာနေလို့လည်း ဘာအသုံးမှကျတာမဟုတ်ဘူး"





ဒီလထုတ်စာအုပ်ကို လှန်လှောကြည့်နေရာက မာမီက ဆောင့်ကြီးအောင့်ကြီး ပြောတာမို့ သံလွင် လျှာလေးထုတ်ရင်း ပျော်သွားမိသည်။

❦ ○ ❦

●ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ချိန်းထားတဲ့ ကော်ဖီဆိုင်ယဲကို သူ နာရီဝက်ကြိုပြီး စောရောက်နေပါသည်။ တစ်ညလုံးလည်း ငွေသံလွင် ဆိုသည့် စာရေးဆရာမကို သူ့ရဲ့လုပ်ကြံအသည်းကွဲဇာတ်လမ်း အကြောင်း ပြောဖို့ ခေါင်းခြောက်မတတ် စဉ်းစားနေခဲ့သည်။ အခုအချိန် လောက်ဆို ချိုလီ တစ်ယောက် ခေါင်းကျိန်းနေရောမည်။ နောက်မှပဲ ချိုလီ့ကို သူ ညှိရမည်။ မတတ်နိုင်ပါ။

ဆိုင်ထဲကို ဝင်လာတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့တော့ သူ အံ့အားသင့်နေရာက တဖြည်းဖြည်းနှင့် ပြုံးစိစိဖြစ်လာသည်။ ကြည့်စမ်းပါဦး။ ဆံပင်တွေကို တစ်ဝက်ခွဲ အပေါ်မြင့်စည်းထားပြီး မြန်မာဝတ်စုံ နီညိုရောင်ဝမ်းဆက်လေးနဲ့ သူမ။ မြင်နေကျ မဟုတ်တော့ အမြင်ဆန်းနေပါသည်။ ဘယ်လိုပဲ





အိုက်တင်လုပ်လုပ် ခြေလှမ်းတွေကတော့ ခပ်ကျဲကျဲနှင့် ဖနောင့်ကို ဆောင့်ဆောင့်လျှောက်တတ်တဲ့ သူမရဲ့စတိုင်လ်က အဝတ်အစားနဲ့ လားလားမှကို မလိုက်ဖက်ပါလေ။

“ဝီရိယကောင်းလှချည်လား၊ မင်းတို့ယောကျ်ားတွေက ဒါမျိုးဆို သိပ်ဝီရိယကောင်းတယ်”

သူ့ရှေ့ဝင်ထိုင်ရင်းနှင့် သူမ စတင်ပြီး ထင်ရာကို ပြောတော့သည်။ သူကလည်း ထင်သလို ပြောတာတွေကို နားထောင်ဖို့ပဲ လာခဲ့တာ မဟုတ်လား။

“မ, ဘာသောက်မှာလဲ၊ ကောင်တာမှာ ကျွန်တော် သွားမှာပေးမယ်၊ ဘာကြိုက်မယ်မှန်း မသိလို့ ကြိုမမှာထားတာပါ”

“အင်း ... ရတယ်၊ တို့အတွက် သူများ ဝန်လေးမှာ မလိုလားဘူး၊ နေ ... နေ၊ ကိုယ့်စရိတ်ကိုယ်ခံပြီးတော့ပဲ ကူညီပါ့မယ်”

သိုးသိုးသွက်သွက်နဲ့ထ,ပြီး ကောင်တာဆီ ထွက်သွားတာမို့ သူ တားချိန်မရတော့။ ဒီစာရေးဆရာမကိုတော့ သူ မနိုင်။

“အင်း ... လောကကြီးမှာ ‘အချစ်’ဆိုတဲ့ အရာသာမရှိခဲ့ရင် သိပ်ကောင်းမှာပဲ၊ ဒါဆို လူတွေအေးအေးချမ်းချမ်းနဲ့ နေကြရမှာ”



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း ညည်းညူသလိုလို ပြောနေရင်းက သူမကို စိုက်ငေးကြည့်နေတဲ့ ဝတီထက်ကို မေးတစ်ချက်ဆတ်ပြရင်း ...

"ကဲ ... မင်းရဲ့အပူထုပ်ကို ဖြေပေတော့၊ ရေခဲနဲ့မွှေပြီး အေးအောင် တို့လုပ်ပေးမယ်"

"ဟာ ... ဟာ ... ဒီစကား ကြားရတာနဲ့တင် တော်တော်အေးသွားပြီ"

အဖြူရောင်စပို့ရှပ်တစ်ထည်နဲ့ ခါးတစ်ချက်မကိုင်းဘဲ စမတ်ကျကျ ထိုင်နေတဲ့ ဝတီထက်ရဲ့ ရွှင်ပျတဲ့ မျက်နှာထားကြောင့် သံလွင် မျက်ခုံးလေးတစ်ချက် တွန့်ကွေးလိုက်သည်။

"ဒါကြီးလား အသည်းကွဲတဲ့ရုပ်"

"ဟန်လုပ်ထားတာလေ မ,"

"နေပါဦး ... ဘယ်တုန်းက တို့ကို 'မ'ခေါ်ဖို့ စိတ်ကူးရသွားတာလဲ၊ မမဆို မမပေါ့"

"လေကိုရွှေတာ,တာပါ၊ အဟက် အဟက် စ,တာပါ မ, ရယ်၊ မ,လို့ခေါ်တာ ပိုအဆင်ပြေတယ် ထင်လို့ပါ"

"သဘော ... သဘော"

waiter လာချပေးတဲ့ သီးစုံဒိန်ချဉ်တစ်ခွက်ကို ဇွန်းလေးနဲ့ခပ်စားရင်းက သူ့စကားကို သံလွင် နားဆင်နေမိသည်။





"ချိုလီနဲ့ ကျွန်တော်နဲ့က ဟိုးငယ်ငယ် ကလေးပိစိတည်းက သူငယ်ချင်းတွေပေါ့၊ အရွယ်ရောက်လာတော့ သိပ်ချစ်ကြတဲ့ ချစ်သူတွေ ဖြစ်သွားကြတယ်၊ ICGSE အောင်ပြီးတော့ စင်ကာပူမှာ အတူတူကျောင်းသွားတက်ဖို့ အလုပ်မှာပဲ သူ့မိဘတွေ ကွဲသွားကြတယ်"

"ဪ"

"နောက်အိမ်ထောင် ကိုယ်စီထူထောင်လိုက်ကြတော့ သူ အဘိုးအဘွားတွေဆီ ရောက်သွားတယ်။ စင်ကာပူမှာ သူ ကျောင်းမတက်ဖြစ်တော့ဘူး။ ကျွန်တော်တို့ Online မှာပဲ အဆက်အသွယ် လုပ်ရတော့တာပေါ့"

"ဒီတော့ ..."

"ပြဿနာက ကျွန်တော့်ရဲ့မမ်ပဲ၊ ချိုလီနဲ့ ကျွန်တော့်ကို တစ်စက်ကလေးမှ သဘောမတူဘူး၊ ဒါကို သူသိတော့ ကျွန်တော့်ကို ကွိုင်ရှာတယ်၊ ကျွန်တော် ဘာလုပ်လုပ်အမြင်မကြည်တော့ဘူး။ မ, သူ့ကိုတွေ့ဖူးပါတယ်၊ သူက သိပ်လှတယ်၊ သူ့ဘေးနားမှာ ကောင်လေးတွေက ဝိုင်းဝိုင်းလည်နေတာ၊ အခု ကျွန်တော် ကြောက်နေတာ သူ ကျွန်တော့်ကို ခေါက်သွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းငွေ့ငွေ့ချနေတဲ့ ဝတီ ထက်ရဲ့မျက်နှာက တကယ့် feel အပြည့်။

"မ,စာအုပ်တွေ ကျွန်တော် ဖတ်ကြည့်တော့ ဘာသွားတွေ့သလဲဆိုတော့ trick တွေ တအားများတယ်၊ idea လည်း အရမ်းကောင်းတယ် ဆိုတော့ အားကိုးမိတာပေါ့"

"ဟာ ဟ ... ဒီလောက် မြှောက်ပင့်နေစရာ မလိုပါဘူး၊ တို့တတ်နိုင်သလောက် မင်းကို ကူညီပေးမှာပါ၊ ဒါပေမဲ့ မင်းပြဿနာက လူငယ်အချင်းချင်းဖြစ်တဲ့ ပြဿနာမဟုတ်ဘဲ မင်း ဘွားတော် ပါနေတာမို့ နည်းနည်းတော့ ခက်တယ်"

"ဟုတ်တယ်၊ မမ်က နည်းနည်းအတွက်ကြီးတယ်"

"ဒါပေမဲ့လည်းလေ မင်းအချစ်ကို သူ တကယ်နားလည်သွားရင်တော့ မင်းရဲ့မမ်ကို မူစရာမလိုတော့ပါဘူး၊ လူကြီးမိဘဆိုတာ ဒီလိုပါပဲ။ နောက်တော့လည်း အေးဆေးဖြစ်သွားမှာပါ"

"လုပ်ပါ မ,ရယ်၊ ကျွန်တော့်အချစ်ကို သူ နားလည်အောင် ဘယ်လိုလုပ်ပြရမလဲ"

"wait a second ... baby"





ခပ်တိုးတိုးပြောရင်း ငွေသံလွင် သီးစုံဒိန်ချဉ်ကို ခပ်သောက်နေသည်။ အတွေးနက်နေတဲ့ သူမရဲ့ဟန်ပန်ကိုကြည့်ရင်း သူ့ရင်ထဲမှာ ရယ်ချင်လွန်း၍ ယားကျိကျိ ဖြစ်နေ၏။ အရူးလုပ်တာတော့ မဟုတ်ပါ။ ကိုယ်စီတ်ဝင်စားမိတဲ့ မိန်းမနားမှာ အသာအယာ ခိုဝင်နိုင်သည့် လမ်းကြောင်းတစ်ခု သူ ရှာခဲ့တာဖြစ်သည်။

တစ်နေ့နေ့ တစ်ချိန်ချိန် ကျရင်တော့ သူ့လုပ်ရပ်ကို မ,ရှေ့မှာ ဝန်ခံပြီး သူ့ရဲ့အချစ်ကို ရဲရဲရင့်ရင့် ဖွင့်ဟမိမည်ဖြစ်သည်။ ပေးလိုရာ အပြစ်ပေးပါစေ။

"မင်း အခု ဘာလုပ်နေလဲ"

"လောလောဆယ်တော့ ဟိုယောင်ယောင် ဒီယောင်ယောင်ပဲ၊ မမ့်ဆိုင်သွားလိုက်၊ ဒက်ကုမ္ပဏီမှာ ထိုင်လိုက်"

"အင်း ... မိန်းမတစ်ယောက်ရဲ့အချစ်ကို လိုချင်ရင်အချိန်တော့ ပေးရတယ်၊ ရပြီးတော့မှ ဂရုမစိုက်လို့ရတယ်၊ ပြဿနာမရှိတော့ဘူး"

"အမ်"

"ဟား ဟား ... ဒါလေးတောင် မသိဘူးလား၊ ဒါယောက်ျားတွေရဲ့လှည့်ကွက်၊ မိန်းမတွေရဲ့စိတ်ထဲ သူတို့ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



နည်းမျိုးစုံ သုံးဝင်ပြီး အထိုင်ကျပြီဆိုတာနဲ့ လုပ်ချင်ရာ လုပ်တတ်တာလေ၊ ကြည့်ရတာ မင်း သိပ်အပါးမဝသေးဘူးပဲ၊ မင်း ချီလီရဲ့စိတ်ထဲကို အခုအထိ မဝင်နိုင်သေးတာ သေချာတယ်"

သေချာတာပေါ့။ ချီလီ့မှာ ဘဲတွေက ခပ်များများ၊ သူ့ဟာနဲ့သူတောင် ပတ်လည်ရိုက်နေတာ။ သူရော ချီလီပါ ဘော်ဒါအကန့်ထက် မကျော်တာ သစ္စာဆိုလို့တောင်ရသည်။ ချောမောလှပတိုင်းသာ "အချစ်"တစ်ခု ဖြစ်မည်ဆိုလျှင် သူလို ခပ်ချောချောကောင်လေးနဲ့ ချီလီ့ကို လှတပတကောင်မလေးတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်မိကြမည်ပေါ့။

"ဒီရက်ပိုင်းအတွင်း သူ သွားတတ်၊ လာတတ်တဲ့ နေရာတိုင်းမှာ မင်းကို ရှိနေစေချင်တယ်၊ ဘာစကားမှသွားမပြောနဲ့၊ သူမြင်နိုင်တဲ့ ခပ်လှမ်းလှမ်းနေရာကပဲ သူ့ကို စောင့်ကြည့်နေ၊ ဒါ လူတစ်ယောက်ရဲ့ ရင်ထဲကို ညင်သာစွာ ဝင်ရောက်နိုင်တဲ့နည်းပဲ၊ ချစ်ပြီးသားလူတွေဆိုတော့ သူ ပိုပြီး feel လာမှာပါ"

"တစ်ဆိတ် ... မ, ဒီဘက်မှာ သိပ်ကျွမ်းကျင်နေသလားလို့ ရည်းစား ဘယ်နှယောက် ထားဖူးလဲ"





"အံမာ ... စေတနာနဲ့လည်း ကူညီရသေးတယ်၊ စော်စော်ကားကား၊ မသိရင် မှတ်ထားလိုက်၊ ဘယ်ဘောလုံးနည်းပြမှ ဘောလုံးမကန်တတ်ဘူး၊ ဘယ်လက်ဝှေ့နည်းပြမှ လက်ဝှေ့ထိုး မကျွမ်းဘူး၊ တို့လည်း ဒီလိုပဲ၊ ရည်းစားတစ်ယောက်တောင် အနိုင်နိုင် handle မကိုင်နိုင်လို့ ခြေလွတ်လက်လွတ် ဖြစ်နေတယ်"

"ဟား ဟ"

"ဘာရယ်ပြန်ပြီလဲ"

ချောမွေ့သော သူ့ရုပ်က အရယ်တစ်ခု စွက်ဖက်လို့ ပို၍ကြည့်လို့ကောင်းသွားသည်။ သံလွင့်ကို ကြည့်နေတဲ့ သူ့မျက်ဝန်းမှာ တောက်ပမှုတစ်ခုကို ရှာဖွေတွေ့ရှိလိုက်သည်။ အဲဒီအ[illegible]ည့် ထဲမှာ ချစ်ကြည်ရိပ်တချို့ ခိုဝင်နေ၏။ သံလွင် ခေါင်းကိုခါယမ်းပစ်လိုက်သည်။ နင် ဘာတွေ ကယောင်ချောက်ချား ဖြစ်နေတာလဲ မိသံလွင်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဟမ် … ဘာပြောတယ်၊ ဘာပြောလိုက်တယ်၊ ဝတီ … နင် တော်တော်ပြဿနာရှာတဲ့ကောင်ပဲ"

ဆံပင်တွေကို အပေါ်လှန်ဆွဲဖွရင်းက ချိုလီက စိတ်ရှုပ်စွာ ဆိုသည်။ ချိုလီ့ကို မပြောပြထားလို့က မဖြစ်။ ပြောရင် ဒေါသထွက်မယ် ဆိုတာလည်း သိပြီးသား။

"မတတ်နိုင်ဘူး ချိုလီ၊ သူနဲ့နီးစပ်ဖို့ ငါ့မှာ ဒီနည်းပဲရှိလို့ပါ"

"သွားသေပါလား၊ ငါ့ကို ဆွဲထည့်တာတော့ မကောင်းဘူး နော် ဝတီ၊ နဂိုကမှ shock တွေရှိလို့ ပတ်ရှင်းနေရတဲ့ ကြားထဲ"

"တကယ်မှ မဟုတ်တာပဲ ချိုလီရာ၊ နင့်နာမည် ခဏသုံးတာပဲရှိတာ၊ အချိန်တန်ရင် ငါလည်း မနေပါဘူး၊ သူ့ကို အမှန်အတိုင်း ပြောပြမှာပါ"





မျက်နှာပျက်ချင်ချင် ဖြစ်နေတဲ့ ဝတီ့ကို စေ့စေ့ကြည့်ရင်း ချိုလီ့မျက်နှာလေး ပြုံးစပ်စပ် ဖြစ်လာသည်။ ဝတီထက်နဲ့ ခင်မင်လာတဲ့ သက်တမ်းတစ်လျှောက် မိန်းကလေးတစ်ယောက်အတွက် သူ့ အခုလို ယောက်ယက်ခတ်တာမျိုး သူမ မတွေ့ဘူးခဲ့။

"ဟဲ ဟဲ … စတာပါ ဝတီရယ်၊ နင့်ရုပ်ကလည်း မည်းပျက်နေတာပဲ၊ ချိုလီ့ဘဝမှာ ဝတီထက်ဆိုတဲ့ သူငယ်ချင်းကို အကျိုးမဆောင်ပေးတာမျိုး ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ"

ဒီတော့မှ ကိုယ်တော်ချောက ပြုံးရယ်နိုင်သည်။ apple juice သောက်နေတဲ့ သူ့မျက်နှာမှာ လေးနက်မှုတစ်ခုက ခင်၍နေရာယူနေ၏။

"နေစမ်းပါဦး၊ အဲဒီတစ်ယောက်က တော်တော်များ လှနေလို့လား"

"ဟင့်အင်း … အရမ်းကြီး လှတာမျိုးတော့ မဟုတ်ဘူး၊ ဆွဲဆောင်မှုတော့ တော်တော်ရှိတယ်"

"ဟား ဟား … တွေ့ချင်လိုက်တာဟာ၊ ငါ့သူငယ်ချင်းကို ပြုစားနိုင်တယ်ဆိုတာ နည်းနည်းနောနော အရည်အချင်းမျိုးတော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းစင်တာက feel ထဲမှာ ဝတီထက်နှင့် ချီလီ ရယ်မောနေရင်း အပြင်ကို မျက်လုံးအရောက် ဝတီထက် မျက်လုံးပြူးသွားသည်။ မမ်ပဲ။ အန်တီကေသီနဲ့အတူ ဖြတ်လျှောက်သွားသည်။

ဒီဘက်ကို လှည့်မကြည့်ပါစေနှင့် ဆုတောင်းရင်းက သူ့ဆုတောင်း မပြည့်ဝရှာခဲ့။ မမ့်အကြည့်က မှန်ပြတင်းကိုဖြတ်ကျော်ပြီး သူတို့ဆီ ရောက်လာပါ၏။

မကြာမီမှာပဲ သူ့ဆီ မမ့်ဖုန်း ဝင်လာသည်။ ချီလီ့ရှေ့မှာ ဟန်မပျက် သူ ဖုန်းကိုင်လိုက်သည်။

"ဝတီထက် ... နင် အခု ဘယ်မှာလဲ"

"မမ် တွေ့လိုက်တယ် မဟုတ်လား"

"တွေ့လိုက်တယ်၊ တစ်နေ့ တစ်နေ့ နင် ဒီလို ဂလေရိုက်နေမယ်ဆို စင်ကာပူကိုပဲ သွားတော့ ငါ ခွင့်ပြုတယ်၊ နင့်အဖေကို ငါ ကူပြောပေးမယ်၊ ချီလီနဲ့တော့ အဖြစ်မခံနိုင်ဘူး"

"မမ်ကလည်းဗျာ"

"မမ်ကလည်းဗျာ လုပ်မနေနဲ့၊ မင်း ဒက်ဆီ သွားလိုက်ဦး၊ တော်ကြာနေ သူ ဖုန်းဆက်လာလိမ့်မယ်"





သူ ဖုန်းအချူမှာ ချီလီရဲ့မျက်နှာအမဲ့ကို ရိပ်ခနဲနေအောင် တွေ့လိုက်ရသည်။ မမ်က ချီလီ့ကို အမြင်မကြည်သလို ချီလီကလည်း မမ့်ကို အမြင်မကြည်လင်။

"ဘာလဲ ... နင့်အမေ ပြန်ခေါ်တာ မဟုတ်လား၊ သွားကြရအောင်၊ ငါလည်း သွားစရာရှိတယ်"

"ငါ တောင်းပန်ပါတယ် ချီလီ"

"ဘာအတွက်လဲ"

"မမ့်အစား"

"မလိုပါဘူး၊ ငါက လူငယ်ပေမယ့် အကန့်ခွဲတတ်ပါတယ်၊ နင့်မမ့်ကို ကြည့်မရတာနဲ့ နင်နဲ့ အပေါင်းအသင်းမလုပ်တာမျိုး မရှိပါဘူး၊ သူကသူ နင်က နင်ပဲ"

တကယ်တော့ မမ်က ချီလီ့မိဘနှစ်ပါး နောက်အိမ်ထောင် ကိုယ်စီထူသွားကြတာကို အထင်သေးသွားသလို၊ ချီလီ့ကို ဘဲတစ်ပွေပြီးတစ်ပွေနဲ့ ပက်ပင်းတွေ့ခဲ့ရသည့် အတွက်လည်း ခပ်ရှုပ်ရှုပ် မိသားစုလို သတ်မှတ်ထားခဲ့တာ။ ဒါကြောင့် သူ့ကို ချီလီနဲ့ငြိမှာ သေမတတ် စိုးရိမ်နေသည်ပေါ့။

သူတို့နှစ်ယောက် ထ,ပြန်ဖို့ စီစဉ်နေတုန်းမှာ ဖုန်းဘကော ဝင်လာသည်။ စာရေးဆရာမ ဝဿန်ခါဆီကဖုန်း၊ သူဘ ချီလီကြားအောင် speaker ဖွင့်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"အေး ... ဝတီ၊ မင်း ဘယ်မှာလဲ"

"ရန်ကင်းစင်တာမှာ၊ မ,ခိုင်းတဲ့အတိုင်း ချီလီ့နောက်လိုက်နေတာ"

"အင်း ... ကောင်းတယ်၊ သူ မြင်နိုင်တဲ့နေရာမှာ နေနော်၊ တစ်ခု ... နောက်သုံးရက်လောက် ကြာပြီးရင်တော့ နှင်းဆီတစ်ပွင့်မှာ 'forgive me'ဆိုတဲ့ ကတ်လေးတစ်ခု ချိတ်ပြီး တစ်ယောက်ယောက်နဲ့ ပေးခိုင်းပါ၊ အဲဒီအချိန် သူ့နားမှာ ကခြားဘဲတစ်ပွေရှိတောင် ဂရုမစိုက်နဲ့၊ အသည်းပုံ ပူဖောင်းတစ်လုံးပေါ် ရေးပြီးပေးလည်း အဆင်ပြေတယ်"

"ဟုတ်"

ချီလီက အသံမထွက်အောင် နှုတ်ခမ်းလေး အသာကိုက်ပြီး ရယ်နေ၏။ ဒီစာရေးဆရာမ အညာခံရမှန်း သိခဲ့ရင် ဘယ်လောက် အခံရခက်ပြီး ရှက်သွားရှာလိုက်မလဲ။

"အဲဒီလိုလုပ်ပြီးရင် အခြေအနေတွေကို တို့ကို report ပြန်တင်၊ အခြေအနေမထူးရင် level မြှင့်ပြီး method ပြောင်းမယ်"





"ဟုတ်ကဲ့ မ,၊ ကျွန်တော် ပြန်ဆက်မေးမယ်၊ ကျေးဇူးတင်ပါတယ်နော်"

"မလိုဘူး baby ၊ ဒီလောက်ကတော့ ငွေသံလွင် အတွက် ဝတ္ထုတစ်အုပ် ရေးတာလောက်တောင် မခက်ခဲတဲ့ minor case တစ်ခုပါ"

ငွေသံလွင် ဖုန်းချတော့ ချီလီက မှတ်ချက်ပေးသည်။

"နင် ဘာကြောင့် သူ့ကို စွဲလမ်းသွားမှန်း၊ ငါ အခုတော့ သိပြီ ဝတီထက်၊ ဟုတ်တယ်၊ သူ့မှာ ဆွဲဆောင်မှုတစ်ခုတော့ ရှိနေတယ်၊ လူတော့ ဘယ်လိုနေမယ် မသိဘူး၊ အသံလေးကတော့ နားထောင်လို့ တော်တော်ကောင်းတယ်ဟဲ့"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ချစ်သူနဲ့ နောက်ဆုံးအကြိမ် တွေ့ဆုံခြင်း ခေါင်းစဉ် အောက်မှာ သံလွင် စာပန်းချီရေးခြယ်ခဲ့တာ အရေအတွက်မနည်း ခဲ့ပါ။ တကယ်တမ်း လက်တွေ့ကွင်းဆင်းရမည် ဆိုသည့်အခါ တုန်တုန်လှုပ်လှုပ် ဖြစ်နေရတာ ဘာကြောင့်များလဲ၊ မမြင်ရတဲ့ သံယောဇဉ်အမျှင်ကြိုးတွေကြားထဲ အသက်ရှူလို့တောင် မဝနိုင်ခဲ့

"နင် ... ငွေသံလွင် မဟုတ်တဲ့အတိုင်းပဲ"

မှန်တင်ခုံရှေ့ထိုင်ပြီး ဘဲဥမှန်ဝိုင်းမှာ ပေါ်နေတဲ့ သံလွင်ရဲ့ရုပ်သွင်ကို စူးစိုက်စိုက်ကြည့်ရင်း ခပ်တိုးတိုးမှတ်ချက်ချ လိုက်မိသည်။ ပြီးတော့ မျက်နှာကို စိတ်လိုလက်ရ စိတ်ပြေနပြေ ပြင်နေလိုက်သည်။ ဟိုတုန်းက ချိန်းတွေ့တုန်းကလို ကပျက်ကချော် မျိုး မဟုတ်။ မျက်နှာတစ်ပြင်လုံး ထိရက် ကိုင်ရက်စရာ





အောင် တောက်ပနေအောင် ပြင်တာ။ အနုပညာမျက်စိ ရှိလို့ စာရေးဆရာမ ဖြစ်နေတာမှလား။

အပျင်းကျလို့ မလုပ်ချင်တာပဲ ရှိရမည်။ ဒီနေ့ တောက်ပတဲ့ သူမအလှတရားထဲမှာ သူ နာဖျားသွားစေရမယ်၊ ဆေးလာတောင်းလို့ကတော့ so sorry ပဲ။

ဒီနေ့ သံလွင်နဲ့ သူ နှစ်ယောက်တွေ့ပြီး ဇယား ရှင်းဖို့ သူ အရင်ဖိတ်ခေါ်ခဲ့တာ။ ဘဲလေးက သံလွင်ရဲ့အကျောကို နောကျေအောင် သိထားတာမို့ သူ့ရဲ့အနာဂတ်လမ်းထဲ ဝင်မနှောင့် အောင် ခေါ်ပြီး ကတိတောင်း ဖျောင်းဖျချင်လို့ပဲ ဖြစ်မည်။ သူ ပြောတိုင်း နားထောင်မယ့်အစားမျိုး မဟုတ်တာလည်း သိသိနဲ့။

ခံပြင်းစရာပါ။ လူကြားထဲချပြောတောင်အကြောင်းပြ ချက်က လူရယ်စရာ ဖြစ်မည်။ သံလွင်က မရင့်ကျက်လို့တဲ့လေ။ သံလွင် မရင့်ကျက်တာ သူ အခုမှ သိတာလား။ ရည်းစားသက်တမ်း တစ်လတည်းက သိခဲ့တာပဲ။ အဲဒီတည်းက ဖြတ်ပါတော့လား။

အင်းလေ။ သူ ဖြတ်ချိန်မှ မရှိခဲ့ဘဲ။ သံလွင်ကချည်း ဖြတ်နေခဲ့တာ မဟုတ်လား။ အခုတော့ သူ သံလွင့်ကိုဖြတ်ပြီ။ သံလွင် ဖြတ်တုန်းကလို ကော်မားနဲ့မဟုတ်။ အထူးအော်ဒါမှာ ထားတဲ့ သံမဏိမားနဲ့။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကို ပန်းရောင်ပြေးအောင် ပြင်ဆင်ပြီး တော်ဝင်စင်တာတစ်ခုလုံး တစ်နေကုန်နီးပါး မွှေနှောက်ရှာဖွေပြီး ဝယ်ထားတဲ့ dressig လေးကို ထုတ်ဝတ်လိုက်သည်။ စိန်မှုန်များ ဖြန့်ကျဲထားသလို လက်လက်ထနေတဲ့ အဖြူရောင်အင်္ကျီဆန်းဆန်းလေးနဲ့ ပေါင်တစ်ဝက်လောက်တိုသည့် ခဲပုပ်ရောင်စကတ်တို တစ်ထည်။ ဝတ်ကြည့်တော့ ပြင်ထားတဲ့ရုပ်နဲ့ ကွက်တိမိတဲ့ အလန်းမလေးတစ်ယောက်အဖြစ် ချက်ချင်း အသွင်ပြောင်းသွားသည်။

အဖြူရောင် ဖန်စီနားကွင်းက ဆံပင်တွေကြားက တစ်ချက် တစ်ချက် ဝင့်ကြွားလို့နေသည်။ လွတ်တဲ့ငါးမို့ ကြီးနေတယ်လို့ သင်း ထင်စေရမည်။ ပြန်လိုချင်လို့တော့ မဟုတ်။ မွေ သံလွင်က ကိုယ့်ကိုမလိုချင်လို့ စွန့်လွှတ်သွားတဲ့လူကို 'သနားတယ်'ဆိုတဲ့ ပုံစံမျိုး လုပ်ပြချင်တာ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတဲ့ သင်းကို မချင့်မရဲ ခံစားစေချင်တာ။

"ဟဲ့ ... ဒါ ဘယ်သွားမလို့လဲ၊ ဒီပုံနဲ့ ညည်း အပြင်ထွက်မယ်"

"ဟုတ်တယ် မာမီ၊ သူငယ်ချင်းတစ်ယောက်ရဲ့ birthday party သွားမလို့ပါ၊ အားလုံးက အလန်းတွေပဲ ဝတ်မှာဆိုတော့ သံလွင် မအောက်ချင်လို့"





"ကြည့်ကျက် လုပ်ပါဦးအေ"

အဖြူရောင် ရှူးလေးကို ကြည့်ရင်းက မာမီဆိုသည်။ တော်သေးလို့။ ဒီအဝတ်အစား ဝတ်တာ ပွက်လောရိုက်တာ။ သံလွင် အလျှောက်ကောင်းသည်လည်း ပါသည်ပေါ့။

"ဘယ်သူ့မွေးနေ့လဲ၊ မွေးနေ့လက်ဆောင်လည်း မပါပါလား"

"သြော် ... ဟိုတစ်ခါ သံလွင့်ကို အိမ်လိုက်ပို့ပေးတဲ့ ဝတီထက်ရဲ့မွေးနေ့ မာမီ၊ မွေးနေ့လက်ဆောင်က သံလွင့်အိတ်ထဲမှာ ပါပါတယ်"

အဖြူရောင် ကြိုးရှည်စလင်းဘက်ကို လက်ဖြင့်ပုတ်ရင်း သံလွင် ပြောလိုက်သည်။

"တက္ကစီနဲ့ တစ်ယောက်တည်းသွားမှာ စိတ်မချလိုက်တာ"

"ဒီပုံနဲ့တော့ လိုင်းကားတိုးမစီးနိုင်တာ အမှန်ပဲ၊ ဒီခေတ်ကြီးထဲမှာ မိန်းကလေးတွေ တစ်ယောက်တည်း တက္ကစီစီးနေကြတာပဲ မာမီရာ၊ ကားဝယ်ပေးပါ ဆိုတော့လည်း မဟုတ်"

"ကဲ ... သွား သွား"

ကားဘက်လှည့်တော့မှ သံလွင်လည်း မေမေ့ရှေ့က ထွက်ခွင့်ရသည်။ တက္ကစီငှားပြီး ကားပေါ်ရောက်တာနှင့် သံလွင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို အရှုင်လန်းဆုံးဖြစ်အောင် ပြုပြင်လိုက်သည်။ ငွေသံလွင် နင့်ကို သေအောင်ချစ်ခဲ့ပေမယ့် ခပ်စုတ်စုတ်ရုပ်နဲ့ ကြေကွဲရိပ် သမ်းနေတဲ့ မျက်ဝန်းတွေနဲ့ ရင်ဝေဒနာကို ကြေညာမှာ မဟုတ်တာ သဘောပေါက်။

တဝေါပေါ်တက်တဲ့ ဓာတ်လှေကားထဲမှာ စမတ်ကျကျ လိုက်ပါလာတဲ့ ငွေသံလွင် တစ်ယောက် လူများစွာရဲ့ အကြည့်တွေကြားမှာ မျက်နှာလေးမော့ ရင်လေးကော့လို့ နှလုံးသားက ရိုက်ရိုက်ခါအောင် ဖျားနာနေတာကိုတော့ လူမရိပ်မိအောင် ဖုံးဖိထားရပါသည်။

coffee shop ထဲ ဝေ့ဝဲအကြည့်မှာ ထုံးစံအတိုင်း ထောင့်စားပွဲမှာ သူက နေရာယူထားသည်။ ရှင်းသန့်ချောမောသော သူ့ရုပ်သွင်မှာ ခံစားချက် တစ်စုံတစ်ရာ မပျော်ဝင်နေတာမို့ အလုပ်ပြထားတဲ့ model ရုပ်တုတစ်ခုနဲ့တောင် တူနေသေး၏။

"ဘယ်သွားစရာရှိလို့လဲ"

သူ့ရှေ့ခုံမှာ ဝင်ထိုင်ထိုင်ချင်း သံလွင့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးပြောတဲ့ သူ့စကားက သံလွင့်ကို idea တစ်ခု ထည့်ပေးလိုက်သလိုပင်။

"အင်း ... တစ်ယောက်နဲ့ ချိန်းထားလို့ပါ"





"ဩော် ... ဒါကြောင့်ကိုး"

စစချင်းမှာပဲ သူ့ရင်ထဲကို ဆူးတစ်ချောင်း ထိုးသွင်းနိုင်သည့်အတွက် သံလွင် တော်တော်အားရမိသည်။

"နင် ဘာပြောမှာလဲ"

ခပ်ပြတ်ပြတ် သံလွင့် မေးခွန်းအောက်မှာ သူ တော်တော် နင်သွားသည့်ပုံ။ ဒါပေမဲ့ သူလည်း မိုးလရွှေညိုပဲ။ ချက်ချင်းဣန္ဒြေပြန်ဆည်နိုင်ခဲ့သည်။

"လမ်းခွဲကြစို့ သံလွင်"

သံလွင်က မခိုးမခန့်ရယ်ရင်း သူ့မျက်ဝန်းထဲ တည့်တည့်စိုက်ကြည့်လိုက်သည်။

"အဲဒါထက်မကတဲ့ စကားတွေ နင် ငါ့ကို ပြောချင်တာ ငါ သိထားပါတယ် ရွှေညို၊ တို့တွေက သူငယ်ချင်းလည်း ဖြစ်ခဲ့တာဆိုတော့ ပွင့်ပွင့်လင်းလင်းပေါ့ဟာ"

သူက သောက်မြင်ကတ်စရာကောင်းအောင် အကျောတင်းတဲ့ သံလွင့်ရုပ်ကို တစ်ချက် စိုက်ကြည့်ရင်းက ချောင်းအသာ ဟန့်လိုက်ရင်း ...

"ငါ ကောင်မလေးတစ်ယောက်နဲ့ တွေ့စပ်တော့မယ်၊ စင်ကာပူမှာ သူ အခု ကျောင်းတက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ဆိုလိုရင်းက …"

"ငါတို့ ဘယ်လိုမှ မဖြစ်နိုင်တာ မင်းအသိပါ ငွေသံလွင်၊ လူနှစ်ယောက်ပေါင်းစပ်ဖို့ အချစ်တစ်ခုထက် နားလည်မှု ရှိဖို့က ပိုအရေးကြီးတယ်၊ မင်းမှာ လူတစ်ဖက်သားပေါ်ကို နားလည်နိုင်စွမ်းအား မရှိဘူး၊ လုပ်ချင်ရာ လုပ်တတ်တဲ့ စိတ်တစ်ခုဟာ နှစ်ယောက်ပေါင်း တည်ထောင်မယ့် ဘဝ အတွက် စိတ်ပျက်စရာ အနှောင့်အယှက်တစ်ခုဖြစ်မှာ ငါ အစိုးရိမ်ဆုံးပဲ"

"ဟား ဟ … ကောင်းလိုက်တဲ့ စကားလုံးတွေ၊ ပြောင် မြောက်ပါပေရဲ့"

"ငါ အတည်ပြောတဲ့စကားကို မလှောင်ပါနဲ့ ငွေသံလွင်"

"လှောင်နေတယ်လို့ ထင်နေတာ နင့်စိတ်လေ ရွှေညို၊ ငါ တကယ်ချီးကျူးနေတာပါ၊ နင်ပြောချင်တာ ဒါပဲမဟုတ် လား၊ စိတ်ချ … နင့်ကို ခြေသလုံးဖက်ပြီး တစ်ကပြန်စ၊ ဖို့ တောင်းပန်မယ့်ထဲမှာ ငါမပါဘူး"

"ကျေးဇူးတင်ပါတယ်"

သံလွင်က အမြင်ကတ်စွာ ရယ်လိုက်ရင်းက ဖုန်း ကိုထုတ်ပြီး ဝတီ့ဆီ ဖုန်းဆက်လိုက်သည်။





"ဝတီ … ဇ, xxx တာဝါအပေါ်ဆုံးထပ်က ကော်ဖီဆိုင် ရောက်နေတယ်၊ လာခဲ့ပါလား"

"………"

"အင်း … အင်း … စောင့်နေမယ်နော်"

ဖုန်းချပြီး မမှိတ်မသုန် စိုက်ကြည့်နေတဲ့ ရွှေညို့ဘက် လှည့်ရင်းက …

"ငါ့ရဲ့ဘဲ အသစ်စက်စက်လေးနဲ့ မိတ်ဆက်ပေးချင်လို့ နင် အချိန်ရရင် ခဏလောက် ထိုင်ပေးပါဦးလား"

"sorry … ငါ အားအားလျားလျား လူတစ်ယောက်မဟုတ် ဘူး"

"ဩော် … ဟုတ်သားပဲ၊ မေ့တော့မလို့၊ အင်း အင်း … ဒါဆိုလည်း နင် သွားလို့ရပါပြီ"

သံလွင့်စကားကြောင့် သူ့ရဲ့မျက်နှာ ခရမ်းချဉ်သီး ပမာ တွတ်တွတ်ရဲသွားရှာပါသည်။ ဘာလို့လဲ။ ကိုယ်လွှတ်ချခဲ့တဲ့ လက်တစ်ဖက် ကိုယ့်ကို ပြန်ပုတ်ထုတ်ရင် ခံနိုင်ရည်တော့ရှိရ မယ် မှလား။

"အင်း … bye … လက်ထပ်ရင် ဖိတ်စာပို့လိုက်မယ်"

"ဟင်း ဟင်း … ဖိတ်စာအရင်ဖတ်ရတဲ့သူက နင်ဖြစ်မှာပါ မိုးလရွှေညိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



သံလွင့်ကို ကျောခိုင်းထွက်သွားတဲ့ သူ့ကျော တစ်ချက်တွန့်သွားတာ သံလွင် တွေ့လိုက်ပါသည်။ ဘာရယ်ပဲဟုတ် သံလွင့်ရယ်သံကို သူ ကြားရအောင် တမင်ညှစ်ပြီး အသံထွက်ရယ်မိပါသည်။ အနည်းငယ် ခြောက်ကပ်ကပ်နိုင်နေတာတော့ သံလွင် အသိဆုံးပေါ့။ ရင်ထဲမချိအောင် နာနေသည် မဟုတ်လား။ ပြိုကျချင်တဲ့ မျက်ရည်တို့ကို လွှတ်ပေးလိုက်ရင် ဒန်ဖလားတစ်လုံး အပြည့်တောင် ရနိုင်သေးသည်။ သို့ပေမင့် ဒီမျက်ရည်တွေအားလုံးကို မျက်လုံးအိမ်ထဲမှာပဲ ခဏတာ save ထားလိုက်ပါသည်။





၁၄

"တောက် … ဝတီထက်၊ မင်း တော်တော်အသုံးမကျတဲ့ကောင်"

ရုပ်သေလေးနဲ့ သူ့ကို သံလွင် စိတ်ရှိလက်ရှိဆွဲဆောင့်ပစ်လိုက်ချင်ပါသည်။ ဘယ်လောက် လမ်းကြောင်းပေးပေး အဖြစ်ကို မရှိ။

"နေပါဦး သေချာအောင် ထပ်မေးပါဦးမယ်၊ မင်းတို့နှစ်ယောက် ကြိုက်တာ ဘယ်နနှစ်လဲ"

"ငါးနှစ်လောက်တောင် ရှိပြီ"

"ဟင်း … တို့ ကြားဖူးတာတော့ ရည်းစားသက်တမ်းကြာလို့ ရိုးသွားကြတာ ယောက်ျားတွေပဲ၊ အခု မင်းအလှည့်ကျမှပဲ ပြောင်းပြန်၊ သူတကယ် မင်းကို အဖက်မလုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဆိုရင်တော့ သေချာတယ်၊ သူ မင်းကို မေ့လိုက်ဖို့ ယတိပြတ် ဆုံးဖြတ်ပြီးပြီ၊ သူ နောက်တစ်ယောက် အဆင်သင့် ရှိနေပြီ"

"တော်လိုက်တာ မ,ရယ်၊ ဟုတ်တယ်၊ သူ ဘဲတစ်ပွေနဲ့ တွဲနေတယ်၊ အခံရခက်လွန်းလို့ ရင်တစ်ခုလုံး ကြိမ်မီးအုံးသလိုပဲ၊ ကျွန်တော် မခံစားနိုင်တော့ဘူး"

ရုပ်လေးကို ရှုပုပ်ပြီး စဉ်းစားခန်းဝင်နေတဲ့ သူမကို သူ မျက်တောင်မခတ်တမ်း ကြည့်မိပါသည်။ တကယ်ဆို သူ့ရင်ထဲက ဝေဒနာကို မ,သိအောင် ပွင့်ပွင့်လင်းလင်း ကြေညာချင်ပေမင့် သူ့မှာ လုံလောက်တဲ့သတ္တိ မရှိတာက ခက်နေသည်။ သူ အရာအားလုံးကို ဝန်ခံပြီးတဲ့နောက် မ, သူ့ကို မုန်းတီးသွားမှာကိုလည်း တွေးကြောက်နေမိပါသည်။

"လင်းတရုပ်နဲ့ မှိုင်မနေစမ်းပါနဲ့ဟယ်၊ စိတ်ပုပ်တယ်ပဲဆိုဆို အဲဒီတစ်ယောက် မင်း ဝမ်းနည်းခံစားနေရတဲ့ အချိန်မှာ မပျော်ရွှင်စေရဘူး"

"အမ်"

တကယ်တော့ သံလွင့် ရင်ထဲမှာလည်း အနာနဲ့ပါ။ အဖြစ်ချင်းတူနေတဲ့ ဝတီထက်ကို ကိုယ်ချင်းစာမိသလို ရွှေညို့ကို





ကဖျက်ယဖျက်လုပ်ခွင့်မရှိတဲ့ စိတ်ဆာမှုကို ဝတီ ကောင်မလေးပေါ်မှာ ပုံချလိုက်မိတာဖြစ်သည်။

"မ, ဘာကို ဆိုလိုတာပါလိမ့်"

သံလွင်ရဲ့နှုတ်ခမ်းထက်မှ ညစ်ကျယ်ကျယ်အပြုံးတစ်ခု ကပ်ငြိသွားသည်။ အခုနေများ သူ့ချိုလီနဲ့ တွေ့ကြည့်လိုက်ပါလား။

"ဟာ ... ချိုလီ"

ဗြုန်းစားကြီး သူတို့မြင်ကွင်းထဲသို့ ချိုလီဝင်လာသည်။ ရိုးရိုးဝင်လာတာတော့ မဟုတ်၊ သူ့ဘဲလက်ကို ချိတ်ပြီး။

သူ့ရဲ့ယောင်ယမ်းထွက်သွားတဲ့ အသံကြောင့် သံလွင်အနောက်ကို လှည့်ကြည့်သည်။ ချိုလီတို့အတွဲကိုတွေ့တော့ သံလွင့်မျက်ဝန်းတို့ မီးဝင်းဝင်းတောက်သွား၏။

သနားစရာကောင်းသည့် ဝတီထက်။ သူ ဘယ်လောက် ခံစားနေရရှာမလဲ။

"ကဲ ... ကြည့်နေ ဝတီထက်၊ အဲဒီဘဲနဲ့ သူ ပြတ်သွားအောင် ငါလုပ်ပြမယ်"

"ဗျာ ... မ,"

"ဟုတ်တယ် ဝတီထက်၊ မင်း အေးဆေးစောင့်ကြည့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မ ... မကောင်းဘူး ထင်တယ်နော်၊ မလုပ်ပါနဲ့ မ,ရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

"မရဘူး ... လုပ်မှာပဲ"

အဲဒါမှ ကွိုင်။ ငွေသံလွင် ဆိုသည့် သူမရဲ့မျက်နှာက ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချပြီးတဲ့ပုံ။ ချီလီ့ကို ဒီကော်ဖီ shop က ထွက်သွားဖို့ သူမရှေ့မှာ ဖုန်းဆက်ပြောဖို့ ဘယ်လိုမှ မဖြစ်နိုင်တာမို့ သူ သောကအကြီးအကျယ်ကို ရောက်နေမိသည်။ ငွေသံလွင်ဆိုသည့် သူမကတော့ စားပွဲပေါ်ကို ဘဒေါက်ဒေါက် ခေါက်ရင်း တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေ၏။

"မ, ... ကျွန်တော် latrine ခဏသွားချင်လို့"

"နေပါဦး၊ မင်းကိစ္စ ခဏလောက် အောင့်ထားလိုက်ပါဦး၊ တို့ အခုပဲ သူတို့ဆီ သွားတော့မှာ၊ ဒီအတွက် မင်းဒီစားပွဲမှာ ရှိနေမှ ဖြစ်မှာ"

ဝတီ ထက် သေချင်စော်တောင် နံသွားသည်။ မကြာမီ ငွေသံလွင် ဆိုသည့် သူမ ပြဿနာတစ်ခုကို ဖန်တီးတော့မှာ သေချာနေ၍ပေါ့။ တားမရတာ သိတာမို့ သူ ငွေသံလွင် ထွက်အသွားကို လက်မှိုင်ချပြီး ကြည့်နေလိုက်ရသည်။ မီးစင်ကြည့် ကရတော့မှာပေါ့။





ချီလီက သူတို့စားပွဲဘေး လာရပ်တဲ့ အမျိုးသမီးကို မော့ကြည့်လိုက်သည်။ အနက်ရောင်စပို့ရှပ်တစ်ထည်နှင့် ဒူးသာသာ ဂျင်းစကတ်တစ်ထည် ဝတ်ထားတဲ့ မမတစ်ယောက်။ နှုတ်ခမ်းနှစ်မြွာက တင်းတင်းစေ့ပြီး မျက်လုံးတွေက အေးစက်နေ၏။

"ညီမက ချီလီလား"

"ဟုတ် ... အစ်မ ဘယ်သူလဲ မသိဘူး"

အိတ်ထဲကထုတ်ပြီး လက်ထဲကိုင်လာတဲ့ ချောကလက်တစ်တောင့်ကို ချီလီ့ကို သံလွင် ကမ်းပေးလိုက်သည်။

"ဘာလဲ ... အစ်မ"

"ဟိုကောင်လေး ပေးခိုင်းလို့ပါ၊ သူ ဟိုမှာ"

သံလွင် ညွှန်ပြရာကို ချီလီ လှမ်းကြည့်လိုက်တော့ ဝတီ ကို တွေ့လိုက်ရသည်။ ချက်ချင်းသိလိုက်တာက ဒါ စာရေးဆရာမ ဝဿန်ခါပဲ။

"လီလီ ... ဘာတွေလဲ"

"ခဏ ကို၊ နောက်မှ ရှင်းပြမယ်"

ဝတီ ကတော့ မျက်နှာငယ်နှင့် လက်နှစ်ဖက်ယှက်လို့ တောင်းပန်ဟန် လုပ်ပြနေသည်။ ဒီဘက်ကလည်း ရည်းစားက မျက်နှာညိုလို့၊ ချီလီ အကြီးအကျယ်ကို စိတ်ရှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူလိုက်ပါ ညီမ"

ကွိုင်ပဲ၊ ဒီမိန်းမကတော့ ယူရအခက် မယူရအခက်နှင့် ချိုလီ တွေဝေနေတုန်း ဘေးကတစ်ယောက်က ထ,ပြဿနာရှာသည်။

"လီလီ ... ဘာတွေလဲလို့ 'ကို'မေးနေတယ်လေ"

"သူနဲ့ ငါးနှစ်လောက် ချစ်ဖူးတယ်လို့ ပြောတာပဲ"

"ဘာ"

"ကို ... မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး"

ထ,ထွက်သွားတဲ့ ကောင်လေးနောက်ကို ချိုလီကသောကမျောလိုက်ရင်းက ငွေသံလွင့်ကို စိတ်ကုန်စွာ တစ်ချက်ကြည့်မိသည်။ ဘယ်လိုမိန်းမျိုးပါလိမ့်။ ဒါမျိုး ဘယ်သူပြောရဲလုပ်ရဲမှာလဲ။ စိတ်ထဲကလည်း ကျိတ်ပြီး ဝတီကို ကျိန်ဆဲမိလိုက်သည်။ သင်း အခုတော့ ကိုယ်ကတဲ့ဇာတ်ကို ကိုယ်မနိုင်တော့ဘူးပေါ့။ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးမို့ သံလွင် ဒေါသတွေကို မနည်းချိုးနှိမ်လိုက်ရသည်။ သူ ဆရာ တင်ထားတဲ့ ဝဿန်ခါ ဆိုတဲ့ စာရေးဆရာမကတော့ တကယ့်မလွယ်ကြောလက်ပစ်မိုးတစ်လုံးပဲ။





၁၅

မမ်ရဲ့တိုက်တွန်းမှုကြောင့် ဒက်ကပါ သူ စင်ကာပူမှာ ကျောင်းဆက်တက်ဖို့ကိစ္စကို သဘောတူညီလိုက်သည်။ တောက်လျှောက် မိဘနှစ်ပါးနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့သော ဝတီထက်တစ်ယောက် လိုချင်တဲ့အဖြေတစ်ခုကို ရတဲ့အခါ ဝမ်းသာခြင်းအလျဉ်းမရှိ။

"ကဲ ... စိတ်ချမ်းသာသွားပြီမလား ဝတီထက်၊ မှတ်ထားဖို့က မိဘဆိုတာ သားသမီးရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး ဖြည့်ဆည်းပေးတတ်သူတွေပဲ"

"ဩော် ... မမ်ကလည်း၊ ဘာကြောင့်ဆိုတာ သိသိနဲ့"

"ဘာလဲကွ ... ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဒက်က မျက်မှန်ကြားကကျော်ပြီး သူတို့သားအမိကို လှမ်းကြည့်နေသည်။ အခုလောက်ဆို မမ်က ဒက်ကို ချီလီနဲ့ အကြောင်း သတင်းပို့ပြီး ဖြစ်နေလိမ့်မည်။

"ဩော် ... မမ်တို့ အထင်လွဲနေကြတာပါ၊ ချီလီနဲ့က ပြောမနာ ဆိုမနာ သူငယ်ချင်း၊ ဒီအဆင့်ပါပဲ၊ အခု အိုင် စိတ်ပြောင်းသွားပြီ၊ စင်ကာပူမှာ ကျောင်းဆက်မတက်တော့ဘူး"

"ဟင်"

"ဟော"

"ဒက်ဆန္ဒ လိုက်ရကောင်းမလား၊ မမ်ရဲ့ဆန္ဒ လိုက်ရကောင်းမလားလို့ စဉ်းစားနေတယ်"

"ဘယ်လို ဝတီ"

"ကြားတဲ့အတိုင်းပဲ မမ်၊ ချီလီ့ကြောင့် လုံးဝမဟုတ်တာ ထပ်လောင်း ပြောပါရစေ"

"ကဲ ... ဖေကြီး ကြားတယ်နော်၊ ကျုပ်သားကို သေချာကြည့်စမ်း၊ ဘာမှအပြစ်ဆိုစရာ မရှိဘူး၊ မင်းသားတစ်ယောက် ဖြစ်နိုင်တယ်မှလား"

"တော်ပါ မလတ်ရာ၊ ချောတိုင်း ခန့်တိုင်းသာ မင်းသား ဖြစ်ကြေးဆို ငါ မင်းသား ဖြစ်နေရောပေါ့"





မမ့် မျက်စောင်းက ဒက်ဆီ ဒေါက်ခနဲ ရောက်သွားချိန်မှာ သူကတော့ မထိန်းနိုင်ဘဲ တခွိခွိရယ်မိသည်။

"အနုပညာဆိုတာ လွယ်မှတ်လို့၊ ဗီဇပါမလာရင် ငုတ်တုတ်မေ့မှာ"

"သူ့မှာ ဗီဇ ပါ,မပါ ရှင် သိလို့လား၊ စမ်းတော့ကြည့်ရမှာပေါ့၊ ဝတီ ပြောပြလိုက်စမ်း၊ တို့ fashion shop ရှိုးပွဲမှာ မင်း ဘယ်လောက် popular ဖြစ်လဲလို့၊ ဖုန်းတစ်လုံးပိတ်ထားရတာပဲကြည့်၊ facebook မှာလည်း like ဘယ်လောက်ရခဲ့လဲ၊ ဒါတွေ ရှင် မသိပါဘူး"

"အေး ... မသိဘူး၊ သိလည်း မသိချင်ဘူး၊ ငါကတော့ ကုမ္ပဏီတစ်ခုလုံးကို ဦးစီးနိုင်တဲ့ အရည်အချင်းပဲ ငါ့သားမှာ ရှိနေစေချင်တာ"

မမ်နဲ့ ဒက် တိုက်ပွဲမဖြင့်ခင်မှာ သူ ဟိုလိုလို ဒီလိုလိုနဲ့ ထမင်းစားပွဲက သာသာလေး လစ်ထွက်လာခဲ့သည်။

ချီလီ့ဖုန်းကို သူ ရလိုရငြား ဆက်ကြည့်မိသည်။ ဖုန်းပိတ်ထားတာ ငါးရက်တောင်ရှိပြီ မဟုတ်လား။ သူ့အိမ်လိုက်သွားတော့လည်း သူ မရှိပါဘူးချည်းပဲ ဖြေနေကြတာမို့ လူမှုရေးအရ မကောင်းတတ်၍ မယုံသော်ငြား သူ ထ,ပြန်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက ဒီကိစ္စအတွက် အပြစ်ကြီးတစ်ခုရှိသလို သူ ခံစားနေရတာမို့ တကယ်ကို မနေတတ် မထိုင်တတ်ပါ။

ဒီတစ်ခါတော့ သူမ ဖုန်းမပိတ်ထားပါ။ ဖုန်းကိုင်တာမို့ သူ အတိုင်းမသိ ဝမ်းသာသွားမိသည်။

"ဘာလဲ ဝတီထက်"

"ဘယ်က စပြောရမှန်းကို မသိတော့ပါဘူး ချီလီရာ၊ ဘယ်လိုတောင်းပန်ရမှန်းကို မသိတော့ဘူး"

"တောင်းပန်မနေနဲ့တော့၊ သူနဲ့ ငါ ပြတ်သွားပြီ"

"ဟာ"

"စိတ်မကောင်း မဖြစ်ပါနဲ့၊ ငါ အစကတည်းက လိုအပ်ရင် နင့်ကိုခေါ်မယ် စဉ်းစားထားပေမယ့် သူက အဲဒီလိုတောင် လက်မခံနိုင်တော့ဘူး ဆိုတော့လည်း ဘယ်တတ်နိုင်မလဲ၊ သွားပေါ့၊ ဒီလောက် စိတ်သဘောထားသေးသိမ်တဲ့လူနဲ့ မပတ်သက်တာ ကောင်းတယ်"

"ဒါဆို ဟိုရက်တွေ ဘာတုန်းက နင် ဘာလို့ ငါ့ကိုထွက်မတွေ့လဲ"

"ဒေါသထွက်နေတယ်လေ၊ နင့်စာရေးဆရာမလုပ်ပုံ ကောင်းရဲ့လား၊ တော်သေးတာပေါ့၊ ငါ့မှာ စပယ်ရာပတ်စ်လေးတွေ





ရှိနေလို့၊ တစ်ဦးတည်းသော ရည်းစားဆိုရင်တော့ မလွယ်ကြောဘဲ၊ မြန်မြန်သာ ဖွင့်ပြောလိုက်ပါတော့ ဝတီထက်ရယ်"

"ငါလည်း တားပါတယ်ဟာ၊ ဒါပေမယ့် သူကမရဘူး တစ်ဖွတ်ထိုး၊ အခု အမှန်အတိုင်း ဖွင့်ပြောရမှာတောင် ငါ လန့်နေပြီ"

ဝရန်တာကို မှီထိုင်ရင်းက ဝတီထက် ခပ်ညည်းညည်း ပြောမိသည်။ သူ ရင်ခုန်ရသော တစ်ဦးတည်းသော သူမကို သူ ဆုံးရှုံးရမှာ တွေးကြောက်နေပါသည်။ သူမ မျက်နှာလေး မြင်ခွင့်မရှိတော့ရင်၊ သူမအသံလေး ကြားခွင့်မရှိတော့ရင်၊ သူမ အမူအရာ လှုပ်ရှားမှုလေးတွေ သူ ကြည့်ခွင့်မရှိတော့ဘူးဆိုရင်။

"သေချာတယ်၊ သူ နင့်ကို သိပ်မုန်းသွားမှာပဲ"

ချီလီကလည်း သူ အားတက်အောင် အားပေး၏။ လူက နဂိုကတည်းက ကြောက်ပါတယ်ဆိုမှ လာဖြဲခြောက်နေသည်။

"ငါလည်း နောက်ထပ် ဘဲတွေနဲ့ ပြဿနာထပ်မတက်ချင်တော့ဘူး ဝတီထက်၊ နင် နားလည်ပါတယ်နော်"

"အေး ... ချီလီ၊ ကျေးဇူးဟာ၊ နင့်နေရာမှာ တခြားသူငယ်ချင်းဆို ငါနဲ့ အခု သေခန်းပြတ်နေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ချီလီ ဟိုတစ်ဖက်က ခပ်ဟဟ ရယ်နေသည်။

ချီလီ့လို နှလုံးသားမျိုး ရှိရင်လည်း အကောင်းသားပဲလေ။

"နင်လည်း လမ်းကြောင်းသိပ်မများနဲ့ ချီလီ၊ တစ်ယောက်ဆိုတစ်ယောက် သတ်သတ်မှတ်မှတ် တွဲပါဟာ၊ ကိုယ်က မိန်းကလေး၊ နစ်နာစရာရှိရင် ကိုယ်ပဲနစ်နာမှာ၊ ငါပြောတာ သဘောပေါက်လား"

"သိတယ် ... ဒါပေမဲ့ တစ်ယောက်တည်း သတ်သတ်မှတ်မှတ် တွဲလောက်တဲ့ အရည်အချင်းရှိတဲ့ယောက်ျား မတွေ့သေးလို့ ငါ ရှာနေတာ၊ လေရှည်မနေနဲ့တော့၊ ငါ ဖုန်းချိန်းထားလို့၊ ဒါပဲ ... ဘိုင့်ဘိုင်"

ဖုန်းကို ဘေးနားမှာချရင်း သူ တွေးနေမိသည်။ ငွေသံလွင် ဆိုတဲ့ မ,ရဲ့အကြောင်းကိုပါ၊ အခုနေ သူမ ဘာတွေများ လုပ်နေမလဲ။ မထိန်းနိုင်တဲ့အဆုံးမှာ သူ ချထားတဲ့ဖုန်းကို ယူပြီး မ,ဆီ ဖုန်းဆက်မိသည်။

"ဟယ်လို ... ဝတီ"

"မ,အားလားဟင်၊ စာရေးနေတာလား"





"ရေးနေရင်းက စိတ်ရှုပ်လာလို့ဟာ၊ ရေးရမှာက ဇာတ်မြူးလူကမမြူးတော့ တို့စာတွေက ကြောင်စီစီ ဖြစ်နေသလိုခံစားနေရတယ်၊ အတော်ပဲ၊ မင်း တို့ကို စိတ်ပျော်စရာတစ်ခုခု ပြောပြပါလား"

"စိတ်ပျော်စရာ ... ဘယ်လိုဟာမျိုးလဲ မ,"

"မင်းဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ ဟာသဆန်ဆန် အဖြစ်အပျက်မျိုးပေါ့"

"အင်း ... ဒါမျိုးက ကျွန်တော် ကြုံတုန်း ရယ်လိုက်မိတာပဲရှိတယ် မ,ရဲ့၊ တခုတ်တရ မှတ်ထားတာမျိုးတော့ မရှိဘူး"

"မရဘူး၊ တို့ မင်းကို ကူညီထားတာပဲ၊ ဒီတစ်ခါ မင်းအလှည့်၊ စဉ်းစားပြီးတော့ ပြောပေါ့"

ဖုန်းဆက်မိတာ မှားပြီ။ အသိနောက်ကျသွားတော့ သူ ဘယ်လိုမှ မတတ်နိုင်တော့။ ခေါင်းထဲရောက်လာတာ တစ်ခုကို ပြောလိုက်မိသည်။

"ကျွန်တော်တို့ ILBC တက်တုန်းက ဂျက်စတင် ဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ ငနောက်တစ်ကောင်ပေါ့၊ ကွန်ပျူတာ lab ခန်းထဲမှာ အင်တာနက် ခိုးခိုးသုံးတယ်၊ မိရင်လည်း ရယ်ဖြဲဖြဲပဲ၊ ဆိုးတာက ကျောင်းမှာ အတွဲလို့ သတ်မှတ်ထားတဲ့ စုံတွဲမှန်သမျှ အလစ်ချောင်း ဓာတ်ပုံရိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မိုက်ကြေးခွဲတာပဲ၊ သူ့အကြောင်းသိလို့ အတွဲတွေ သူ့မြင်တာနဲ့ ခပ်ဝေးဝေး နေကြတယ်"

"ဟမ်"

"ဩော် ... တစ်မျိုးမထင်ပါနဲ့၊ စကားပြော ရယ်မောနေတဲ့ ပုံမျိုးတွေပါ၊ တစ်နေ့ တစ်နေ့ မသထာရေစာတွေနဲ့ သူ့မှာ အဆင်ကိုပြေလို့ပေါ့"

"အင်း ... အင်း"

"တစ်နေ့တော့ အားကစားချိန်မှာ ကောင်လေးတစ်ယောက်ကို ကောင်မလေးတစ်ယောက် ရေသန့်ဘူး လာတိုက်ပြီး အကြည်ဆိုက်နေတာကို သူ နောက်ကနေ အမိအရ ရိုက်လိုက်တယ်၊ ပြီးတော့မှ အဲဒီကောင်မလေးက ဘယ်သူဖြစ်နေလဲ သိလား"

"သိသားပဲ၊ သူ့ညီမ ဖြစ်နေထယ် မဟုတ်လား၊ ရယ်ရတယ်တော့ ဗြ"

"ဟား ဟား ဟား"

မ,ရဲ့အပြောလေးကို သူ သဘောတကျနဲ့ ရယ်မောမိလိုက်သည်။ သူရယ်တော့ မ,ပါ လိုက်ရယ်သည်။ အပေါ်မိုးသားထက်က ကြယ်လေးတွေလည်း ပြုံးနေကြမည် ထင်၏။ လမင်းကြီးရော ... သူလည်း တောက်ပစွာ ပြုံးပြနေရှာသည်ပဲ။





"မင်းကိုလည်း တို့ပြောပြဦးမယ် သိလား၊ တို့ ပဲခူးက အဘိုးအိမ်ကို ဆယ်တန်းနှစ်က သွားလည်တုန်းကပေါ့၊ အဘိုးက အရမ်းကပ်စေးနည်းတာ၊ မုန့်တွေဆို သူ့အခန်းထဲ ထည့်ထည့်သိမ်းတယ်၊ ကျန်တဲ့မြေးတွေက အထာနဲ့နေပေမယ့် တို့ကတော့ သိတယ်မှုလား၊ ဖွက်ထားလို့ကတော့ ခိုးစားပြီးသားပဲ"

"သိတယ် ... မ,အကြောင်းကို တော်တော်သိနေတယ်"

"ဟိ ဟိ ... ပြောတာ နားထောင်စမ်းပါဦးဟဲ့၊ တစ်ရက်တော့ သူ နောက်ဖေးမှာ တကုတ်ကုတ်နဲ့ အလုပ်ရှုပ်နေတာမို့ ချောင်းကြည့်တော့ သူက အာလူးတွေ မီးဖုတ်နေတာကိုး၊ ဘာရမလဲ၊ သူလည်း toilet ထဲဝင်ရော တို့လည်း ပန်းကန်ထဲ ထည့်ထားတဲ့ အာလူးမီးဖုတ်တစ်လုံးကို ကောက်ပြီး ဝါးလိုက်တာ"

"ဘာဖြစ်သွားလဲ မ,"

"ဘာဖြစ်ရမှာလဲ၊ အာလူးမှ မဟုတ်တာ၊ ထမင်းတွေ၊ ထမင်းကျန် ဟင်းကျန်တွေ ရောလုံးပြီး မီးပြထားတာ၊ ကြွက်ထောင်ချောက်လုပ်ဖို့"

"တိန် ... ဟား ဟား ရယ်ရတယ်၊ အဲဒီတုန်းက မမျက်နှာ ဘယ်လိုဖြစ်နေမလဲ တွေးရင်းနဲ့တောင် ရယ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က ဟင်းက ကြက်သားပြုတ်ကြော်နဲ့ မျှစ်ကြော် နှစ်ခုစလုံးက နနွင်းရောင် ဝါတာတာလေ၊ ထမင်းနဲ့ရော နယ်လုံးတော့ ဝါဝါလုံးလေးတွေ ဖြစ်သွားတာပေါ့"

"မ, စားကာနီး သေချာမကြည့်ဘူးလား"

"ဟော့အေး ... တို့ကြည့်တာ အဘိုးကိုပဲ၊ သူလစ်တဲ့အချိန် ရအောင်တွယ်မယ်ပဲ၊ ခေါင်းထဲထည့်ထားတာလေ"

"ဟိ ဟိ"

"ဟဲ ဟဲ"

အခု သူ့စိတ်ထဲ ခံစားမိနေတာက မ,နဲ့သူ နှလုံးသားချင်းချိတ်ပြီး အပျော်မြစ်ထဲ လက်ပစ်ကူးနေကြသလိုပေ။ မ,မှာ ဟာသဉာဉ်လေးလည်း ရှိသည်။ မဟုတ်မခံစိတ်လေးလည်း ရှိပြီး ညစ်ကျယ်ကျယ် စိတ်ကူးလေးတွေနဲ့လည်း ပြည့်စုံနေပါသေးသည်။ နောက်ထပ် မ,ဆီမှာ ဘယ်လိုစိတ်လေးတွေများရှိမလဲ သူ တူးဆွချင်မိပါသည်။ သေချာတာကတော့ သူ ငွေသံလွင်ဆိုတဲ့ စာရေးဆရာ မ,ဆီမှာ စိတ်တွေအားလုံး ပုံကျသွားပြီ ဆိုတာပဲ။





## ၁၆

ဒေါ်ရူပါ တိုင်ကပ်နာရီကို မော့ကြည့်ရင်း ဒေါသအကြီးအကျယ်ကို ထွက်နေပါသည်။ အိမ်ရှေ့မှာ တက္ကစီကလည်း အဆင်သင့် ရောက်နေပြီ။ မယ်မင်းကြီးမကတော့ အိမ်ပေါ်ထပ်ကကို ဆင်းမလာသေး။ ဒီနေ့ မိတ်ဆွေတစ်ယောက်ရဲ့ ကထိန်အလှူကို သွားဖို့ရှိသည်။ အရမ်းမျက်နှာနာရမယ့်သူမို့ မသွားလို့မဖြစ်။ သမီးလေးပါ ခေါ်ခဲ့ပါ အတန်တန်မှာသလို့ သင်းကိုစောင့်ခေါ်နေရသည်။ နို့မို့ တစ်ယောက်တည်း ဆိုးဆိုးဆတ်ဆတ်နှင့် ဆ,သွားလိုက်ပါသည်။

"ငွေသံလွင် ... ငွေသံလွင် ... မပြီးသေးဘူးလား၊ အိမ်ရှေ့မှာ စောင့်နေတဲ့ တက္ကစီဒရိုင်ဘာက နင့်အဖေမဟုတ်ဘူးနော်"

www.burmeseclassic.com



"လာပါပြီ မာမီရယ်၊ ဒရိုင်ဘာ ကြားသွားမှဖြင့်"

အိမ်ပေါ်ထက် လှေကားထစ်ကနေ သံလွင် ပြေးဆင်းလာရင်း မာမီ့ကို စကားနာထိုးမိလိုက်သည်။

"ကားလေးဝယ်ပြီး ဒရိုင်ဘာ ငှားလိုက်ပါလား မာမီရယ်၊ တက္ကစီနဲ့သွားရတာ ငုပ်တယ်၊ ကိုယ်တွေလည်း မဝယ်နိုင်တာလည်း မဟုတ်ဘဲနဲ့"

"ဟဲ့ ... ညည်းအဖေက ခရီးခဏခဏ ထွက်နေရတာ၊ ငါတို့သားအမိနှစ်ယောက်တည်းရှိတာ၊ ဒရိုင်ဘာကို ဘယ်လိုယုံရမလဲ"

"မပြောတော့ဘူး၊ ထားလိုက်တော့၊ သံလွင် မှားသွားတာပါ"

မာမီက သံလွင့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်းက နှာခေါင်းရှုံ့သည်။

"တစ်နာရီလောက်ကြာအောင် ပြင်ပြီးထွက်လာတာ ဒီပုံ"

"ဘာဖြစ်လို့လဲ၊ နဂိုရှိသလောက်ပဲ နဂိုင်းထွက်မှာပေါ့၊ ဒွေသံလွင်က စာရေးဆရာပဲ၊ မင်းသမီးမှ မဟုတ်တာ"

"ကဲ ကဲ ... စကားကြော ရှည်မနေနဲ့တော့ သွားမယ် နောက်တောင် ကျနေပြီ"





သားအမိနှစ်ယောက် ကသုတ်ကရက်နဲ့ ကားပေါ် တက်လိုက်ကြသည်။ အန်တီဒေဝီတို့ ဘုန်းကြီးကျောင်းက မင်္ဂလာဒုံဘက်မှာ။ ဘုန်းကြီးကို သင်္ကန်းကပ်ပြီး ကျောင်းဆောက်လှူဒါန်းသားကာ ကထိန်ကိုလည်း ဒီကျောင်းမှာပဲ ခင်းနေကျမို့ ဒီဘုန်းကြီးကျောင်းနဲ့ သံလွင်တို့ မစိမ်းပါ။

"ဩော် ... မမရှုပါ၊ လာ ... လာ၊ သမီးလေးပါ ပါလာတာကိုး၊ အန်တီကလေ သမီးနဲ့လည်း မတွေ့ရတာကြာလို့ကတစ်ကြောင်း၊ သမီးနဲ့ မိတ်ဆက်ပေးဖို့ ပူဆာထားသူတစ်ယောက် ရှိတာက တစ်ကြောင်းမို့ ရအောင်ခေါ်ခိုင်းရတာ"

အန်တီဒေဝီက သံလွင့် လက်တစ်ဖက်ကိုဆွဲရင်းက ကားတွေ ဖောင်ဖွဲ့ပြောလာသည်။

"သံလွင်နဲ့ မိတ်ဆက်ဖို့ပူဆာတာ ဘယ်သူများလဲ အန်တီဒေဝီ"

"အန်တီ့တူမလေးလေ၊ စင်ကာပူ ကျောင်းတက်ပြီး ပြန်လာတာ တစ်လလောက်ပဲ ရှိသေးတယ်၊ သူက စာကြမ်းပိုးသမီးရဲ့၊ သမီးဝတ္ထုလေးတွေကို ကြိုက်လို့ မိတ်ဆက်ခိုင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီဒေဝီ နေရာချပေးတဲ့ စားပွဲမှာ သားအမိနှစ်ယောက်သား ဝင်ထိုင်လိုက်ကြသည်။ ဘာပဲဖြစ်ဖြစ် သံလွင်က တော့ ပရိသတ်တစ်ယောက်နဲ့ တွေ့ရမည်မို့ ပျော်ပါသည်။ သံလွင်က ပရိသတ်နဲ့တွေ့ပြီး စကားပြောမည်ဆို ထမင်းမေ့ဟင်းမေ့လေ။ personal တွေ ပါလာရင်တော့ အားမနာဘဲ ခင်မင်မှုကို ရုပ်သိမ်းတတ်ပါသည်။

"အိ ... မာမီ၊ သံလွင် ဒီဟင်းတွေ ဘယ်လိုစားရမှာလဲ"

စားပွဲပေါ် တည်ခင်းထားတဲ့ ထမင်းတွေ ဟင်းတွေကြည့်ရင်း သံလွင် ငိုချင်နေသည်။ သံလွင်က ပုဇွန်နဲ့ငါး၊ ငါးခြောက်ကလွဲပြီးတော့ ဘယ်အသားငါးမှ စားသူ မဟုတ်။

အဆီများတဲ့ ဟင်းတွေဆိုလည်း သံလွင်က မစားတတ်။ တစ်ဝိုင်းလုံးမှာရှိတဲ့ ဟင်းတွေက ဆီတွေနှင့် အိနေသည်။

"သံလွင် ... ပါးစပ်ပိတ်စမ်း၊ ငါ့ကို လူတွေကြားထဲမှာ အရှက်မခွဲနဲ့၊ ငါးသလောက်ပေါင်းနဲ့ ပုစွန်ကြော်ကို ဆီမပါအောင် ခပ်စားလေ၊ ဒါမှ မစားနိုင်ဘူး ဆိုရင်လည်း ဟိုမှာ မယ်ဇလီဟင်းချို တွေ့တယ်မှုလား၊ ထမင်းနဲ့ခေါက်သောက်လိုက်"





မာမီက သံလွင့်နားနားသို့ တိုးတိုးကပ်ပြောသည်။ သံလွင်ကလည်း ရွံ့ပါသည်။ မယ်ဇလီဟင်းချိုကို ထမင်းပန်းကန်ထဲ ထည့်စမ်းလိုက်သည်။

မာမီ့ဒေါသတွေက မျက်နှာပေါ်မှာ ကြောက်ခမန်းလိလိ ထွက်ပေါ်နေ၏။ မတတ်နိုင်။ သံလွင် ဒီဆီတွေ တွေ့တာနဲ့တင် အော်ဂလီဆန်နေပြီ။

"သမီး သံလွင် ... ဒါလေ အန်တီဒေဝီ့တူမ 'မေမြတ်နိုးခင်' ဒါကတော့ သူနဲ့ မကြာခင် စေ့စပ်တော့မယ့် 'မိုးလရွှေဦး'"

မာမီ့အကြည့်က သံလွင့်ဆီ ဒိုင်းခနဲ ရောက်လာသည်။ ဒီအခိုက်မှာပဲ သူ့သမီးလေး ငွေသံလွင် ဘယ်လောက်အကျောမာပြီး ဟန်ဆောင်ကောင်းလဲ မျက်ဝါးထင်ထင် မြင်လိုက်ရပါ၏။ မျက်နှာလေးတစ်ချက်တောင် မပျက်လေ။

"ကဲ ကဲ ... သမီးတို့လည်း ဒီမှာ ဝင်ထိုင်လိုက်ကြ၊ စားရင်းနဲ့ ပြောကြဦးနော်၊ မမရှုပါ အားမနာနဲ့ ထည့်စားနော်၊ ညီမ ဟိုဘက်သွားလိုက်ဦးမယ်"

"ရတယ် ဒေဝီ၊ ပြောနေရမယ့်သူတွေမှ မဟုတ်တာ"

သံလွင့် မျက်နှာပေါ်မှာ ဘာခံစားချက်မှ ရှိမနေပါ။ သို့သော် သံလွင့် အတွေးမှာတော့ ဒေါသအမျက် ချောင်းချောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်လို့နေ၏။ "မေမြတ်နိုးခင်"က သံလွင်နဲ့ မိတ်ဆက်ခိုင်းတာ သဘောရိုးတော့ လုံးဝမဟုတ်နိုင်ပါ။ တောက် ... အရေးထဲ မာမီက အနားမှာ ငုတ်တုတ်။

မာမီသာ အနားမှာမရှိခဲ့ဘူးဆိုရင် ...

"မမက စာရေးဆရာမနဲ့ မတူဘူးနော်"

"ဘာနဲ့ တူနေလို့လဲ"

"ခစ် ခစ် ... မပြောတတ်ဘူး၊ စာရေးဆရာမနဲ့ မတူတာတော့ အမှန်ပဲ"

ကြည့်စမ်း။ လူကို ဘလိုင်းကြီး လာလျှောင်နေသည်။ ရွှေညို့ကြည့်တော့လည်း ရပ်က ပြုံးစစနှင့်။ သင်းတို့ သံလွင့်ကို တမင် ပြဿနာလာရှာနေကြတာ။

"ခင် နိုင်ငံခြားက ပြန်ရောက်တော့ မမမစာအုပ်တွေ ဖတ်ဖြစ်တယ်၊ စိတ်ဝင်စားသွားတယ်၊ စာအုပ်ထက် စာရေးဆရာမကို"

"ဘာလို့"

"စာအုပ်ထဲက မင်းသမီးရဲ့ ကာရိုက်တာကြောင့်ပါ၊ အကုန်လုံးနီးပါးဟာ ပရိယာယ်များကြတယ်၊ ပြောရရင်တော့ ဉာဏ်နီဉာဏ်နက် များတယ်ပေါ့ မမရယ်၊ သူတို့က





သတ္တိရှိတယ်၊ ရိုးသားတယ်၊ သစ္စာရှိတယ်၊ နည်းနည်းလေး မာယာများတာကလွဲလို့ပေါ့၊ ဒါ ခင် အားလုံးကိုခြုံပြီး သုံးသပ်မိတာပါ၊ အဲဒီစရိုက်တွေ အားလုံးက စာရေးသူရဲ့ စရိုက်အစစ်အမှန်လား စိတ်ဝင်စားမိတယ်"

"တော်ပါတယ် ခင်ရယ်၊ တကယ်ပဲ တို့စရိုက်က ဒီစရိုက်ပဲ၊ တစ်ခု ထည့်မရေးထားတဲ့ စရိုက်ရှိသေးတယ်"

"ဘာပါလိမ့်"

"ဘလိုင်းကြီး လာရန်စ စော်ကားသူတွေကို လှလှပပ လက်တုံ့ပြန်တတ်တာပဲ"

မေမြတ်နိုးခင်က ပြုံးတုံ့တုံ့နှင့် ထမင်းငုံ့စားနေ၏။ ဒါ **ဘာစတိုင်လ်လဲ** ။ **ခေါသထွက်**လိုက်တာ။ မာမီကတော့ သံလွင့်ကို **အောက်ကနေ ရွှက်ကုတ်ရှုနေ**၏။

**ရွှေညို**က ကောင်မလေးပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်ပေးနေသည်။ အမြင်ကတ်စရာ ကောင်းလိုက်တာ။ အခု သံလွင့်ရင်ထဲမှာ ဝမ်းနည်းကြေကွဲမှုတို့ အလျဉ်းမရှိခဲ့။ ဒေါသတွေသာ ရှိလို့နေသည်။ နှစ်ယောက်ပေါင်းပြီး သံလွင့်ကို တမင်လာဖဲ့တာ။

"ဒါနဲ့ မမ အခု ဘာစာအုပ် ရေးနေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက လူပုံကြည့်တော့ ဖြူနွဲ့နွဲ့ သွယ်လျလျနဲ့ အကျောတော်တော်တင်းမယ့် ဟာမျိုးလေး။ ရွှေညိုနဲ့ သံလွင့်ကိစ္စကို သူ သိကိုသိရမည်။ သင်းတို့က ဘာအထာတွေလဲ။

"ဘလိုင်းကြီး အဆက်ဖြတ်သွားတဲ့ဘဲကို လာလှပပ လက်စားချေတဲ့ ဇာတ်လမ်းမျိုးလေး ရေးနေတယ်"

"ဟုတ်လား၊ ကောင်းလိုက်တာ၊ မမက twist တွေသုံးတာ အရမ်းကောင်းတာမို့ ဖတ်လို့ကောင်းမှာပါ"

သံလွင် ခပ်တိုးတိုး ရင်ထဲက ကျိန်ဆဲရင်း နှုတ်ခမ်းလေးတွေ မသိမသာ ရွဲ့စောင်းပစ်လိုက်သည်။ မိုးလရွှေညို ... သင်း တော်တော်လွန်သွားပြီ။ သူ့ကောင်မလေးကို သံလွင် ရန်မရှာနိုင်အောင် ကြိုကာကွယ်သည့် ခွင်များလား။ အေးပေါ့၊ တစ်ကွေ့မဟုတ် တစ်ကွေ့ တွေ့ဦးမှာပါ။ အလှည့်ကျ မနွဲ့စတမ်းပေါ့။

ဒီတစ်နေ့တော့ သံလွင်တစ်ယောက် မယ်ဇလီဟင်းချိုနဲ့ ထမင်းခေါက်သောက်ပြီး ရင်ခံနေပါသည်။





၁၇

BURMESE CLASSIC .com

မမ်အလိုကျ သူ model agancy တစ်ခု တက်ဖြစ်သည်။ အကယ်၍များ သူ model boy ဘဝကနေ အောင်မြင်မှုတစ်စုံတစ်ရာ မရရှိခဲ့ရင် ဒက်ကုမ္ပဏီမှာ ဝင်လုပ်ပါမည်ဆိုသည့် ကတိစကား ထား၍ပေါ့။ မ,နဲ့ ချီလီ နှစ်ယောက်လုံးကတော့ သူ model boy လုပ်မည့်ကိစ္စကို အထူးအားပေး ထောက်ခံကြပါသည်။

"ကြားရတာ အရမ်းဝမ်းသာပါတယ် ၊ ဘိ၊ မင်း နာမည်ကြီးဖြစ်အောင်သာလုပ်၊ ချီလီ မင်းဆီ ဒူးထောက်ပြီးပြန်ဝင်လာလိမ့်မယ်"

မ,ရဲ့စကားကြားတော့ သူ ခပ်၊ ၁်မ်တိမ် ရယ်မိသည်။ မ,က သူ့ရဲ့ရယ်မောမှုကို သဘောမပေါက်၊ လဟာန် တောက်ပတဲ့ မျက်ဝန်းလေးတွေနဲ့ မော့ကြည့်လာသည်



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... မမ်နဲ့ ဒက်ရဲ့ လွန်ဆွဲပွဲမှာ ကျွန်တော် မမ့်ဘက်ကို ဘာလို့ အလေးသာပေးခဲ့လဲ၊ မ, သိလား"

"မင်းရဲ့မမ်ကို ပိုချစ်လို့ နေမှာပေါ့"

"မဟုတ်သေးဘူး"

"မင်းကိုယ်တိုင်က သရုပ်ဆောင်တစ်ယောက် ဖြစ်ချင်လို့"

"ကျွန်တော် စိတ်ပါလား မပါလား မ,နဲ့ ပထမဆုံးတွေ့ခဲ့တဲ့နေ့ကို သတိရဦးမှာပါ"

"ဒါဆို ချီလီ့ကို မင်းရဲ့အောင်မြင်မှုနဲ့ လက်ဆောင်စားချေချင်လို့ဟုတ်တယ်ဟုတ်"

"တစ်ခုမှ မဟုတ်ဘူး၊ ကျွန်တော်ပြောရင် မ,မရယ်နဲ့နော်"

သူ့ဆံပင်ထောင်ထောင်လေးတွေကို လက်ဖြင့်တ[illegible] ချက်သပ်ရင်းက သူ ပြုံးသည်။ ထိုအပြုံးမှာ ရှက်ရိပ်လေးထင်[illegible] ပြီး မျက်နှာလေးက ရဲတဲတဲ ဖြစ်နေသည်။ "ချစ်စရာလေး" သံလွင့် စိတ်ထဲက ကျိတ်ပြီး မှတ်ချက်ချလိုက်မိသည်။ [illegible] တကယ်ပဲ နာမည်ကြီး model သရုပ်ဆောင်ဖြစ်မှာ သံလွင် [illegible] မြင်နေပါသည်၊ သူက စတိုင်လ်ကျ ချောမွေ့ပြီး ချစ်စရာလည်း ကောင်းသူတစ်ယောက် မဟုတ်လား။

"ကျွန်တော်လေ မ,ဝတ္ထုတွေထဲက မင်းသားဖြစ်ချင်လို့ ကျွန်တော် မင်းသားဖြစ်ရင် မ,ဝတ္ထုကို ဝယ်ရိုက်မယ်"





"ဟား ဟား ဟား"

သံလွင် သူ့အပြောကြောင့် လွတ်လွတ်လပ်လပ်ရယ်မောပစ်လိုက်သည်။ သိပ်စိတ်ကူးယဉ်ဆန်တဲ့ ကောင်လေးပဲ။

"ပြောသားပဲဗျာ၊ မ,ရယ်မှာ ကျွန်တော် ကြိုသိနေတယ်"

"ရယ်တယ်ဆိုတာ ပြောင်ချင်လှောင်ချင်တဲ့စိတ်မျိုးကြောင့် မဟုတ်ပါဘူးကွာ၊ သဘောကျသွားလို့ပါ"

မြင့်မြင့်မားမား၊ သားသားနားနား၊ ချောချောမွေ့မွေ့ ကောင်ချောလေးတစ်ယောက် သံလွင့်နားမှာ ရှိနေတာ သာယာတာမျိုး မဟုတ်ပေမင့် ရင်ဝေဒနာတော့ တစ်ဝက်သက်သာနေသည်။ ဘာရယ်မဟုတ် မိုးလရှေ့ညိုကို သံလွင်နဲ့ ဒီကောင်လေး နှစ်ယောက်တွဲပြီး သွားတာလာတာ မြင်စေချင်စမ်းပါဘိ။

စာအုပ်တိုက်ကို သွားစရာရှိတဲ့နေ့တိုင်း သံလွင်တို့ တွေ့ဖြစ်ပါသည်။ အဲဒီလိုနေ့တွေမှာ သူက သံလွင့်ကို အိမ်အထိ ကားနဲ့ပြန်ပို့ပေးတတ်သည်။ မာမီကတော့ အမြင်မကြည်ပါ။ ဘာမှပတ်သက်မှုမရှိတဲ့ သူစိမ်းယောက်ျားလေး တစ်ယောက်နဲ့ လက်ပွန်းတတီးနဲ့နေတာ သဘောမကျဟု ဆိုသည်။ သံလွင်က သဘောကျနေတော့လည်း အခက်သားပါလား။

"အယ် ... သွားပြီ"

www.burmeseclassic.com



လမ်းလျှောက်နေရင်းက ဒေါက်ပြုတ်သွားသည်။ ထင်တော့ ထင်ပါသည်။ အစကတည်းက ဒီဖိနပ်က လှုပ်တုတ်တုတ် ဝတ်ထားတဲ့ အကျီအရောင်နှင့်လိုက်အောင် ရွေးစီးလိုက်မိတာဖြစ်၏။

"ဘာဖြစ်တာလဲ မ,"

သံလွင့်နား ယှဉ်တွဲလျှောက်လာတဲ့သူက သံလွင်ကြည့်ရာဆီ ငုံ့ကြည့်၏။ ပါကင်ထိုးထားတဲ့ကားဆီရောက်ဖို့က သိပ်မလိုတော့တာမို့ သံလွင် ကြိုးသိုင်းဒေါက်ဖိနပ်လေးကို ကောက်ချွတ်ဖို့ ကြံရွယ်လိုက်သည်။

"ဒီနားမှာပဲနေပါ မ, ၊ ကျွန်တော် ကားနဲ့လာခေါ်မယ်၊ ဒီနားမှာ စိန်ဂေဟာ ရှိတယ်၊ ဖိနပ်ဝင်ဝယ်တာပေါ့"

အဲဒါမှဒုက္ခ။ ငွေသံလွင် ဆိုသည့်မိန်းမက shopping ထွက်တဲ့ အချိန်ကလွဲလို့ တခြား အပြင်သွားစရာ ဘာညာ ရှိရင် ပိုက်ဆံတစ်သောင်းအပြင် ပိုမယူတတ်ခဲ့။ အဲဒီပိုက်ဆံလောက်နဲ့ ဘာဖိနပ်ဝယ်ရမှာလဲ။ များမကြာမီမှာပဲ သူ့ကားလေး သံလွင့်နား ထိုးရပ်သည်။ သံလွင်ကတော့ စိန်ဂေဟာသွားဖို့ စိုင်းပြင်းနေတဲ့ သူ့ကို ဘယ်လိုဆင်ခြေမျိုးပေးရကောင်းမလဲ စဉ်းစားနေ၏။

"ဝတီ ... အိမ်ပဲ မောင်းပါတော့ဟယ်၊ တို့အိမ်မှာ ဖိနပ်တွေ အများကြီးရှိတာပဲ၊ ပိုက်ဆံကုန်မခံချင်တော့ဘူး"





"ကျွန်တော်က မ,ကို ဖိနပ်တစ်ရန် ဝယ်ပေးရကောင်းမလား စဉ်းစားနေတာ"

"ဘာလို့လဲ၊ မလိုပါဘူး"

"မ, ကျွန်တော့်ကို ကူညီထားတာတွေ အတွက်ပါ"

"ဟား ဟ ... ဘာမှထိရောက်မှု မရှိတာဘဲ ဝတီရယ်၊ ချိုလီ မင်းဆီ ပြန်ရောက်လာတာမှ မဟုတ်တာ"

"ဒီတစ်ခါတော့ လက်ခံပေးပါ မ,"

ဒီကောင်လေးက ဘာလဲ။ အခုတလော သတိထားမိနေတာ ကြာပြီ။ သူ့မျက်ဝန်းအရိပ်တွေ၊ သူ့ရဲ့ကြင်နာတဲ့အပြုအမူလေးတွေ။

သူ ... သူ ... သံလွင့်ကိုများ ...။ အိုး ... အိုး... မိသံလွင်။ စိတ်ကူးတွေ ယဉ်လှချည်လား။ သံလွင် တစ်ယောက် ရိုးတိုးရိပ်တိပ် ပြေးဝင်လာသော သံသယနနကို ခြေချပစ်လိုက်သည်။

သူက ဆိုးတော့မဆိုး အနုပညာမျက်စိရှိသည်။ သေးသွယ်တဲ့ သံလွင့် ခြေထောက်နဲ့ လိုက်ဖက်မယ့် ဒေါက်တစ်ရံကို ရွေးပေးသည်။

"ဟယ် ... မမခြေထောက်လေးနဲ့ အရမ်းလှတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အရောင်းစာရေးမလေးက သံလွင် စီးထားတဲ့ဒေါက်ကိုကြည့်ရင်းက ချီးကျူးစကား ဆိုသည်။ သံလွင်ကတော့ စီးရမှာကို မရွံ့မရဲ ဖြစ်နေပါသည်။ ဖိနပ်ဈေးက သုံးသောင်းခွဲလေ။

"ဟယ် ... မမ၊ မမငွေသံလွင်"

အသံစာစာလေးနဲ့ ဘေးနားကပ်ခေါ်လို့ ကြည့်လိုက်တော့ မေမြတ်နိုးခင်နဲ့ မိုးလရွှေညိုတို့ စုံတွဲ။ ကော်တာပဲ။ နုတ်မြတ်နုတ်ကောင်း သူတော်ကောင်းတွေက သံလွင်ကို မှုရလိုက်တာပဲ။ တခုတ်တရ ခေါင်းပူအောင် စဉ်းစားပြီး သင်္ဂြိုဟ်တို့ကို လက်စင်လိုက်ပေးနေစရာ မလိုတော့။ အခု ကိုယ့်ရှေ့တည့်တည့်ကို ရောက်လာကြပြီ။

"shopping ထွက်လာတာလား"

သံလွင်က ချိုရှရှအသံရလေးနဲ့ သင်္ဂြိုဟ်နှုတ်ဆက်ကို နှုတ်ဆက်လိုက်သည်။

"ဟုတ် မမ"

မေမြတ်နိုးခင်နဲ့ မိုးလရွှေညိုတို့ရဲ့ အကြည့်တွေက ဝတီထက်ဆီမှာသာ။ မိုးလရွှေညိုရဲ့အကြည့်တွေ ရူးရူးရဲရဲ ရှိလှတာတွေ့တော့ သံလွင် သဘောခွေ့သွားသည်။ one go two come ၊ ကနေ်းသေ ငွေလာ၊ ဘယ်သူတွေ ဘာပြောပြော သံလွင့်အတွက်တော့ "ဒါရိုက်တာသွားရင် မင်းသားလာမည်"။





"သြော် ... မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က ဝတီထက်တဲ့၊ model boy လေ၊ မကြာခင် ရုပ်ရှင်ရိုက်တော့မှာ၊ မမဝတ္ထုတွေနဲ့ပေါ့၊ ဝတီ ... ဒါ တို့ရဲ့ပရိသတ်တွေလေ"

"ဟုတ်ကဲ့ပါဗျ ... တွေ့ရတာ ဝမ်းသာပါတယ်"

လှစ်ခနဲပြုံးလို့ ပေါ်သွားတဲ့ သွားတက်လေးတွေနဲ့ နှစ်လိုဖွယ်ရာ ချောမွေ့သွားတဲ့ ဝတီထက်ရဲ့ မျက်နှာချိုချိုကို မနှစ်မြို့စွာ ကြည့်နေတဲ့ မိုးလရွှေညိုရဲ့ မလိုတမာမျက်ဝန်းတွေ၊ တော်တော်လည်း တရားကျစရာ ကောင်းပါလား။ ဘေးနားမှာ မကြာခင် စေ့စပ်တော့မယ့် ကောင်မလေးထားပြီး လွတ်တဲ့ငါးကြီးတယ် လုပ်နေလို့လေ။ ငါးစိမ်းမြင် ငါးကင်ပစ်တုန်းက ပစ်ပြီးတော့များ။

"မမတို့ သွားစရာလေးရှိလို့ ခွင့်ပြုဦးနော်"

အနိုင်နဲ့ပိုင်း ပြုံးပြီးချာခနဲ လှည့်ထွက်လာတဲ့ သံလွင် ခြေချော်ပြီး မှောက်လျက်လဲမလိုဖြစ်တုန်း ဝတီက ကမန်းကတန်း ပခုံးကိုကိုင်ပြီး ထိန်းလိုက်တာမို့ သံလွင် အရှက်ကွဲမည့်ဘေးမှ သီသီလေး လွတ်သွား၏။

"မ ... ရရဲ့လား၊ ဒေါက်ကနည်းနည်းများ မြင့်နေလို့ မလျှောက်တတ်တာလား၊ ကျွန်တော့်ကို ကိုင်ထားပါ၊ နောက်ထပ် ချော်ကျမှာ စိုးလို့"

www.burmeseclassic.com


အိုး ... ကောင်းပါ့။ ဒီကလည်း ကိုင်ချင်နေတာနဲ့ အတော်ပဲ။ ဒါမှ မိုးလရွှေညို ကလိကလိနဲ့ အသည်းခွေယား သွားမှာ။ ယောက်ျားတစ်ယောက် ထားခဲ့လို့ ထိုင်ငိုကျန်ခဲ့မယ့် မိန်းမစာရင်းထဲမှာ ငွေသံလွင်မှ မပါတာပဲ။ ဒါကို သူ သဘော ပေါက်ရင် ကျေနပ်ပြီ။

သံလွင်တစ်ယောက် ဝတီထက်ရဲ့လက်မောင်းကို လှမ်းချိတ်ထားလိုက်သည်။ သူ တရားဝင်ခွင့်ပြုထားတာပဲ ဟုတ် တယ်မှုလား။ ရုတ်တရက် ဝတီက ငုံ့အကြည့် သံလွင် ရင်တွေ ပန်းတွေ တဖျပ်ဖျပ် ခုန်လာသည်။ သူ့အကြည့်တွေက နွေးထွေး သိမ်မွေ့လွန်းနေသည်လေ။ ရှက်စိတ်နဲ့ လွှတ်လိုက်ဖို့ စိတ်ကူးမိ သော်လည်း နောက်ကနေ ကြည့်နေမယ့် မိုးလရွှေညိုကို အမြင် ကတ်စွာနဲ့ ရှက်ရှက်နဲ့ပဲ ဝတီလက်မောင်းကို မြဲမြဲဆုပ်ကိုင်မိပါ သည်။

❦ ○ ❦

# ၁၈

ကလေးမဟုတ်ပြားလည်း အမွှေးပွပွ ဝက်ဝံရုပ်ကြီး တွေကို သံလွင် အခုထက်ထိ ချစ်တုန်း။ သံလွင့် အိပ်ရာပေါ်မှာ အရုပ်တွေနဲ့ ပြည့်နေတာ ဒီအရွယ်ရောက်တဲ့အထိ။ သံလွင့်ကူ ဝမ်းကွဲလေးတွေ အိမ်လာလည်ကြရင် အရင်ဆုံး ပြေးဝင်ကြတာ သံလွင့်အခန်းကို ဖြစ်သည်။ လူကြီးတွေကိုငဲ့ပြီး ပြောရဆိုရမ ကောင်းတာမို့ မျောက်လောင်းလေးတွေလာမယ် သတင်းကြားတာ နဲ့ သံလွင့်အခန်းကို သော့ပိတ်ပြီးသား။

"တီသံ ... အခန်းတံခါး ဘာလို့ သော့ပိတ်ထားတာလဲဟင်"

အောက်ထပ်ကို ပြေးဆင်းလာရင်းက တူတော်သူ က စကားပြောနေတဲ့ထဲ အတင်းတိုးဝင်လာသည်။

"ခေါ်ပြန်ပြီ တီသံလို့ မခေါ်နဲ့လို့ ဘယ်နခါပြောရမလဲ၊ နင်ခေါ်တာနဲ့ ငါ မျက်လုံးထဲ တီကောင်၊ သန်ကောင်တွေ ပဲ မြင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် ... မကြီးပြောမှပဲ အန်တောင် အန်ချင်လာပြီ"

အမေလုပ်သူ ဝင်ဆုံးမပါမှ သံလွင် ရင်ထဲအော်ဂလီဆန်လာသည်။

"သော့ပိတ်ထားတာ နင်တို့ဝင်မှာစိုးလို့ နေမှာပေါ့၊ ခြံထဲမှာ သွားဆော့ကြစမ်း"

ကလေးတွေကို မာန်မဲသလိုလိုနှင့် မကြီးက သံလွင့်ကို ဆော်လိုက်သည်။ ဆော်ဆော်ပေါ့။ သံလွင်ကတော့ ပြုံးဖြဲဖြဲရုပ်နှင့် ရှုးချင်ယောင် ဆောင်လိုက်သည်။ အရုပ်တွေပျက်စီးတော့ သူ့ ဘယ်နှခါများ လျော်ပေးဖူးလို့လဲ။ မသိချင်ယောင်ဆောင်နေတာပဲ မဟုတ်လား။

"ဒါပဲကြည့် ... ကလေးတွေက ကဲကို ကဲကြပါတယ်၊ အိမ်မှာ အရုပ်မျိုးစုံရှိရဲ့နဲ့ ဒီအိမ်မို့လို့ရောက်ရင် သံလွင့်အခန်းထဲ မဝင်ရ မနေနိုင်ဘူး"

"ကလေးဆိုတာ ဒီလိုမျိုးပါပဲ ပပရယ်"

မာမီကတော့ သံလွင့်ရဲ့ရုပ် တဖြည်းဖြည်း ရှုပုပ်လာတာမြင်တော့ ဖာဖာထေးထေး ဝင်ပြောသည်။ မာမီ ထ,သွားတော့ မကြီးက သံလွင့်ကို စ,နှိပ်ကွပ်တော့သည်။

"ဟဲ့ ... သံလွင်၊ နင့်ကို မေးမယ် မေးမယ်နဲ့၊ နင့်ကောင်လေးနဲ့ နင် ပြတ်သွားပြီ ကြားတယ်၊ ဘယ်လိုဖြစ်တာလဲ၊





ငါတို့မှာတော့ နင် ဘဲအကောင်းစားလေးရလို့ ဝမ်းသာနေကြတာ၊ ဒီခေတ်ကြီးထဲမှာ ကောင်းကောင်းမွန်မွန်ဘဲမျိုးရဖို့ လွယ်မှတ်လို့၊ နင် အရမ်းညံ့တာပဲ မိသံလွင်"

သူတို့လား ဝမ်းသာမှာ။ သံလွင့်ကို ကျိတ်ပြုံးနေကြတာ မသိတာကျလို့။ ရွှေညိုနဲ့ ပြတ်သွားတာ ရင်ထဲကကျိတ်ပြီး ဝမ်းသာနေကြတာ။ သူ့ညီမ လင်းလင်းနဲ့ သံလွင်က သက်တူ ရွယ်တူ။ နှစ်ယောက်စလုံး အကျောမာတာမို့ မျက်နှာချင်းဆိုင်မရ။

သင်းနဲ့ အခုကြိုက်နေတဲ့ ကောင်လေးက အလုပ်လက်မဲ့၊ ပညာမတတ်၊ ရုပ်လေးချောပြီး သုံးစားမရတဲ့လူ။ မိဘအရှိန်အဝါနဲ့ ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် ယောင်ခြောက်ဆယ်လုပ်နေသူတစ်ဦးမို့ သံလွင် သာနေတာကို မခံမရပ်နိုင်တွေဖြစ်နေကြတာပေါ့။ ပြန်ခါနီး လက်ဆောင်ပေးလိုက်ဦးမှ။

"အခု သံလွင် နောက်တစ်ယောက်နဲ့ တွဲနေတာ မကြီးမှမသိတာ"

"နောက်တစ်ယောက် ဟုတ်လား၊ ပြောစမ်းပါဦး၊ သူဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်လဲ၊နင့်အမေရာသိရဲ့လား"

"မာမီတော့ ပြောမပြရသေးပါဘူး၊ ကိုယ့်ညီအစ်မချင်းမို့ ပြောရတာ၊ မာမီကို မပြောပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟယ် မပြောပါဘူး၊ နင့်မာမီ လက်မခံနိုင်လောက်တဲ့ လူစားမျိုးမို့လား၊ တကယ်တော့ဟယ် ဂုဏ်တွေမနေတွေ မလိုအပ်ပါဘူး၊ အချစ်စစ်ဖြစ်ဖို့ပဲ လိုတာပါ"

ဒီမိန်းမတော့ သံလွင့်ကို အရောက်ပို့နေသည်။

ဒီတော့ သံလွင်လည်း သူ့ကို အရောက်ပြန်ပို့ရမည်။

"သူ့အဖေက ကုမ္ပဏီပိုင်ရှင်၊ အမေက fashion shop ဆိုင်တွေ အများကြီးပိုင်တယ်၊ သူက စင်ကာပူကနေ ဘွဲ့တစ်ခု ရပြီးပြီ၊ အခု မင်းသားလုပ်ဖို့ model angency တစ်ခုမှာ တက်နေတယ်၊ တစ်ဦးတည်းသောသားလေ"

"အမ်"

မကြီးရဲ့မျက်နှာက သံလွင့်ရဲ့စကားလုံးတွေအောက်မှာ မိုးစုတ်စုတ် ချုပ်သွားသည်။ ဟန်ဆောင်ပြီးတောင် မပြုံးနိုင်လောက်အောင် နင်သွားရှာသည်။

"မာမီ့ကို ပြောမပြရသေးဘူး ဆိုတာက ပထမတစ်ယောက်နဲ့ ပြတ်တာမှ မကြာသေးဘူး၊ နောက်တစယောက်နဲ့တွဲရမလားဆိုပြီး ပွမ်မှာစိုးလို့ပါ"

"ဩော် ... ဟယ်၊ မပြောထားတာပဲ ကောင်းတယ်လို့ ငါထင်တာပဲ၊ နင် စဉ်းစားကြည့်လေ၊ အခုမှ သူက model





boy ဖြစ်ဖို့ လုပ်တုန်းအဆင့်ပဲ ရှိသေးတာပဲမှလား၊ နာမည်ကြီးသွားကြည့် နင့်ကို လှည့်ကြည့်မှာတောင် မဟုတ်ဘူး၊ အဲဒါ ယောကျ်ားတွေရဲ့ သောက်ကျင့်ပဲ"

ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲ ငွေသံလွင်၊ နင့်လောက်တော့ ငါက သနားတယ်၊ ပပက ညီမဝမ်းကွဲ ဆောင့်ကြွားကြွားလေးအား အပြတ်အသတ်ကို နှိပ်ကွပ်လိုက်ပါသည်။

"ဟင်း ဟင်း ... မကြီး မသိလို့ ပြောတာပါ၊ သူ မင်းသားလုပ်ချင်တာ သံလွင့်ဝတ္ထုတွေကို အသက်သွင်းချင်တာသက်သက်ပဲ၊ သူ့အတွက်က နာမည်ကြီးမင်းသားဖြစ်မှမဟုတ်ဘူး၊ အခုတောင် ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ၊ ဥစ္စာပစ္စည်းဆိုတာလည်း သူ့အတွက်က ငမ်းငမ်းတက် မက်မောစရာ မဟုတ်ဘူးလေ"

"ဒီအပြောတွေနဲ့ ဘယ်နှယောက်လောက်ကို ခြွေပြီးပြီလဲမသိဘူး"

"အင်းလေ ... အပြင်လူအဖို့မှာတော့ ဒီလိုပဲ မြင်ကြမှာပေါ့၊ အနီးကပ်လေ့လာသူသာ သူ့ရဲ့စရိုက်က နံ့ပါတ်ဝမ်းမှန်း သိတာ"

"ရှမ်းကြိုက်ရင် နွားချောတာပေါ့အေ၊ အင်း ... စကားကောင်းနေတာ သုံးနာရီတောင် ထိုးပါရော့လား။ ဟိုနှစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် ငြိမ်ချက်သား ကောင်းနေပါလား၊ ဘာမဟုတ်တာ

တွေ လုပ်နေလဲ မသိဘူး၊ ဟဲ့ … နန္ဒာရေ၊ ညီညီရေ”

နောက်ဆုံးတော့ သံလွင့်စကားတွေကို မခံစားနိုင်တော့တာနှင့် မကြီး ထွက်ပေါက်ရှာသွားသည်။ သံလွင်လည်း ရန်သူဆုတ်သွားပြီဆိုတော့ တက်မလိုက်တော့ပါ။ သူ့မှာ ဒဏ်ရာ ရသွားပြီပဲ။ မကြာမီမှာပဲ လင်းလင်း တစ်ယောက်တော့ စကားသေနတ်တွေနဲ့ တရစပ်အပစ်ခံရပြီး သံလွင့်ကို တစ်ညလုံး ကျိန်ဆဲနေတော့မှာ သေချာနေပါသည်။

မကြီးကို နိုင်လိုဇောနှင့်ပြောပြီးမှ ဝတီကို အားနာသွားမိသည်။ သူ့ကို သံလွင် အသုံးချမိတာ နှစ်ခါရှိပြီ။ သံလွင့်ကိုတော့ သူက ကျေးဇူးရှင် မှတ်ယူနေရှာသည်။ အခုထက်ထိတော့ သံလွင် သူ့အပူကို မဖြေရှင်းပေးနိုင်သေး။ အရာမရောက်တဲ့ လက်ချာတွေသာ ပေးနိုင်ခဲ့သည်။

ဒီအတိုင်း ငြိမ်နေလို့တော့မဖြစ်။ ဝတီအတွက် တစ်ခုခုတော့ ကြံဆောင်ပေးမှ ဖြစ်တော့မည်။ သံလွင် ဆိုဖာဆက်တီပေါ် ခေါင်းမှီရင်း စဉ်းစားခန်း ဖွင့်လိုနေသည်။





၁၉

“ကျစ်”

ချိုလီ အသံလေးထွက်ပြီး ညည်းညူမိပါသည်။ ညည်းညူမယ်ဆိုလည်း ညည်းညူစရာ။ သူမတို့အတွဲနောက်က ငွေသံလွင်ဆိုတဲ့ စာရေးဆရာမ တောက်လျှောက်ပါလာသည် မဟုတ်လား။ ဒီတစ်ခါတော့ သည်းခံမှာတော့မဟုတ်။ ဝတီရဲ့အထုပ်ကို ဖြေချပစ်မည်။ ပြဿနာလာရှာရဲ လာရှာကြည့်။ ချိုလီ စိတ်ထဲ တေးထားလိုက်သည်။

သူမတို့ မျက်စောင်းထိုးစားပွဲမှာထိုင်ပြီး အအေးထိုင်သောက်နေတဲ့ သင်းရဲ့ စတိုင်လ်က ယုံကြည်ချက်အပြည့်နှင့် အေးအေးဆေးဆေး ရှိလှသည်။ သူ ဘာတွေများ ကြံစည်တွေးတောနေမလဲ သိချင်နေ၍ ချိုလီမှာ စကားပြောရတာတောင် မဖြောင့်။



www.burmeseclassic.com

www.burmeseclassic.com



ချိုလီတို့နှစ်ယောက် ဆိုင်ထဲက ထွက်လာတော့ သင်းက အနောက်က လိုက်လာပြန်ပါသည်။ ဘယ်အထိလိုက်ဦးမှာလဲ။ ချိုလီ တကယ်ကို စိတ်ရှုပ်ချင်တော့။ ကားတံခါးကို ဆွဲဖွင့်ပြီးတော့မှ နောက်မှာ တက္ကစီငှားပြီး သူမတို့နောက်လိုက်ဖို့ တာဆူနေတဲ့ ငွေသံလွင့်ကို လှည့်ကြည့်လိုက်သည်။

"ညီ ... တို့ မိတ်ဆွေတစ်ယောက်နဲ့ စကားပြောစရာရှိလို့ ကိုယ့်ဘာသာပဲ ပြန်လိုက်တော့"

"ဟင် ... ဘာဖြစ်လို့လဲ ချိုလီ၊ ဘယ်ကမိတ်ဆွေလဲ"

"နောက်မှ ပြောပြမယ်၊ တာ့တာ"

ငွေသံလွင်ကတော့ သူမဆီ တည့်တည့်လျှောက်လာတဲ့ ချိုလီ့ကိုတွေ့တော့ ကြက်သေ,သေသွားရာက ရင်ဆိုင်ဖို့ အသင့်အနေအထား နေရာပြန်ယူလိုက်သည်။

"အစ်မ ဘာလို့ ချိုလီတို့နောက် တကောက်ကောက်လိုက်နေရတာလဲ၊ ဘာကိစ္စရှိလို့လဲ"

"မင်းနဲ့ စကားပြောဖို့ အခွင့်အရေးကို စောင့်နေတာပါ ချိုလီ"

"ကောင်းပြီ အစ်မ၊ ညီမလည်း အစ်မနဲ့စကားပြောချင်နေတာနဲ့ အတော်ပဲ"





ထွက်ခဲ့တဲ့ cafe ထဲ သူတို့ ပြန်ဝင်လာကြသည်။ မျက်နှာချင်းဆိုင် နေရာဝင်ယူကြရင်း နှစ်ယောက်သား အကြည့်ချင်းပြိုင်လိုက်ကြသည်။ ချိုလီက ဟက်ခနဲ တစ်ချက်ရယ်ရင်း menu စာအုပ်ကိုလှန်ပြီးမှ ကော်ဖီတစ်ခွက်ပဲ ထပ်မှာသည်။ သံလွင်ကလည်း ကော်ဖီတစ်ခွက်ပဲ မှာလိုက်ပါသည်။ အဓိက,က အစားအသောက်စားဖို့မဟုတ်။ ချိုလီနဲ့ စကားပြောဖို့။

"အစ်မ ပြောချင်တာကို အရင်ပြောပါ"

"အထွေအထူးတော့ မဟုတ်ပါဘူး ချိုလီ၊ ဝတီ့ကိစ္စ အကြောင်းပါ"

"ပြော"

"သူ တကယ် ချိုလီ့ရဲ့နှလုံးသားထဲမှာ မရှိတော့တာလား၊ ဒါမှမဟုတ် မကျေနပ်တဲ့ အကြောင်းပြချက် ရှိနေလို့လား၊ သူကတော့ အခုအချိန်ထိ ချိုလီမှ ချိုလီပါ၊ ညှိလို့ရတဲ့ အခြေအနေမျိုးဆို ညှိကြည့်ရင် ကောင်းမယ်လို့ တို့ထင်ပါတယ်၊ ရှိခဲ့တဲ့ သံယောဇဉ်က နည်းနည်းနောနောမှမဟုတ်တာ"

"စကားမစပ် အစ်မနဲ့ ဝတီ ရဲ့ပတ်သက်မှုက ဘာလဲ"

မျက်ခုံးလေးပင့်ပြီး ချိုလီ မေးတဲ့ မေးခွန်းအတွက် သံလွင့်ဆီမှာ အဖြေအဆင်သင့် ရှိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတွေပါ"

"အဟက် ... အဟက်"

ချိုလီက သံလွင့်အဖြေကြားတော့ အသံလေးထွက်ရယ်မောရင်း ကော်ဖီငုံ့သောက်နေ၏။ ဘာလဲ၊ ဘာအဓိပ္ပာယ်လဲ၊ သူ သံလွင်တို့ကို ပြန်ပြီးသဝန်တိုနေတာလား။

"အစ်မက စာရေးဆရာမ ဝဿန်ခါ ဟုတ်ပါတယ်နော်"

"ဟုတ်တယ်၊ မင်း ဘယ်လိုလုပ်သိလဲ ချိုလီ"

"ချိုလီ သိတာတွေ တော်တော်များများ ရှိပါတယ်၊ ပြောလည်း ပြောပြချင်ပါတယ်၊ အစ်မ သိချင်တဲ့ဆန္ဒရှိရင်ပေါ့"

ချိုလီရဲ့မျက်ဝန်းဝန်းလေးတွေမှာ ရယ်မြူးရိပ်တွေထင်နေပါသည်။ ခေါင်းခြောက်အောင် စဉ်းစားကြည့်သော်လည်း အဖြေရှာမရ။ နောက်ဆုံးတော့ သူပြောမယ့်စကားတွေ နားထောင်ကြည့်ဖို့ သံလွင် စိတ်ပိုင်းဖြတ်လိုက်သည်။

"ထူးထူးဆန်းဆန်းပါလား၊ စိတ်ဝင်စားတယ်၊ မင်းပြောပါ"

"ဝတီကတော့ ချိုလီ့ကို အနူးအညွတ် တောင်းပန်ထားတာပါ၊ ဒီကိစ္စကို မပြောဖို့အတွက်ပေါ့၊ ဒါပေမဲ့ တစ်နေ့သိရမယ့်အတူတူ ကြိုသိထားတာ ပိုကောင်းလိမ့်မယ် ထင်လို့"

"ဘာတွေ ပြောနေတာလဲဟင်"





"တကယ်တော့ ချိုလီနဲ့ ဝတီက သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေပါ၊ ဘာစိတ်ညာစိတ်မှ မရှိတဲ့ သူငယ်ချင်းတွေပေါ့"

"ဟင် ... ဒါဆို သူ ဘာကြောင့်"

"အစ်မက အရင်မှားပြီး သူ့ကို ဆရာလာလုပ်တာတဲ့"

သံလွင် ထိုနေ့က အဖြစ်အပျက်ကို မျက်စိထဲပြေးမြင်မိသည်။ ဟုတ်တာပေါ့။ သံလွင် ထင်ရာစွတ်ကြဲခဲ့တာ။ ချိုလီ ရှေ့ မျက်နှာမထားတတ်အောင် ရှက်မိပြီး ထူအမ်းအမ်းတောင် ဖြစ်လာ၏။

"သူ ပြန်မဖြေရှင်းခဲ့တာ အစ်မကို သူ တကယ်စိတ်ဝင်စားသွားလို့ပါ"

ချိုလီ့စကားကြောင့် သံလွင့်ရင်ထဲ ဒိန်းခနဲ မြည်သွားသည်။ ဒါကြောင့် သူ့အကြည့်၊ သူ့အပြုံး၊ သူ့အပြုအမူထဲမှာ ချစ်ရိပ်တွေ ထင်နေခဲ့တာကိုး။ နားရွက်နှစ်ဖက်က ရှက်စိတ်ကြောင့် ရှိန်းရှိန်းတက်လာသည်။ ရှေ့ညသို propose လုပ်တုန်းကတောင် ဒီလိုမခံစားမိ။

ရှက်စိတ်လေးတစ်ခုက တဖြည်းဖြည်း အရောင်ပြောင်းလာတာ သံလွင် သတိထားမိသည်။ အဲဒါက ဒေါသစိတ်လေးတစ်ခု။ သူ သံလွင့်ကို အရူးလုပ်ခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့၊ ဒီနောက်ပိုင်း သူ ဘာကြောင့် ဆက်လိမ်ခဲ့ရတာလဲ"

"သူ အစ်မကို တကယ်ချစ်သွားလို့ပါ၊ အစ်မနားမှာ ရှိနေဖို့ အခွင့်အရေးလေးတစ်ခုအဖြစ် သူ ဆုပ်ကိုင်လိုက်တာပါ၊ ချီလီ သူနဲ့ အပေါင်းအသင်း လုပ်လာတဲ့တစ်လျှောက် သူ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး"

ကဲ ... အခု အနေအထားက ပြောင်းပြန်ဖြစ်လို့သွားပြီ။ သံလွင်က ချီလီနဲ့ ဝတီကို ရင်ကြားစေ့ပေးဖို့ လာခဲ့တာ။ အခု ချီလီက ဝတီနဲ့ သံလွင့်ကို ပြန်အောင်သွယ်နေ၏။

"တော်တော့ ချီလီ၊ တကယ်တော့ သူ တို့ကိုချစ်ခဲ့တာ မဟုတ်ဘူး၊ အရူးလုပ်ခဲ့တာ၊ မင်းလည်း အလိုတူအလိုပါပဲ၊ တို့ကို နောက်ကွယ်မှာ မင်းတို့ အရူးမကြီးဆိုပြီး ဝိုင်းဟားနေကြမှာ တို့သိပါတယ်"

"မဟုတ်တာ အစ်မရယ်၊ အစ်မကြောင့် ချီလီ ရည်းစားတစ်ယောက်နဲ့တောင် ပြတ်ခဲ့ရသေးတယ်၊ ဝတီလည်း အမှန်အတိုင်း ဖွင့်ပြောချင်ပေမယ့် အစ်မ မုန်းသွားမှာစိုးလို့ သူ ဒီလမ်းဆက်လျှောက်နေရတာပါ၊ အခု အမှန်ကို အစ်မသိပြီဆိုတော့ အစ်မသဘောပါ၊ အစ်မရဲ့အခွင့်အရေး





ပဲ၊ ဒါပေမဲ့ ဝတီလို သိပ်ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက်ကို လျစ်လျူရှုလိုက်မယ် ဆိုရင်တော့ အစ်မ တကယ် အရူးမ ဖြစ်သွားလိမ့်မယ်"

"အယ်"

ချီလီရဲ့ နောက်ဆုံးပိတ် စကားကြောင့် သံလွင်တော်တော် နင်သွားပါသည်။ စကားတွေလေ။ ဘာပြောလို့ပြောရမှန်း မသိအောင် လည်ချောင်းဝမှာ နင်သွားပါ၏။ အပြန်လမ်းမှာ သံလွင့်စိတ်တွေက ကစဥ့်ကလျား။ မမျှော်လင့်ဘဲ ဝတီထက်ဆိုတဲ့ ကောင်ချောလေး ချစ်ခင်မှုကိုရတာ ဝမ်းသာရမှာလား။ တစ်လျှောက်လုံး အလိမ်ခံလိုက်ရသည့်အတွက် ဝမ်းနည်းရမှာလားမဝေခွဲတတ်။ အခုမှ "ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား ငွေသံလွင်" ဖြစ်လို့နေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

မကျေနပ်ချက်တွေကိုရေးဖို့ သံလွင် facebook ပေါ် ရောက်လာခဲ့သည်။ ဒီနေရာက ရင်ဖွင့်စရာ အကောင်းဆုံး။ စိတ်မကြည်နေတဲ့အချိန် ရန်ဖြစ်စရာအကောင်းဆုံး နေရာတစ်ခု မဟုတ်ပါလား။ အရင်ဦးဆုံး ကြည့်မိတာ သူ့ chat box ကိုပါ။ သူ့ chat box မီးစိမ်းနေတာ တွေ့တာနှင့် သံလွင့်စိတ်ထဲ ပေါ်လာသမျှကိုရေးပြီး status တင်လိုက်သည်။ အခုအချိန်လောက်ဆို သူ့ဘော်ဒါ ချီလိက သံလွင်နဲ့ တွေ့ခဲ့သည့်အကြောင်းကို report တင်ပြီးလောက်ပြီ။

* နှလုံးသားတစ်ခုကို ရယူဖို့
မာယာသုံးတတ်တဲ့ နင့်ဆီမှာရှိတဲ့အချစ်
စစ်မှစစ်ရဲ့လား။





* သိနေပါတယ် အပြုံးတွေ
မျက်လုံးတွေပေါ်က ဖြတ်သန်းပြေးနေတဲ့အရိပ်တွေ
ငါ့ကို အာရုံမှောက်မှား စိတ်တွေပြားအောင်
နင်လိမ်ရက်တယ်။

* ခင်မင်မှုကို ခုတုံးလုပ်
ရိုးသားမှုကို ဆေးရောင်ခြယ်
နင့်အကြံ ဒါ အကုန်ပဲလား
အလိမ်ခံရသူရင်ထဲ နင်ဝင်ကြည့်လိုက်
ဒေါသမျက်ရည်ပဲ နင်တွေ့လိမ့်မယ်။

status ရဲ့ ခေါင်းစဉ်က feeling သောက်အရမ်းဒေါသထွက်။ ဒီလောက်ဆို သင်း သဘောပေါက်လောက်သည်။ မကြာပါ။ upload လုပ်ပြီးတာနဲ့ မန့်တွေ တန်းစီဝင်လာသည်။ ဝတီ ထက် မန့်က ထိပ်ဆုံးက။

"နစ်နာစေမယ့် ရည်ရွယ်ချက် မပါတဲ့အတွက် ပရိယာယ်လို့ပဲ သတ်မှတ်ပါ မ,ရယ်"

လာလာသေး။ ဘယ်ကစကားလုံးတွေ တတ်နေဘယ် မသိ။ သူ မန့်ကို အမြင်ကတ်ကတ်နှင့် သံလွင် ထပ်မန့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်စလောက် ကောင်လေးတစ်ယောက်ရဲ့ အလှည့်ခံရတာ ရင်နာလို့ မဆုံးဘူး"

"ရွေးစရာလမ်းမရှိလို့ပါ၊ မ,မှန်းမှာ သေအောင်ကြောက်တဲ့သူပါ"

"မရိုးသားတဲ့လူမျိုး ငါ သိပ်မုန်းတယ်"

"ကျေးဇူးပြုပြီး ဒီစကား ထပ်မကြားပါရစေနဲ့လား"

"တော်ကြပါတော့ ဆူညံနေတာပဲ၊ အလယ်က ဝင်ရှင်းပေးမယ်၊ မ,က ကျေနပ်လိုက်တော့၊ မောင်လေး ဒီလောက်ပြောနေတယ်"

"A ဆို"

"ကြောကျလိုက်ပါ တိုကြီး၊ မလိမ်မိုး မလိမ္မာလေးတွေကို"

ကြားထဲက မန့်တွေက ဝင်နှောက်တာကြောင့် သံလွင် ရန်ဖြစ်ချင်သည့် စိတ်အရှိန်ကိုလွှတ်ဖို့ chat box ဆီ ဝင်ရပြန်ပါသည်။

"ဝတီထက် ... မင်း တော်တော်လွန်တဲ့လူ"

"တောင်းပန်ပါတယ် မ,၊ ကျွန်တော် မ,ကို တကယ်ချစ်မိသွားလို့ပါ"

"ငါ့ကို အရူးလုပ်တာ အခံရ အခက်ဆုံးပဲ"





"အဲ့သဘောမျိုး မဟုတ်ပါဘူး"

typing ပုံလေး ဆက်ပေါ်နေသော်ငြား သံလွင်ကတော့ fb ထဲက ပြန်ထွက်လိုက်သည်။ ပြီးတော့ ဖုန်းပါ တစ်ခါတည်း ပိတ်လိုက်သည်။ သူ ခံစားရပါစေ။ သံလွင့်ကို အရူးလုပ်သည့်အတွက် သူ ဒီလောက်တော့ ခံစားဦးပေါ့။

သံလွင် အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ အခု သံလွင် ဘာဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် ရေရေရာရာ သေသေချာချာ မသိတော့။ သေချာတာကတော့ ဝတီလည်း သံလွင့်ရဲ့ ညှဉ်းပန်းမှုကို ခံရတော့မည် ဆိုတာပင်။ ပြောကြကြေးဆို ရွှေညို သံလွင့်ကို စိတ်ကုန်တာ မှားတော့မမှားပါ။ သံလွင်ကလည်း မထင်ရအောင် ဆိုးသွမ်းရစ်သည့် အမျိုးအစားထဲမှာ ပါဝင်နေသည် မဟုတ်လား။

ရွှေညို ...။ သူ စေ့စပ်သွားပြီလား။ မျက်လုံးထဲမှာ ရွှေညိုရဲ့ပုံရိပ်တွေ ပဲ့တင်ထပ်နေသည်။ ပြီးတော့ ဝတီထက်ရဲ့ ချောမွေ့တဲ့ မျက်နှာလေး။ သူတို့နှစ်ယောက်လုံး သံလွင့်အာရုံမှာ သူတလူ ငါတမင်း လာလုပ်နေကြသည်။ စိတ်ပျက်လိုက်တာနော်။

"ဟဲ့ ... မယ်မင်းကြီးမ၊ စောစောစီးစီး အိပ်တော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မာမီက သံလွင်ရဲ့မွေ့ရာပေါ် ဆွေ့ခနဲ ဝင်ထိုင်လာသည်။ မေးစင်းနေတဲ့ မျက်လုံးတွေကို သံလွင် ဖျတ်ခနဲဖွင့်လိုက်သည်။ ခုနက မာမီ့ဆီကို အန်တီဒေဝီ ဖုန်းခေါ်လာတာ သံလွင် ကြားလိုက်သည်။ သူတို့နှစ်ယောက်တွေ့ရင် သူတို့အသိုင်းအဝိုင်း ကြားက အတင်းတွေမျိုးစုံအောင် ကြားရတော့မည်။ ကြားသမျှလည်း မာမီက သံလွင့်ကို အမြဲဖောက်သည်ချနေကျ။

အရင်က စိတ်ဝင်တစား နားထောင်တတ်ပေမင့် ဒီနေ့တော့ နားထောင်ချင်စိတ်မရှိ။ လူက ညစ်နေသည်။ ဒီတော့ အိပ်ချင်ယောင်ဆောင်ဖို့ ကြိုးစားဖို့ တစ်ချက်သမ်းဝေပြလိုက်သည်။

"အိပ်ချင်နေပြီ မာမီရယ်"

"သတင်းထူးပါလာလို့"

"မနက်မှပြောတော့ မာမီ"

"အေးလေ … ဟုတ်ပါတယ်၊ ဒီည ပြောရင်လည်း ညည်း အိပ်ပျော်နိုင်မှာ မဟုတ်ဘူး၊ ကဲ … ကဲ … အိပ်တော့"

"အမ် … ဘာမို့လို့လဲ၊ မာမီ့စကားက ထူးဆန်းလှချည်လား"

"မနက်မှ ပြောတော့မယ်"





မာမီက ထ,ထွက်သွားဟန် ပြင်တာမို့ သံလွင် ကမန်းကတန်းထ,ပြီး မာမီ့လက်ကြီးကို အတင်းဆွဲပြီး ထားလိုက်ရသည်။

"ကိုယ့်ချင်း ကိုယ့်ချင်းတွေပဲ မာမီရယ်၊ ဟဲ ဟဲ … သံလွင် မအိပ်ချင်သေးပါဘူး မာမီရဲ့"

မာမီ့ကို မျက်နှာချိုသွေးပြီး သံလွင် အတင်းပြန် ထိုင်ခိုင်းလိုက်သည်။

"ညည်းရဲ့မိုးလရွှေညို ဟိုကောင်မလေးနဲ့ မစေ့စပ်ဖြစ်တော့ဘူးတဲ့"

"ဟမ် … ဘာလို့"

"ဒေဝီကတော့ သိပ်ပြောချင်ပုံ မရဘူး၊ လူငယ်အချင်းချင်း မသင့်မြတ်လို့ပဲ ပြောတယ်၊ ငါထင်တာတော့ ညည်းကြောင့် ထင်တယ် မီသံလွင်"

"ဟာ … မာမီကလည်း၊ သံလွင်နဲ့ ဘာဆိုင်တာမှတ်လို့၊ မိုးလရွှေညို ဆိုတဲ့ သင်း အကျောတင်းလို့ ဖြစ်မှာပေါ့"

ပြောလို့မှ မဆုံးသေး ဖုန်းတစ်ကော ဝင်လာသည်။ ဘယ်လောက်ပဲ ဖုန်း memory ထဲက သူ့ဖုန်းနံပါတ် ဘယ်လိုပဲ ဖျက်ဖျက် သံလွင်ရဲ့ memory ထဲမှာတော့ သူ့ဖုန်းနံပါတ်က



www.burmeseclassic.com

www.burmeseclassic.com



မပျောက်မပျက် ကျန်ရှိနေပါသေးသည်။ မာမီ့ရှေ့တွင်မို့ ဖုန်းမကိုင်ချင်တာနှင့် သံလွင် ဖုန်းချပစ်လိုက်သည်။

"ဘယ်သူလဲ သံလွင်"

"ဖုန်းအစိမ်းမို့ မကိုင်ချင်လို့ပါ မာမီ"

"ကဲ ... ကဲ၊ အိပ်ချင်အိပ်တော့၊ အိပ်ပျော်အောင်တော့ အိပ်နော် မိသံလွင်"

"ဩော် ... မာမီကလည်း၊ ဒီဘဲကို heart ထဲက log out လုပ်ထားတာ ကြာပါပြီ"

မာမီ ထွက်သွားတော့ သံလွင် တံခါးထ,ပိတ်ရင်း ငေးငိုင်နေမိသည်။ ဒီနေ့ ကြားရတာတွေက သတင်းကောင်းလေလား၊ သတင်းဆိုးလေလား။ မသိစိတ်ကတော့ အနာဂတ်အတွက် ရင်လေးသွားတာတော့ အမှန်။ အိပ်မက်ထဲမှာ ဝတီ ရှိသည်။ ရွှေညို ရှိသည်။ သံလွင် စိတ်တွေ ပင်ပန်းလွန်းလို့ လွတ်မြောက်ဖို့ ကြိုးစားရင်းက မနက်မိုးလင်းခဲ့သည်။

❦ ○ ❦





# ၂၁

လူတစ်ယောက်ကို လူတစ်ယောက်က တကယ်ချစ်မိသွားပြီဆိုရင် ဟန်မဆောင်နိုင်လောက်အောင် အပြုအမူတွေက သိသာလွန်းသည်တဲ့။ ဟုတ်ရှာ။ သူလည်း မ,ကိုချစ်မိလို့ သူ့အပြုအမူတွေက ထိန်းချုပ်လို့မရနိုင်အောင် အချစ်ရဲ့ဆွဲငင်မှုအောက်မှာ လုံးလုံး ကျရောက်ခဲ့တာလေ။

အခုပဲကြည့် ... သူ မ,တို့အိမ်ရှေ့ကို ရောက်နေပြီ။ ဒီနေ့ မ,ရဲ့မွေးနေ့လေ။ မ,က တမင်ရည်ရွယ်ပြီး ပြောထားတာ မဟုတ်ပေမင့် စကားထဲပါသွားတဲ့ မ,ရဲ့မွေးနေ့လေးကို သူ သတိတရ ရှိခဲ့တာဖြစ်သည်။ အဖြစ်သနစ် အားလုံးကို မ,သိရှိပြီးကတည်းက သူ့ကို ရှောင်ဖယ်နေခဲ့တာ သူ တကယ်ကို မခံစားနိုင်တော့။ ဖုန်းဆက်လည်းမကိုင်၊ msg ပို့လည်းမပြန်၊ သူ တကယ် မျောက်မီးခဲကိုင်မိသလို ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပါ တစ်ခါတည်း လိုက်ခဲ့ရောပေါ့ ကိုအောင်ရယ်၊ သားအမိ သားအဖသုံးယောက် တစ်ခါတလေလေး အတူ အပြင်ထွက်ရအောင်ပါ"

"မင်းတို့ပဲ သွားပါကွာ၊ မင်းတို့က ခြေကခပ်ရှည်ရှည်၊ နောက်ကနေ တကောက်ကောက် မလိုက်နိုင်ဘူး၊ တစ်ခါတလေ အိမ်မှာနားနေတုန်း အေးအေးဆေးဆေး နားပါရစေ"

မာမီက တဖျစ်တောက်တောက် ပြောသော်လည်း သံလွင်ကတော့ တစ်ဖက်လှည့်ရင်း ပါးစပ်လေး လက်ပိတ်ပြီး ရယ်မောမိသည်။ တစ်ခါ မာမီမွေးနေ့ သုံးယောက်သားသွားလိုက်ကြတာ မနက်မိုးလင်းကနေ ညမိုးစုန်းစုန်းချုပ်သည်။ သားအမိနှစ်ယောက် shopping ထွက်တဲ့နောက် တကောက်ကောက်လိုက်မိတာ ဒက်ဒီ တော်တော်နောင်တရသွားပုံရ၏။ တစ်ခါတည်းနှင့် မှတ်သွားသည်။ ယောက်ျားတွေက စိတ်ကိုမရှည်တဲ့ကြတာပါ။

ခြံထဲမှာ ဂျက်နက် တစ်ကောင် ယောက်ယက်ခတ်နေသည်။ သူက ဘာလို့ရယ်မသိ သံလွင်တို့ အပြင်ထွက်တော့မည်ဆို သိသည်။ သွားသမျှနေရာကိုလည်း တကောက်ကောက်





လိုက်ချင်နေ၏။ နောက်ကနေတောင် ကုပ်ဖက်တက်လို့ စတော့ကင်တွေ ပေါက်ပေါင်း၊ အင်္ကျီတွေ ပြဲပေါင်း များပြီ။

"ဟော့ ... ဟော့ ... ဂျက်နက် လာဦး"

သံလွင် အိမ်အပြင်ထွက်ရင်း ဂျက်နက်ကို လှမ်းခေါ်လိုက်သည်။ ဒီအချိန် သူ့ နွားနို့သောက်ချိန်၊ နွားနို့တိုက်ထားတုန်း အပြင်ထွက်ရမည်။

သူ့ခွက်လေးထဲကို နွားနို့ထည့်မယ်လုပ်တုန်း သံလွင်တို့အိမ်ရှေ့မကျတကျမှာ ရပ်ထားတဲ့ကားကိုတွေ့တော့ မျက်မှောင်ကြုတ်သွားသည်။ ဒါ ဝတီ့ကား။ သူ ဒီမှာ ဘာလာလုပ်နေတာလဲ။ သံလွင် ကြည့်နေတုန်း သူ ကားတံခါးဖွင့် ဆင်းလာသည်။ မီးခိုးရင့်ရောင် စပို့ရှပ်တစ်ထည်နှင့် အဖြူရောင် ဂျင်းတစ်ထည် ဝတ်ထားတဲ့ သူ့ဒီဇိုင်းက အရမ်းမိုက်နေသည်။ လက်ထဲမှာတော့ ပန်းစည်းတစ်စည်း။ သူ တဖြည်းဖြည်းနဲ့ သံလွင်တို့ ခြံအထိ ရောက်လာပြီး ခြေစုံရပ်လာသည်။

ဂျက်နက်ကို နွားနို့ထည့်ပေးပြီး သံလွင်လည်း အူယားဖားယားနှင့် ခြံဝဆီ လျှောက်လာမိသည်။

"ဝတီ ... မင်း ဘယ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မ,ဆီကိုလေ၊ မနက်ခြောက်နာရီတည်းက ရောက်နေတာ"

"ဘာလို့"

"ဒီနေ့ မ,မွေးနေ့မို့ birthday wish ကို လူကိုယ်တိုင်လုပ်ချင်လို့"

မမြင်ရတာ ကြာပြီဖြစ်တဲ့ သူ့ကို သံလွင် ခပ်တောင့်တောင့်လေး ရပ်ကြည့်နေမိသည်။ ရဲတဲတဲ သူ့ရဲ့နှုတ်ခမ်းများမှာ အပြုံးတစ်စကို တွေ့ရသည်။ ငေးစိုက်ကြည့်လာတဲ့ သူ့ရီတီတီမျက်ဝန်းလေးကို သံလွင် မှင်သက်ငေးမောစွာ ပြန်လည်စိုက်ကြည့်ဖြစ်ပါသည်။ ဒီတော့မှ သူ့ကိုလည်း သံလွင် သတိတရရှိနေမှန်း သိပ်ကို သေချာသွားခဲ့သည်။

"တံခါးဖွင့်ပေးလို့ ရမလားဟင်၊ birthday present ပေးချင်လို့ပါ"

သူပြောမှ သံလွင် သတိဝင်လာပြီး ခြံတံခါးကိုဖွင့်ပေးလိုက်သည်။ သူက သံလွင့်လက်ထဲကို ပန်းစည်းထိုးပေးသည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲနှိုက်ပြီး ဘူးသေးသေးလေးတစ်ခုပါ ကမ်းပေး၏။

"Happy birthday မ, ... မွေးနေ့ကစ,ပြီး သာယာပျော်ရွှင်ဖွယ်နေ့ရက်တွေ ပိုင်ဆိုင်နိုင်ပါစေ"





"Thanks ... baby"

သူ့ဆီက birthday wish အကြားမှာ သံလွင့်ရင်ထဲအတော်လေး နွေးထွေးသွားပါ၏။ ရတ်တရက် သံလွင့်အတွေးထဲ ရောက်လာတာက ရွှေညို။

"မောင်ရေ ... မနက်ဖြန် ကျွန်မရဲ့မွေးနေ့နော်"

"မွေးတဲ့နေ့က တစ်နေ့တည်း ရှိတာပါ သံလွင်ရာ၊ ဘာလဲ အထိမ်းအမှတ်ပွဲလေး လုပ်ချင်လို့လား။ မောင်မအားသေးဘူး၊ brithday present လိုချင်တယ်ဆို ဝယ်ပေးပါ့မယ်၊ စဉ်းစားထားလိုက်ပေါ့"

ကျက်သရေတုံးလိုက်တာ။ တကယ်ရော ဝယ်ပေးပါသလား မေးကြည့်ပါ။ ခေါင်းထဲတောင် မရှိခဲ့။ ကိုယ်ကလည်း မာနလေးနဲ့ သူ့ကို သတိထပ်မပေးတော့။ ဒီလိုနှင့် သုံးနှစ်သုံးမိုးစလုံး သူ့ဆီက ဘာလက်ဆောင်မှ မရခဲ့။

"ကျွန်တော် ပြန်ဦးမယ်နော် မ,၊ စိတ်မဆိုးတော့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"တို့မွေးနေ့ကို အမှတ်တရရှိတဲ့အတွက် တို့လည်း မင်းကို ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းအသာဆက်ပြရင်း သံလွင့်ရှေ့က လှည့်ထွက်သွားသည်။ သူ သံလွင်နဲ့တွေ့ဖို့ ဘာညာတစ်ခွန်းတောင် ပြောမသွား။ သူ ဘယ်လိုကောင်စားမျိုးလေးပါလိမ့်။

တခါးလေးစေ့ပြီး သံလွင် အိမ်ထဲပြန်ဝင်လာခဲ့သည်။ မာမီနဲ့ ဒက်ဒီကတော့ သံလွင့်လက်ထဲက ပန်းစည်းကို လိုက်ကြည့်နေကြသည်။ မာမီကတော့ သံလွင့်ကို မေးချင်နေသော်လည်း ဒက်ဒီရှိနေလို့ မနည်းဘရိတ်အုပ်ထားသည့်ပုံ။

အခန်းထဲရောက်တာနှင့် သံလွင် တခါးပိတ်ပြီး သူ ပေးတဲ့ဘူးလေးကို ဖွင့်ကြည့်လိုက်သည်။ အထဲမှာ သံလွင် တွေ့လိုက်ရတာက အသည်းပုံမဟုတ်ရာလေးကို စိန်ခြယ်ထားတဲ့ လက်စွပ်လေးတစ်ကွင်း။ တန်ဖိုးလည်း နည်းမည့်ပုံမပေါ်။ သံလွင် အရင်ဆုံး လုပ်မိတာက သူ့ဆီ ဖုန်းခေါ်မိတာ။

"ဟယ်လို မ, … ကျွန်တော်ပေးတဲ့ လက်ဆောင်လေး ကြိုက်လား"

"အဲဒီအကြောင်း ပြောမလို့ပဲ၊ မင်းလက်ဆောင်ကို တို့ လက်မခံနိုင်ဘူး"

"ဘာလို့"

"တန်ဖိုးကြီးလွန်းတယ်၊ ပြန်ယူပါ၊ တို့ လက်မခံနိုင်ဘူး"





"မ, … ကျွန်တော် စိတ်မကောင်းအောင် မလုပ်ပါနဲ့၊ အဲဒီလက်စွပ် ကျွန်တော့်ပိုက်ဆံနဲ့ ဝယ်ထားတာပေါ့ မ,"

"sorry ပဲကွာ၊ ကိုယ်နဲ့ဘာပတ်သက်မှုမှ မရှိတဲ့ ယောကျ်ားကစ်ယောက်ဆီက တန်ဖိုးကြီးလက်ဆောင် တို့ မယူတတ်လို့ပါ"

"ဘာပတ်သက်မှုမှ မရှိဘူး၊ ဟုတ်လား … မ,"

ဖုန်းထဲက သူ့လေသံထဲမှာ နာကျင်မှုတို့ စွတ်စိုနေသလိုလို၊ သံလွင့်စကားက သူ့ကို တကယ်ပဲ နာကျင်သွားစေတာလား။ အထာကိုင်တာတော့ မဟုတ်။ သို့ပေမင့် ဒီကလေးဆီက သံလွင် ဘာမှရယူချင်တာတော့ အမှန်။ သူ့ဘက်က ဘာသံမှ ထပ်မထွက်လာတဲ့ အကြာကြီး ငြိမ်နေတာမို့ သံလွင် နှစ်သိမ့်ဖို့ အားယူလိုက်သည်။

"တို့ပြောတာ မင်း တလွဲမတွေးပါနဲ့ကွာ"

"ရပါတယ်၊ မလိုချင်လည်း လွှတ်ပစ်လိုက်လေ၊ ကျွန်တော်က ပေးပြီးသားပစ္စည်းတစ်ခုကို ပြန်မယူတတ်ဘူး"

လေသံမာဆတ်ဆတ်လေးပြောရင်း သူ ဖုန်းချသွားပါသည်။ သံလွင်ကတော့ နားနားမှာ ကပ်ထားတဲ့ဖုန်းကို ချရင်း ခပ်ဖွဖွ ရယ်ဒိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်ရှုးမို့လို့ ဒီတန်ဖိုးကြီးတဲ့ လက်စွပ်ကို လွှတ်ပစ်ရမှာလား"

သံလွင် ဘူးထဲက လက်စွပ်လေးကို ထုတ်ယူပြီး ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ထားလိုက်သည်။ ဖြူနုတဲ့ သံလွင့်လက်သူကြွယ်မှာ ဝတ်ပေးတဲ့ လက်စွပ်လေးက အပိုအလိုမရှိ ကွက်တိကျပြီး လှပဝင့်ကြွားနေ၏။

❦ ○ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။





## ၂၂

ထုတ်ဝေသူရဲ့သမီးလေး မွေးနေ့ကို Strand Hotel မှာ ကျင်းပမည်တဲ့။ မသွားလို့မဖြစ်လို့သာ သွားရမည်။ သံလွင်ကတော့ တယ်မသွားချင်။ တိုက်က နာမည်ကြီးတိုက်ဖြစ်ပြီး လတ်တလော hot နေတဲ့ စာရေးဆရာမတွေ ဆုစည်းရာဖြစ်တာမို့ အချင်းချင်း အပြိုင်အဆိုင်လေးတွေ ရှိနေကြပါသည်။ အားလုံးထဲမှာတော့ သံလွင်က အစုတ်ပြတ်ဆုံး။ ကိုယ်စီ ကိုယ်စီ ကိုယ်ပိုင်ကားလေးတွေနဲ့ လာနေချိန်မှာ သံလွင်ကတော့ Taxi နှင့်သာ နစ်ပါးသွားရသည်။ အဲဒီမှာတင် စ,အောက်တာ။

"ဘာစိတ်ညစ်စရာရှိလဲ သံလွင်ရာ၊ နင့်ရဲ့ baby လေးကို လိုက်ပို့နိုင်းပေါ့။ ဘယ်သူ့ဘဲက ဝတ်ထက်,ထက် ပိုသာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟာ"

သီရိရဲ့ အကြံပေးချက်ကို ငြင်းဆိုလိုက်တဲ့ သံလွင့်လေသံက လျော့ရဲရဲ နိုင်လွန်းတာ ကိုယ်ကိုယ်တိုင် သတိပြုမိလိုက်ပါသည်။ အခုနေ ဝတီ ကို အကူအညီတောင်းရင် သူက က,ပြီးတော့တောင် ကူညီဦးမှာ။

သူ အခုတလော သံလွင့်ဆီ ဖုန်းမဆက်။ line ပေါ်မှာလည်း မတွေ့ရ။ ဟိုနေ့ကကိစ္စအတွက် နာကစ်နေတာပဲဖြစ်မည်။ သံလွင်က အရင်စ,ပြီး ဆက်သွယ်ဖို့ ကျပြန်တော့လည်း ရှဲ့တွန့်တွန့် ဖြစ်နေပါ၏။ နောက်ဆုံးတော့ လူချောလေးနဲ့ဘာရယ်မဟုတ် တွဲသွားချင်တဲ့စိတ်လေး ခေါင်းပြူလာတာမို့ သံလွင်သူ့ဆီ ဖုန်းခေါ်မိလိုက်သည်။

"ဟယ်လို"

ဖုန်းခေါ်သံ ပြန်ထူးတာ ဝတီ အသံမဟုတ်။ ချပစ်ရကောင်းနိုးနိုး။ ဆက်ပြောရကောင်းနိုးနိုးနဲ့ သံလွင် ဝေခွဲရခက်နေတုန်း ဟိုတစ်ဘက်က အရင်စ,ပြီး မိတ်ဆက်၏။

"ကျွန်တော်က ဝတီ ထက်ရဲ့ မန်နေဂျာပါ"

"အမ် ... ဘာမန်နေဂျာလဲ"





"သူ့ကိစ္စ အဝဝကို စီစဉ်ပေးရတဲ့သူ ဆိုပါတော့၊ အခု သူ ကြော်ငြာတစ်ခု ရိုက်နေလို့ မအားသေးဘူးခင်ဗျ၊ သူအားရင် မမ ဖုန်းဆက်တဲ့အကြောင်း ပြောပေးလိုက်ပါ့မယ်"

သံလွင် ဖုန်းကျပြီး မျက်နှာစပ်ဖြီးဖြီး ဖြစ်သွား၏။ ဟုတ်လှချည်လား။ နေ့ချင်းညချင်း မန်နေဂျာတွေ ဘာတွေတောင် ကောက်ကက်ပြီး ခန့်ပစ်လိုက်တာပဲ။ ကြော်ငြာတွေ ဘာတွေတောင် ရိုက်နေရပြီဆိုတော့ ဒီကလေးရဲ့အနာဂတ်က အိုကေမှာ စိုပြည်လောက်သည်။

သိပ်မကြာပါ။ နောက်ထပ် ဆယ့်ငါးမိနစ်လောက်ကြာတော့ သူ ဖုန်းပြန်ခေါ်သည်။ ဒီတစ်ခါတော့ စကားကို ပြေပြေလည်လည်ပြောဖို့ သံလွင် ဆုံးဖြတ်ထားပါ၏။

"မမ ... sorry နော်၊ ကျွန်တော် ကြော်ငြာရိုက်နေလို့ပါ"

"ဘာကြော်ငြာလဲ"

"STEP အကျီကြော်ငြာ"

"တယ်ဟုတ်ပါလား"

"မ,ပို့ပေးတဲ့ မေတ္တာကြောင့် ဖြစ်မှာပါ"

"တို့ကို ရှဲ့နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပေါင်ဗျာ၊ ဒါနဲ့ ဘာကိစ္စရှိလို့ ဖုန်းဆက်တာလဲ ဟင်"

"အကူအညီတစ်ခု တောင်းချင်လို့ပါ၊ ဒါပေမဲ့ ..."

"ပြောပါ ... ဘာကူညီရမလဲ၊ မ,အတွက်ဆို ကျွန်တော်က အဆင်သင့်ပါ"

အိုး ... ကောင်းလိုက်တဲ့ စကားလေး၊ တကယ် မဟုတ်တောင် သံလွင့်ရင်ထဲ အားရှိသွားပါသည်။ ရင်ထဲကလာတာ သေချာသိလိုက်ရလို့ ပိုအားတက်သွားမိသည်။

"ဒီတနင်္ဂနွေကို ထုတ်ဝေသူရဲ့သမီးလေး မွေးနေ့ရှိလို့ Strand Hotel မှာလေ၊ အဲဒါ ..."

"ဟုတ် ... ဘယ်နှနာရီလောက်လဲ၊ ကျွန်တော် မ,ကိုလာခေါ်ပေးပါ့မယ်"

ချက်ဆို နားခွက်က မီးတောက်တဲ့အထဲမှာ ဝတီထက်က ရှေ့ဆုံးက ပါမည်ထင်၏။ သံလွင် ဘာပြောချင်မှန်း အရိပ်ပြတာနှင့် အကောင်ထင်တတ်တဲ့သူ။

"မင်း အဆင်ပြေပါ့မလား ဝတီရယ်"

"ပြေပါတယ်၊ မပြေလည်း ပြေအောင်လုပ်မယ်၊ ဘယ်နှနာရီလဲသာပြောပါ"





"ကိုးနာရီလောက်ပါ၊ ဖြစ်လား"

"ဖြစ်တယ်၊ ဩော် ... ခေါ်နေပြီ မ,ရေ၊ ကျွန်တော်သွားလိုက်ဦးမယ်၊ ညကျရင် ဖုန်းဆက်မယ်နော်"

သူဖုန်းချသွားတော့ သံလွင် ဖုန်းကို နားနားကပ်ထားဆဲပါ။ ချိုအီအီခံစားမှုလေးတစ်ခု သံလွင့်ရင်ထဲ စီးဝင်နေတာ အခုထက်တိုင်ပဲ။ အချစ်ဝတ္ထုရေးသာရေးနေတဲ့ အချစ်ရဲ့ရသနကန်းတစ်လုံးမှ မသိခဲ့တဲ့ စာရေးဆရာမ ဝဿန်ခါ အခုတော့ romantic ရဲ့ရသကို သဘောပေါက်စ ပြုနေပါသည်။

"ခိ ခိ ... ငါ ရူးများ ရူးသွားသလား၊ ရင်ခုန်လိုက်တာ အရမ်းပဲ"

သံလွင်တစ်ယောက် အိပ်ရာထဲ ပစ်လှဲပြီး ခေါင်းအုံးကို ရင်မှာပိုက်ရင်း အူမြူးနေရှာ၏။ (ရုပ်ရှင်ထဲက မင်းသမီးလေးရဲ့စတိုင်လ်မျိုးနှင့်။)

မိုးလရွှေညိုနဲ့တုန်းက မခံစားဘူးခဲ့တဲ့ ခံစားမှုအသစ်အဆန်းတွေ ဝတီက သံလွင့်ကို ပေးစွမ်းနိုင်ပါသည်။ လူတစ်ယောက်မှာ တကယ်သာ အချစ်ရှိခဲ့မယ်ဆိုရင် သူ ဘယ်လောက်ပဲ အလုပ်တွေရှုပ်နေပါစေ။ သူ့ချစ်သူအတွက်တော့ အချိန်လေးပေးနိုင်ရမှာပေါ့။ တကယ်ချစ်ခဲ့ရင် ပြောပါတယ်။ အချစ်ကို အပျင်း



www.burmeseclassic.com

www.burmeseclassic.com



ပြေသဘောမျိုးလောက်ပဲ ထားသူတွေအတွက်တော့ "အလုပ်"ဆိုတဲ့ အကြောင်းပြချက်နဲ့ အမြဲကိုင်ပေါက်နေမှာပဲ။ ဥပမာ အဆက်ယောင်းကြီး မိုးလရွှေညိုလို လူစားမျိုးတွေပေါ့။

သံလွင် ကြာကြာတော့ feel မတက်နိုင်ပါ။ ထုတ်ဝေသူ သမီးလေးအတွက် မွေးနေ့လက်ဆောင်ဝယ်ဖို့၊ အဲဒီနေ့အားလုံးနဲ့ယှဉ်ရင် မသာတောင် တန်းတူဖြစ်စေဖို့ အဝတ်စားရှာဖို့၊ ဖို့ ... ဖို့ ... ဖို့တွေ များနေတာမို့ အိပ်ရာထဲက ကုန်းရုန်းထရင်း ရေချိုးခန်း ဝင်လိုက်သည်။

ပြီးရင် shopping centre တွေထဲ တမေ့တမောလျှောက်ငေး ရွေးချယ်ဝယ်ယူရင်းနှင့် နာရီဝက်လောက်သာ သွားရမည့်ပွဲအတွက် နာရီပေါင်းများစွာ၊ အကုန်အကျပေါင်းများစွာ အသုံးချရပါမည်။ အင်းလေ ... လူမှုရေးပေကိုး။

ဒါကြောင့် "ကိစ္စများမြောင် လူတို့ဘောင်"ဟု ခေါ်တွင်နေသလားမသိ။





## ၂၃

ထုတ်ဝေသူ ဦးသိန်းဆွေက အပေါင်းအသင်း ဝင်ဆံ့သူဖြစ်တာမို့ သူ့သမီးမွေးနေ့ပွဲမှာ စာအုပ်အသိုင်းအဝိုင်းတင်မကတကယ့်ဒိတ်ဒိတ်ကြဲ လူကုံထံအသိုင်းအဝိုင်းကပါ လာရောက်ချီးမြှင့်ကြ၏။ ဒီနေ့ မီးမီးလေးက မင်းသမီးလေးပင်။ သံလွင်ကတော့ မီးမီးလေးကို သနား၏။ ဟိုလူကပါးဆွဲ၊ ဒီလူကပါးကိုင်နှင့် မွေးနေ့ပွဲပြီးရင် သူ့ပါးလည်း လေထိမခံနိုင်အောင် နာကျန်ခဲ့တော့မည်။

"ဝဿန် ... သူ ဘယ်သူလဲ၊ မိတ်ဆက်ပေးဦးလေ"

စာရေးဆရာမ မိုးနှင်းဖွဲ့က သံလွင့်ဘေးက သူ့ကိုစ,ဝင်လာကတည်းက မျက်တောင်မခတ် ကြည့်နေရာက သံလွင်ငြိမ်လွန်းတဲ့အဆုံးမှာ ပါးစပ်ကထွက်ပြီး မိတ်ဆက်ခိုင်း၏။

www.burmeseclassic.com



“ဩော် ... သူက ဝတီ ထက်တဲ့၊ တက်သစ်စ မော်ဒယ်လ် တစ်ယောက်ပေါ့၊ တက်သစ်စ ဆိုလို့ အထင်မသေးနဲ့နော်၊ ကြော်ငြာတွေ လက်ခံထားတာ အများကြီးပဲ၊ မင်းသားလုပ်ဖို့လည်း ကမ်းလှမ်းထားကြသေးတယ်၊ သူက အတွေ့အကြုံ နုသေးပြီး သင်ယူလေ့လာစရာတွေကလည်း များလွန်းလို့ စဉ်းစားနေတယ်၊ ဟုတ်တယ်နော်”

ဝတီကတော့ ကြွားလုံးထုတ်နေသော ငွေသံလွင့် စကားတွေကြောင့် အနေရ အထိုင်ရ ခက်နေပါသည်။ မိုးနှင်းဖွဲ့ ကတော့ မေးမိတာ မှားပြီမှန်း နောင်တအကြီးအကျယ် ရနေ၏။ သို့ပေမင့် အချိန်နှောင်းသွားပြီလေ။ ဝဿန်ခါရဲ့ပါးစပ်က ဘရိတ် ပေါက်သလို မရပ်တန့်နိုင်တော့။

“သူ့အဖေက ကုမ္ပဏီပိုင်ရှင်လေ၊ သူ့အမေကတော့ fashion shop တွေ အများကြီးပိုင်တယ်၊ ဟုတ်တယ်နော်”

သံလွင်က ဝတီကိုတောင် အဖော်လှမ်းညှိလိုက်သေးသည်။ မိုးနှင်းဖွဲ့လည်း ပထမတော့ သည်းခံနေပါသည်၊ နောက်ဆုံးတော့ နားမခံနိုင်တော့တာနှင့် ပညာပြဖို့ ဆုံးဖြတ်လိုက်သည်။

“ဩော် ... ဒါနဲ့ ဟိုတစ်ယောက်လည်း မတွေ့တာကြာပြီနော်”





“ဘယ်တစ်ယောက်လဲ”

“တို့ စာအုပ်တိုက်လာတုန်းက နှစ်ခါ ဆုံဖူးတယ်လေ၊ မိုးလရွှေညိုဆိုလား ဘာလား”

သေစမ်း၊ ဟုတ်ပ။ ဘာလို့ သံလွင် သတိမရမိတာ ပါလိမ့်။ သံလွင်နဲ့ သူ စာအုပ်ထွက်တဲ့ရက်ချင်းတိုက်ပြီး စာအုပ်တိုက်ကို လာတုန်းက ရွှေညို့ကို တွေ့ဖူးခဲ့သည်ပဲ။ ဝတီကတော့ သံလွင့်ကို အဖြေရှာမျက်ဝန်းတွေနဲ့ စိုက်ငေးလို့နေ၏။

မလုံမလဲတော့ မဖြစ်မိပါ။ သိတယ်မှလား ငွေသံလွင်ပဲ။ သူမေးလာခဲ့ရင် ပွင့်ပွင့်လင်းလင်း ပြောဖို့ ဆုံးဖြတ်ပြီးသား။ သို့ပေမင့် မိုးနှင်းဖွဲ့ရဲ့ ပါးစပ်ပေါက်ကိုတော့ ပိတ်ဖို့တာဝန်ရှိလာသည်။ တကယ်ဆို သူလည်း ခေသူတစ်ယောက် မဟုတ်တာ သံလွင် ထည့်တွက်ခဲ့ရမှာ။

သံလွင် ပါးစပ်ဟဖို့ ကြံရွယ်နေတုန်း လူတစ်ယောက်ကို လှမ်းမြင်လိုက်တာမို့ ပါးစပ်သာဟသွားပြီး စကားတော့ တစ်လုံးမှ ထွက်မလာခဲ့။ ခပ်မတ်မတ် ကိုယ်နေဟန်နဲ့ သံလွင်တို့ စားပွဲဆီ လျှောက်လာတာက မိုးလရွှေညို။ သူမှ သူအစစ်။ နေပါဦး။ ဒီပွဲနဲ့ သူနဲ့ ဘာပတ်သက်နေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့်တွေက သံလွင့်ဆီမှာသာ စူးစူးစိုက်စိုက် ရှိနေပါသည်။ အနားရောက်မှ သံလွင့်နားမှာ ထိုင်နေသည့် ဝတီဆီ မျက်လုံးရောက်သွားပြီး မျက်နှာတစ်ချက် ပျက်သွားရှာ၏။ ဟန်ဆောင်ကောင်းသူပီပီ သူ့ရဲ့မျက်နှာထားကို ဆယ်စက္ကန့်မှာပဲ ပုံမှန်ဖြစ်အောင် ပြန်ထားလိုက်နိုင်၏။

"သံလွင်နဲ့ ဆုံရမယ်လို့တောင် မထင်မိဘူး၊ ချိန်းထားရင်တောင် လွဲဦးမယ်နော်"

သုံးပွင့်ဆိုင်အင်္ကျီလက်မောင်းကို မနိုတရိ အပြုံးနှင့် ကြည့်နေသူက မိုးနှင်းဖွဲ့။ ကလေး လေးတွေရေးပြီး ပရိသတ်ကို ဖမ်းစားတတ်တဲ့ ဝသယန်ခါရေ။ အပြင်ကမ္ဘာမှာ နင် ဘယ်လောက်တော်လဲ ငါ စောင့်ကြည့်ဦးမယ်။

"အင်း … ဟုတ်တယ်၊ ရွှေညို ဘယ်လိုရောက်လာတာလဲ"

"ဦးသိန်းဆွေနဲ့ ကိုယ့်အဖေနဲ့က မိတ်ဆွေတွေလေ၊ ဖေဖေ မလာနိုင်လို့ ကိုယ့်ကို လွှတ်လိုက်တာ"

"ဪ … ဪ"

ဝတီ့ထက်ကတော့ မိုးလရွှေညို ဆိုသည့် လူရည်သန့်ကို မျက်တောင်မခတ် ကြည့်နေမိသည်။ ဒီလူ့ကို စိန်ဂေဟာမှာ ကောင်မလေးတစ်ယောက်နဲ့ အတူတူတွဲတွေ့ခဲ့ဖူးသည်ပဲ။





အခု ဟိုစာရေးဆရာမရဲ့ စကားအရဆိုရင် မနဲ့ သူနဲ့ ဓာတ်လမ်းလား။ အင်းလေ … အတိတ်အကြောင်း သူ စိတ်မဝင်စားပါဘူး။ သူ စိတ်ဝင်စားတာက မ,နဲ့သူရဲ့ အခုလက်ရှိ အခြေအနေနဲ့ အနာဂတ်ခရီးလမ်းကိစ္စပဲ။

"ပြန်မယ်ဆို ကိုယ်လိုက်ပို့ပေးမယ် သံလွင်"

ခပ်ရဲရဲ သူ့ရဲ့ပြောင်းဆိုမှုကြောင့် သံလွင်ရဲ့ ရွှေရုပ်တော်က ဟန်မဆောင်နိုင်အောင် စူပုပ်သွားပါသည်၊ အရှက်မရှိ သရက်စေ့ဆိုတာ သူလိုလူမျိုးပြောတာ နေမှာ။ အခု ဘယ်ရောက်သွားလဲ သူ့မာနတွေ။ သူများတကာ ရာသီဥတုသာယာနေတာကို မနာလိုတိုရှည်ဖြစ်ပြီး မျက်လုံးကြီးနဲ့ လုပ်ချင်တဲ့သူ။

"ဝတီနဲ့အတူလာတာ ရွှေညို၊ သူနဲ့ပဲ ပြန်မှာလေ၊ ရွှေညိုဘာသာ ပြန်လိုက်ပါ"

အကြီးအကျယ် ရန်တွေ့နှင်စိတ်တွေကို ချုပ်ထိန်းရလွန်းလို့ သံလွင် အသက်ရှူတောင် ဝဝမချင်တော့။ ဒီနေ့ ငွေသံလွင်တို့ ကံဆိုးတဲ့နေ့ပဲ။

"အင်းလေ … ပြီးတာပဲ၊ ဖုန်းဆက်မယ်နော်"

ပိုင်စိုးပိုင်နင်း။ သူနဲ့ပဲ ပတ်သက်နေသေးသလိုလို။ ဝတီရဲ့မျက်လုံးတွေရှေ့မှာ သံလွင် အငွေ့တောင် ပြန်ချင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကြားထဲ ရင်ထဲကအရှယ်ကို မဖုံးနိုင်တဲ့ မိုးနှင်းဖွဲ့ရဲ့ မျက်နှာလေးကိုမြင်တော့ ရင်ထဲမှာ ကျလိကျလိနဲ့ အခံရခက်၏။

အပြန်လမ်းမှာ ဝတီက တိတ်ဆိတ်နေသည်။ ဒါကိုက သဘာဝမကျတာ။ သံလွင်က သူမေးရင် အဆင်သင့်ဖြေဖို့ ပြင်ဆင်ပြီးသားလေ။ နောက်ဆုံးတော့ သံလွင်သာ စကားလမ်းကြောင်းလိုက်ရပါသည်။

"ဘာလို့ ငြိမ်နေတာလဲ ဝတီ၊ အလာတုန်းက ဝတီတို့ကို စကားတွေ ရေလက်မဝင်အောင် ပြောလာခဲ့တာ၊ ဘာလဲ ပြောစရာ ကုန်သွားလို့လား"

"ပိုတောင် များနေပါတယ် မ,ရယ်၊ ဒါပေမဲ့ ကျွန်တော် ပြောမယ့်စကားတွေက မေးခွန်းတွေပဲ ဖြစ်နေတော့ မ,ကြိုက်မှ ကြိုက်ပါ့မလားလို့"

"ဟင်း ဟင်း … မဆိုးပါဘူး၊ စကားတွေ ဘာတွေတောင် ပြောတတ်နေပြီပဲ"

"မရွဲ့နဲ့လေ မ,၊ ကျွန်တော် မေးခွန်းတွေ မေးချင်တယ်၊ ဒါပေမဲ့ မ,ဖြေချင်မှ ဖြေလို့ရပါတယ်"

"အမေးရှိရင် အဖြေဆိုတာလည်း ရှိတာပေါ့ ဝတီ၊ ပြောမင်းဘာသိချင်လဲ"





"မိုးလရွှေညိုဆိုတဲ့ လူအကြောင်း"

"အဆက်ဟောင်းပါ၊ စိန်ဂေဟာမှာ တွေ့ခဲ့တုန်းက ကောင်မလေးက သူနဲ့စေ့စပ်တော့မယ့် ကောင်မလေးပေါ့"

"ဒါဆို သူ ဘာလို့"

"အခု အဲဒီတစ်ယောက်နဲ့ မစေ့စပ်ဖြစ်တော့ဘူးတဲ့"

"ဪ … ဒါကြောင့် မ,ဆီ သူ ပြန်လာချင်တာနဲ့တူတယ်"

"ထွက်ချင်ထွက်၊ လာချင်လာ လက်ခံရအောင် သာလယံဇရပ်မှ မဟုတ်တာ"

"ဒါပေမဲ့ သံယောဇဉ်ကတော့ ရှိသေးတယ်မှလား မ,ရယ်၊ ပြီးတော့ သူက confident ရှိပြီး လူကြီးလူကောင်းပုံစံမျိုး၊ အဆင့်လည်း ခပ်နိမ့်နိမ့်ထဲက မဟုတ်လောက်ဘူး"

"မိုးလ trading company က သူတို့ကုမ္ပဏီလေ"

"ဪ … သိတယ်၊ ကြားဖူးတယ်၊ ဒက်ပြောတဲ့ စကားတွေထဲမှာလည်း ကြားဖူးတယ်"

"စိတ်ချပါ ဝတီရယ်၊ တို့ သူ့ကို ပြန်လက်မခံပါဘူး၊ မင်း ဒါကို စိုးရိမ်နေတာ မဟုတ်လား"

"အဲဒါက ဒုတိယပါ၊ ပထမ စိုးရိမ်တာ တစ်ခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်းက ဝတီ သံလွင့်ဘက် လှည့်ကြည့်သည်။ ရီတီတီ သူ့မျက်လုံးတွေက ရင်ခုန်ချင်စရာ ကောင်းလှပါဘိ။ နီတာတာ နှုတ်ခမ်းနှစ်မြွာက ချိုမြိန်တဲ့အပြုံးလေးတွေကရော သူပြောချင်တဲ့စကားရဲ့ ရှေ့ပြေးနိမိတ်များလား။ ကော်ဖီသုံးလေးခွက် သောက်ရင်တောင် မတုန်တဲ့ရင်၊ အခုတော့ ဒီအပြုံးတစ်ခွက်နဲ့တင် ရင်တုန်နှုန်းက ရာနှုန်းပြည့်။

"ဘာလဲလို့ မမေးတော့ဘူးလား မ,"

"ဟန်ဆောင်ပြီး မေးမလို့ပါဘဲ၊ ဒါပေမဲ့ ဒါမျိုးတွေက တို့ရေးနေကျလေ"

"ဟမ် ... ဟန်ဆောင်ပါလားဗျ၊ မ,ရဲ့ရှက်တဲ့ရုပ်ကို မြင်ချင်လို့"

အင်း ... ငွေသံလွင်တို့ ဘယ်လောက် အကျော့တင်းလဲ၊ ရည်းစားစကားပြောမယ့် သူတောင် ရှက်ပြနိုင်းရသည့်အဖြစ်။

"တို့ ဟန်မဆောင်တတ်တာ ဝတီ သိပါတယ်"

"အင်း ... သိတယ်၊ မ,ရဲ့အဲဒီအမူအကျင့်လေးတွေကို ချစ်တာ၊ မ,ရဲ့ဂျစ်တစ်တစ်ရုပ်ကို ရင်ခုန်တာ၊ မ,ကို ကျွန်တော် ချစ်တယ်ဗျာ"

"ဟား ဟား"





လှောင်ရယ်တာ မဟုတ်ပါ။ တကယ်ပျော်လို့ ရယ်မိတာ သံလွင်သာ အသိဆုံး။ ကံဆိုးမှုတစ်ခုက နောက်ပြန်လှည့်ပြီး ကံကောင်းမှုတစ်ခု ဝင်လာဖို့ ရှောင်ပေးလိုက်တာလား။ ရည်းစားရှိခဲ့ဖူးတာကို သူ သဝန်တိုစိတ်နဲ့ စကားနာမထိုးတာပဲ ကျေးဇူးတင်ရမည်။

"ဘာလို့ ရယ်တာလဲဟင်"

"ပျော်လို့"

သံလွင်ရဲ့အပွင့်လင်းဆုံး စကားနှစ်လုံးက သူ့ heart ကို တည့်တည့်တိသွားသည် ထင်၏။ သူ ပြုံးနေပါသည်။ အဲဒီအပြုံးက ရှက်ပြုံး။ ပီတိနဲ့ ရောထားတဲ့ ရှက်ပြုံးလေး။ ချစ်စရာ ကောင်းလိုက်တာ။ ဘယ်လိုမှ မထိန်းနိုင်တာနှင့် သံလွင်လက်ကိုင်ဖုန်းကိုထုတ်ပြီး ဘေးတစောင်းလေး ပြုံးနေတဲ့သူ့ပုံကို အမိအရ ရိုက်ယူလိုက်ပါသည်။

"ဟာ ... အဲဒါ ဘာလုပ်တာလဲ"

"ချစ်စရာကောင်းလို့ ရိုက်ယူထားတာလေ"

သူ သံလွင့်ကို ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများနှင့်ကြည့်ပြီး တိုးဖွဖွ ရယ်နေသည်။ သံလွင့်နားထဲမှာတော့ သာယာနာပျော်ဖွယ်ကောင်းသော တေးသွားတစ်ခုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

သံလွင့်အတွက် လောကကြီးသည် ဒီနေ့အတွက်တော့ အလှကြီး လှနေ၏။ တွေ့သမျှလူတိုင်း ချစ်စရာကောင်းပြီး မာမီချက်ထားတဲ့ သံလွင်မကြိုက်သည့် ဘဲဥဟင်းတောင် စားကောင်းလို့နေသည်။ မိဘဆိုတာ သားသမီး မျက်နှာကို မှန်လိုကြည့်တတ်သူများ ဖြစ်ရကား သံလွင့် မျက်နှာပေါ်က အပြုံး၊ သံလွင့်ရင်ထဲက အပျော်ကို ရိပ်စားမိဟန်တူ၏။

"ဒီနေ့ ဘာဖြစ်လဲ သံလွင် ... ငါ့ကိုပြောစမ်း၊ ငါသိပြီ၊ ညည်း ဟိုကောင်လေးနဲ့ ... ..."

"ဟုတ် ... သိပ်တော်တဲ့ မာမီ၊ စာရေးဆရာမ အမေလို့ မပြောရဘူး၊ ရုပ်မြင်တာနဲ့ ဇာတ်လမ်းဆင်တတ်တယ်"





"သိပ်ပျော်မနေနဲ့၊ အဲဒီတစ်ယောက်က မိုးလရှေ့ညိုတို့ထက်တောင် ပိုချမ်းသာနေလို့ ညည်း စိတ်ညစ်ရလိမ့်မယ်၊ ပြီးတော့ ကောင်လေးက ငယ်ငယ်ချောချောလေး၊ ဒီကြားထဲ မင်းသားကလည်း လုပ်ဦးမယ်ဆိုတော့ ငါတော့ အားမပေးချင်ဘူး မိသံလွင်"

"သံလွင့် အပျော်တွေကို မဖျက်ဆီးပါနဲ့ မာမီ၊ သံလွင်ခဏတာ ပျော်ရမယ်ဆိုလည်း ကျေနပ်ပါတယ် ... ခိ ခိ"

"ငါ ပြောလိုက်ရ မကောင်းတော့ဘူး၊ ကိုယ်လည်း ငယ်တော့တဲ့အရွယ် မဟုတ်ဘူး မိသံလွင်၊ သိပ်စိတ်ကူးယဉ်မနေနဲ့"

"အင်း ... အင်း၊ မာမီချက်တဲ့ဟင်း ဒီနေ့ သိပ်စားကောင်းလို့ ကျေးဇူး မာမီ"

မာမို့ပါးကို ရွှတ်ခနဲ နမ်းရင်း သံလွင် ထမင်းစားပွဲက ထ,ထွက်ခဲ့သည်။ ပန်းကန်ခွက်ယောက်တွေ ဘေစင်မှာဆေးနေတဲ့ သံလွင့်မျက်နှာကို မာမီက စေ့စေ့လာကြည့်သည်။ သံလွင့်ရုပ်လေးက ခပ်ပြုံးပြုံးလေးလေး။

"ကိုယ့်ဇာတ် ကိုယ်နိုင်အောင်က,ရင် ပြီးတာပဲ သံလွင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မာမီရဲ့၊ ဇာတ်လမ်းပေါင်းများစွာ ရေးလာသူပါ ... ခိ ခိ"

မာမီကတော့ ခေါင်းတခါခါနှင့် လှည့်ထွက်သွားပါသည်။ ပန်းကန်ဆေးပြီးတာနဲ့ သံလွင် အခန်းထဲ ပြန်ဝင်ခဲ့သည်။ ဒီတစ်ညတော့ သံလွင် အခန်းထဲမှာ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်ရဦးပါမည်။ ဖုန်းမှာ သူခေါ်ထားတဲ့ Miss call တွေ တစ်လှေကြီး။

"မ, ... ဘာလို့ ဖုန်းမကိုင်တာလဲ"

"ဖုန်းအားသွင်းပြီး လူက အောက်ရောက်နေလို့ပါ ဝတီရဲ့"

"သိပါဘူးဗျာ၊ တမင်များ ညှဉ်းလေသလားလို့"

"နှိပ်စက်တတ်တဲ့ရုပ်မျိုး ပေါက်နေလို့လားကွာ"

"ပေါက်နေတာပဲ၊ မ,ရုပ် မှန်ထဲပြန်မကြည့်ဖူးဘူးလား"

"ဟော့ ... baby ၊ ရန်မစ,နဲ့နော်၊ တို့ ဒီနေ့ စိတ်ကောင်းဝင်နေတာနော်"

"ဟက် ဟက် ... ဒါဆို အဖြေတောင်းမှနဲ့ တူတယ်"

"အဖြေ ... ဟုတ်လား၊ ဘာအဖြေလဲ"

"ကျွန်တော် လိုချင်တဲ့ မဆီက ချစ်တယ်ဆိုတဲ့ အဖြေ"





"ဒီနေ့ propose လုပ်ပြီး ဒီနေ့ result လိုချင်တာတော့ လွန်တာပေါ့ကွာ၊ အခု ရေတွင်းတူးပြီး အခု ရေကြည် သောက်လို့မှ မရတာ"

"ရေတွင်းက တူးထားတာ ကြာပြီပဲလေ၊ အခုမှ ထ,တူးတာမှ မဟုတ်တာ၊ ရေကြည်ကိုလည်း မြင်နေရတာပဲ၊ သောက်ခွင့်တောင်းနေတာပါ"

"ဝတီ အပြောအဆိုလေးတွေ ပိုကောင်းလာတယ်နော်၊ ချစ်ချင်တာတောင် မချစ်ရဲသလို ဖြစ်မိတယ်"

"ဘာလို့"

သံလွင် သက်ပြင်းမျှင်းမျှင်းချပြီး ငြိမ်နေလိုက်သည်။ တကယ်ပဲ မာမီ့ရဲ့စကားတွေက အခုမှ သံလွင့် ခေါင်းထဲ အပြေးအလွှား ဝင်လာသည်။ တကယ်တမ်း ဝတီကို အဖြေပေးရတော့မည်ဆိုတော့ အနာဂတ်အရေးကို တစ်ချက်လေး လှမ်းကြည့်မိပြီး ရုတ်ခြည်း ရင်လေးသွားမိတာဖြစ်သည်။

"ဘာလို့လဲ မ, ... ကျွန်တော့်ကို မယုံလို့လားဟင်၊ ယုံပါဆိုတဲ့စကားကို ကျွန်တော့်ပါးစပ်က မပြောချင်ဘူး၊ လုပ်ရပ်နဲ့ပဲ သက်သေပြချင်တယ်၊ အချိန်ကာလ ရှည်ကြာလာတာနဲ့အမျှ ကျွန်တော့်ရဲ့သစ္စာရှိမှုကို မ,မြင်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ မမြင်နိုင်တဲ့ တခြားတစ်ဖက်ကနေ သံလွင် ခပ်လေးလေး ပြုံးလိုက်မိသည်။ ကံကြမ္မာကို ဘယ်သူ ကြိုမြင်နိုင်မှာမို့လို့လဲ။ တစ်နေ့မှာ ဝတီ ထက်ဆိုတဲ့ ကောင်လေးနဲ့ ချစ်သူတွေဖြစ်ကြမယ်မှန်း ကြိုသိခဲ့ရင် မိုးလရွှေညိုကို သံလွင် ချစ်ခဲ့ပါ့မလား။ အင်းလေ ... အနာဂတ်ကိုရောက်ဖို့ အတိတ် ပစ္စုပ္ပန်တို့ကို ကျော်သွားလို့ ရတာမှ မဟုတ်တာ။

"ထားပါလေ ... ကြိုမမြင်နိုင်တဲ့ အနာဂတ်တွေအတွက် အာမ,မခံစမ်းပါနဲ့၊ ဒီနေ့ မင်း တို့တစ်ယောက်တည်းကိုပဲ ချစ်နေရင် ရပြီ"

"မ,ရော ... ဒီနေ့ ကျွန်တော့်တစ်ယောက်အကြောင်းကိုပဲ တွေးနေတာလားဟင်"

"အင်း ... ဟုတ်တယ်၊ ဒီတစ်နေ့လုံး မင်းအကြောင်းပဲ တွေးနေမိတယ်"

"အဲဒါ ဘာလို့"

"ဪ ... မာမီခေါ်နေလို့ ဝတီရေ ... နောက်မှပဲ ဆက်လိုက်တော့မယ်နော်"

မ, တမင်ညစ်သွားတာ သူသိပေမင့် အလိုက်တသိနဲ့ သူ ထပ်မခေါ်တော့။ ဘာပဲဖြစ်ဖြစ် မ,ရဲ့အပြုံး၊ မ,ရဲ့မျက်လုံး၊





မ,ရဲ့ပွင့်လင်းတဲ့စကားတွေထဲမှာ သူ့ကိုချစ်ရိပ်တို့ စွန်းထင်းနေခဲ့တာပဲ။ အခုတော့ မ,မျက်နှာ၊ မ,အကြောင်းလေးတွေးပြီး စိတ်ကူးယဉ်နေရုံပေါ့။

ဖုန်းချပြီး သံလွင် မချိုမချဉ် ပြုံးလိုက်ပါသည်။ ချက်ချင်းကြီး အဖြေပေးရင် ဈေးကျမှာစိုးလို့သာ တင်းနေရတာ။ ဖြေချင်လိုက်တာမှ ပါးစပ်ကိုယားလို့။ နောက်တစ်ဆယ်မိနစ်လောက်သာ သူနဲ့ဆက်ပြီးစကားပြောမိရင် သံလွင် အဖြေပေးမိတော့မှာ သေချာသလောက်မို့ ဖုန်းချပစ်လိုက်ရတာဖြစ်သည်။

အိပ်မက်ထဲမှာ ဝတီ ရှိသည်။ ဝတီ့ ရင်ထဲမှာ သံလွင်ရှိသည်။ သူက ချစ်ခြင်းဖွဲ့သံစဉ်တစ်ပုဒ် သံလွင့်ကို ဆိုပြနေ၏။ အပြင်မှာ တစ်ခါမှ နားမထောင်ဘူးတဲ့ အချစ်သီချင်း ချိုချိုလေးပေါ့။ ချစ်တယ် ဝတီ ရယ်။



www.burmeseclassic.com

www.burmeseclassic.com



၂၁

"ဝတီထက်"

သားနားသောရုပ်ရည်၊ ချမ်းသာတဲ့ back ground အပြင် မကြာမီ မင်းသားဖြစ်နိုင်သည့်အခွင့်အရေးကို ပိုင်ဆိုင်ထားသူ တစ်ယောက်မို့ ငွေသံလွင် လက်လွှတ်မခံနိုင်တာ အပြစ်တော့မဟုတ်ပါ။ ဒီငနဲလေးသာ သူမဘေးမှာ ရှိမနေခဲ့ဘူးဆိုရင် သံလွင်ဆိုတဲ့ မိန်းမ သူ့ကို ဒီလောက်တင်းမာရက်စက်မှာမဟုတ်။

သံလွင့်ကို သူ့ဦးနှောက်က လက်မခံသင့်ဘူးလို့ ဆုံးဖြတ်ခဲ့သော်ငြား၊ နှလုံးသားကတော့ တောင့်တနေမိခဲ့သည်။ ဒဏ်မခံနိုင်တော့တဲ့အဆုံးမှာ နှလုံးသားကို ဒူးထောက်အရှုံးပေးပြီး မေမြတ်နိုးခင်နဲ့ စေ့စပ်ဖို့ကိစ္စကို ငြင်းဆန်ခဲ့သည်။ သို့ပေမင့်





သူမကတော့ သူမဟုတ်တဲ့ တခြားတစ်ယောက်ကို နှလုံးသားထဲ အလွယ်တကူထည့်ပစ်လိုက်ပြီ။ လောကမှာ မယုံချင်စရာအကောင်းဆုံးက မိန်းမတစ်ယောက်ရဲ့အချစ်ပဲဖြစ်လိမ့်မည်။

"ဟယ်လို"

"ဝတီထက်နဲ့ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ပြောနေပါတယ်"

"ကိုယ် မိုးလ trading company က မိုးလရွှေညိုပါ"

"အော် ..."

ထိုအသံထဲမှာ သူ့ကိုသိနေတယ်ဆိုတဲ့ အရိပ်အငွေ့ ထင်ဟပ်နေသည်ပဲ။

"ကိုယ်တို့နှစ်ယောက် ဆုံဖူးကြတယ်နော်၊ ဟော့ ... မင်းနားထောင်နေပါတယ်နော်"

"အစ်ကို ဘာကိစ္စနဲ့ ကျွန်တော့်ဆီဖုန်းဆက်တာလဲ စဉ်းစားနေတာ"

"သံလွင်နဲ့ပတ်သက်ပြီးတော့ ကိုယ် မင်းနဲ့ နည်းနည်းဆွေးနွေးချင်တယ်"

"ကောင်းပြီလေ ... ကျွန်တော်လည်း အစ်ကိုနဲ့ ဆွေးနွေးချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် Fuji house မှာ တွေ့ဖို့ချိန်းလိုက်ကြသည်။ နှစ်ဦးစလုံး ရှေ့ဆင့်နောက်ဆုံးဆိုသလို ချိန်းထားတဲ့နေရာဆီရောက်လာကြသည်။

မျက်နှာချင်းဆိုင်ထိုင်နေတဲ့ ယောကျ်ားနှစ်ယောက်ရဲ့ မျက်ဝန်းတွေက တစ်ဦးကိုတစ်ဦး အကဲဖမ်းနေကြ၏။ တိတ်ဆိတ်ခြင်းကို အရင်ဖြိုခွင်းတဲ့သူက မိုးလရွှေညို။ ရှေ့မှာချလာပေးသည့် ice coffee ကို straw နဲ့ မွှေနှောက်ရင်း စကားစလိုက်တာဖြစ်သည်။

"ကိုယ်နဲ့ သူ့အကြောင်း သူ မင်းကို ပြောပြပြီးပြီထင်ပါရဲ့"

"ဟုတ်ကဲ့ ... မ, ပြောပြပါတယ်"

"မ"

ခပ်တိုးတိုးရေရွတ်ရင်း မိုးလရွှေညို ပြုံးသည်။ ဒီအပြုံးက မြင်ရသူအဖို့ အမြင်ကတ်ချင်စဖွယ်။

"ကိုယ်တို့ကြိုက်ခဲ့တာ သုံးနှစ် ... လက်ထပ်ဖို့အထိ ရည်ရွယ်ထားခဲ့တာပါ"

"ကျွန်တော် စိတ်မဝင်စားဘူး၊ အတိတ်ဆိုတာ ပြန်ပြင်လို့ရကောင်းတဲ့အရာမျိုးမှမဟုတ်တာ၊ မ,ရဲ့အတိတ်မှာ ဘယ်သူနဲ့ ဘာဖြစ်ခဲ့ဖြစ်ခဲ့ ... ကျွန်တော်နဲ့မဆိုင်ဘူးလေ၊ ကျွန်တော်နဲ့ဆိုင်တာ ပစ္စုပ္ပန်ပဲ"





"ဟုတ်ပါပြီ ... ပစ္စုပ္ပန်အကြောင်းပဲပြောရအောင် ... ကိုယ် သူ့မိဘတွေဆီ သူ့ကို တောင်းရမ်းယူဖို့စီစဉ်ထားတယ်"

"ဘာ"

"ဟိုး ဟိုး ... အဲဒီလောက် ထိတ်ထိတ်ပျာပျာမဖြစ်ပါနဲ့ ဝတီထက်၊ တကယ်မလုပ်ရသေးပါဘူး"

ပျက်ယွင်းသွားတဲ့ ဝတီထက်မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း မိုးလရွှေညို ကော်ဖီကို ဖိမ်ခံပြီးသောက်နေသည်။ Experience တော့ အတော်နည်းသေးတဲ့ ချွတ်လေးပဲ။

"တကယ်လို့ သူ့မိဘတွေက ကိုယ်တို့ရဲ့ကမ်းလှမ်းချက်ကို သဘောတူခဲ့မယ်ဆိုရင် မင်းနဲ့ မင်းရဲ့မ,ရဲ့ဇာတ်လမ်းက ပြီးဆုံးသွားမှာ၊ ဒါဆို မင်း ဘာဆက်လုပ်မလဲ၊ မင်း ကိုယ့်လိုမျိုး မင်းမိဘတွေခေါ်ပြီး သူ့ကို သွားတောင်းနိုင်ပါ့မလား၊ သူက မင်းနောက်လိုက်မယ်ဆိုရင်တောင် မင်းက အခုမှ အောင်မြင်မှုလမ်းကြောင်းပေါ် ခြေတစ်လှမ်းချရုံပဲရှိသေးတာ"

ဝတီထက် ခပ်ချဉ်ချဉ်လေးပြုံးလိုက်သည်။ လက်စသတ်တော့ ဒီဘဲက မ,ရဲ့အနားက သူ့ကို မောင်းထုတ်ဖို့ စိတ်ဓာတ်စစ်ဆင်ရေးတွေ လာလုပ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငွေသံလွင်ဆိုတဲ့ မ,က တခြားမိန်းမတွေနဲ့ မတူတာ အစ်ကိုက ကျွန်တော့်ထက် ပိုသိမှာပါ၊ အခုအချိန်မှာ အစ်ကို့ဘာသာ ဘယ်လောက်ပဲ အောင်မြင်ပြည့်စုံနေပါစေ၊ သူ့စိတ်ထဲမှာ အစ်ကိုမရှိတော့ရင် အစ်ကို့ကမ်းလှမ်းမှုကို လက်ခံမှာမဟုတ်ဘူး၊ အစ်ကို့ရဲ့ကြိုးပမ်းမှုတွေ အလကားပဲ ဖြစ်သွားလိမ့်မယ်"

"ဘာကွ"

အနာပေါ်တုတ်ကျသွားသလို ဝတီထက်စကားက မိုးလရွှေညိုကို အထိနာစေ၏။ သို့သော်လည်း မိုးလရွှေညိုက တော့ ဟန်ဆောင်ပြုံးတစ်ခုကို ကောက်ဖုံးလိုက်ပါသည်။

"အဲဒါ မင်းအထင်လေ ... ကိုယ်ကတော့ မင်းက အခု လက်ရှိ သံလွင့်ရဲ့ချစ်သူဆိုတော့ ပြောသင့်ပြောထိုက်တာကို ပြောပြထားတာပါ"

"အခုလက်ရှိချစ်သူ"

သူ သံယောင်လိုက်လိုက်သည်။ မ,နဲ့ သူနဲ့ကို မိုးလရွှေညိုက ချစ်သူတွေလို့ အသတ်အမှတ်ပြုထားပုံရ၏။

"မင်းအတွက် မိန်းမမရှားပါဘူး၊ ငွေသံလွင်ထက် ဆယ်ဆ မကသာတဲ့ မိန်းကလေးတွေ မင်း ရနိုင်ပါတယ်၊ မင်း သူ့ ကိုမေ့လိုက်တာ ပိုကောင်းလိမ့်မယ်"





"ဒါ ကျွန်တော့်ရဲ့ကိစ္စလေ အစ်ကို၊ အစ်ကို့ကို မ,က လက်ထပ်ဖို့ လက်ခံမယ်ဆိုရင်တော့လည်း ကျွန်တော် နေခဲ့မှာပါ၊ မ,ရဲ့အဆုံးအဖြတ်ကသာ အဓိကပါပဲ၊ မ,က ကျွန်တော့်နောက် လိုက်ခဲ့မယ်ဆိုရင်လည်း မခေါ်ရဲစရာ ဘာအကြောင်းမှမရှိပါဘူး၊ အနုပညာရှင်တစ်ယောက်ရဲ့ အောင်မြင်မှုကို ကားဆီးတတ်တာ မိန်းမမဟုတ်သလို၊ ယောကျ်ားလည်းမဟုတ်ဘူးဗျ၊ သူ့ရဲ့စိတ်ခံစားမှုချက်နဲ့ သူ့ရဲ့အနုပညာပါ"

ထိမထင်ဟန် ဒိုကောင့်မျက်နှာကျော့က သူ့ကို တော်တော်ခံရခက်စေ၏။ အခုအချိန်မှာ သူက သိသိသာသာကြီး ကိုရှုံးနိမ့်နေသည်လေ။

"ဟုတ်ပြီလေ ... ကိုယ်လည်း ကိုယ်လုပ်သင့်တာကို ဆက်လုပ်မယ်၊ မင်းလည်း ကြိုးစားလိုက်ပေါ့၊ ကိုယ့်ကို သွားခွင့်ပြုပါဦး"

အခုတော့ ကျန်ခဲ့တာက ဝတီထက်တစ်ယောက် တည်း။ ဟန်သာလုပ်နေရပေမင့် သူ့ရင်ထဲမှာတော့ မ,ကို ဆုံးရှုံး ရမှာကြောက်စိတ်ကြောင့် ဖြောင်းဆန်လို့နေပါသည်။ အခုအချိန်



www.burmeseclassic.com

www.burmeseclassic.com



အထိ မ,ဆီက အဖြေမရသေးသလို၊ မ,ရဲ့တရားဝင်ချစ်သူလည်း သူမဖြစ်သေးပါ။ မိုးလရွှေညိုဆိုတဲ့လူက သူလိုချင်တာကို ဖြစ်အောင် လုပ်ယူမည့်လူစားမျိုးဆိုတာ သူ့မျက်ဝန်းတွေက သက်သေပြနေသည်မို့ ဝတီထက် အကြီးအကျယ်ကို စိတ်မောသွားမိသည်။





## ၂၆

"ဟုတ်လို့လား မငြိမ်းရယ်"

ဒေါ်ဇလတ်ဖြူတစ်ယောက် သားတော်မောင်၏ သတင်းကိုကြားရ၍ သေချာအောင် ထပ်မေးမိပြန်သည်။ သူမက ချိုလီဘက်ကိုသာမဲပြီး မျက်ခြည်မပြတ်စောင့်ကြည့်နေတာ။ သင်းကတော့ အခုတက်သစ်စ စာရေးဆရာမတစ်ယောက်နဲ့ ပေါ်ပေါ်ထင်ထင်ကို တွဲလို့ဆိုပါလား။

"ဟုတ်တယ် ဇလတ်၊ စာရေးဆရာမ ဝသန်ခါတဲ့"

"ကြားဖူးတယ်"

"အင်း ... သူ့စာအုပ်တော်တော်များများ စီဒီယိုရိုက်ထားတာပဲကြားဖူးမှာပေါ့၊ ဆိုးတော့မဆိုးပါဘူး၊ ချစ်စရာလေးပါ၊ ဇလတ်သားထက်တော့ ကြီးပုံရတယ်"

"ဝတီက လူတစ်မျိုး မငြိမ်းရဲ့၊ သူများတကာတွေ ရည်း



www.burmeseclassic.com

www.burmeseclassic.com



စားတွေ မှိုလိုပေါက်အောင်ထားနေတဲ့ အချိန်မှာ သူက ငြိမ်တယ်၊ ချီလီနဲ့ပဲ အတွဲများတာမို့ သူ့ကို ချီလီနဲ့ ငြိ သွားမှာစိုးရိမ်နေတာ”

“အင်းလေ ... ဘာပဲဖြစ်ဖြစ် စာရေးဆရာမဆိုတော့ ဆိုး တော့မဆိုးလှပေမယ့် ယူ့သားက တောက်မယ့်မီးခဲ တရဲရဲ လေ၊ နာမည်ရစ တက်စမှာ ဘာဘာညာညာအသံမထွက် ထားရင် ပိုကောင်းတာပေါ့”

“ဟုတ်တာပေါ့ မငြိမ်းရယ်၊ သတင်းပေးတာ ကျေးဇူးတင် တယ်နော်”

“ရပါတယ် ... ဇလတ်သိသင့်တယ်ထင်လို့ပြောပြတာပါ၊ မိဘဆိုတာ ကိုယ့်သားသမီးရဲ့ အပြင်ကသတင်းတွေ လူ တကာသိပြီးမှ နောက်ဆုံးသိရတဲ့သူတွေမို့ ကိုယ်ချင်းစာလို့ ပါ ဇလတ်”

မငြိမ်း ပြန်သွားတော့ ဒေါ်ဇလတ်ဖြူ အတွေးနယ်ချဲ့ မိသည်။ ဝတီ့က ထင်မှတ်မထားလောက်အောင် စန်းပွင့်သည်။ ဗီဒီယိုထုတ်လုပ်ရေးတစ်ခုကတောင် စင်တင်မင်းသားသစ်အဖြစ် စာချုပ်ချုပ်ဆိုဖို့ လာကမ်းလှမ်းသည်။ သားကို ဖြစ်မြောက်စေချင် တဲ့ သူမရဲ့ဆန္ဒတွေ တကယ်ကို ရောင်နီပျိုးလာခဲ့သည်။





အဲဒီအချိန်မှာများ တစ်ခုခု မတော်တဆ။ ဒေါ်ဇလတ် ဖြူ ဆက်တောင်မတွေးရဲတော့။ ဘာပဲဖြစ်ဖြစ် အဲဒီကောင်မလေး နဲ့ ဆွေးနွေးဖို့တော့ လိုအပ်လာပြီဟု ဒေါ်ဇလတ်ဖြူ ထင်သည်။ သားကိုတော့ အလုပ်လုပ်နေတုန်း အာရုံနောက်သွားအောင် လုပ် လို့မဖြစ်။

ငွေသံလွင်ကတော့ ဒေါ်ဇလတ်ဖြူဆီကဖုန်းကို လက် ခံရရှိပြီးကတည်းက ကယောင်ချောက်ချားဖြစ်နေပါ၏။ ခပ်ထက် ထက်၊ ခပ်သွက်သွက် ဝတီ့ရဲ့ ဖလန်းဖလန်းမယ်တော်နဲ့ တွေ့ရ ဖို့ သွေးပျက်မိတာတော့အမှန်။ အကြောင်းပြချက်လေးကတော့ သင်းပါ၏။ သူ့သားအတွက် ဝသန်ခါနဲ့ ဇာတ်တစ်ဇာတ်တိုင်ပင် ကြည့်ချင်လို့တဲ့။

ခစ် ခစ် ... မသိရင်ပဲ သူ့သားက SuperStar ဆိုလို၊ Proလိုလိုနဲ့။ မသကာ ဗီဒီယိုထုတ်လုပ်ရေးတွေက မျက်စိ ကျပြီး စာချုပ်ဖို့ ကမ်းလှမ်းရုံအဆင့်ပေါ့။ သူကြိုက်တဲ့ဇာတ်၊ သူနဲ့လိုက်မယ်ဇာတ်ကို ရွေးရလောက်အောင်မှ အဆင့်မရှိသေးဘဲ။ သချာတာက ဒေါ်ဇလတ်ဖြူက သူ့သားနဲ့ သံလွင့်ကိစ္စကို တစ် နည်းနည်းနဲ့သိထားလို့ သံလွင့်ကို အကဲခတ်ချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ချင်တာလောက်ဆိုရင်တော့ ဘာမှမဖြစ်လောက်။ ရာဇသံတွေ လာပေးမှာဖြင့်အခက်။ ရှောင်လွှဲလို့မရမယ့်အတူတူ သတ္တိရှိရှိရင်ဆိုင်ဖို့ သံလွင် ဆုံးဖြတ်လိုက်ရသည်။ ဒီအကြောင်းကို ဝတီကို အသိပေးဖို့ စဉ်းစားသေးပါသော်လည်း မလိုအပ်ဘဲ ချစ်ရတဲ့သူလေး စိတ်ဆင်းရဲမှာစိုးလို့ အသိမပေးဖို့ သံလွင် ဆုံးဖြတ်လိုက်ပါ၏။

လူကြီးမျက်လုံးထဲ အမြင်မရိုင်းဖို့ သံလွင် အဖြူရောင် စပို့ရှပ်တစ်ထည်နှင့် စတိုင်ဘောင်းဘီအနက်တစ်ထည် တွဲဖက်ဝတ်ဆင်လိုက်သည်။ အမြင်မရိုင်းသလို၊ ရိုးလည်းရိုးမနေဘူးလေ။ အနည်းငယ်ဖွာတာတာဖြစ်နေသော ဆံပင်တို့ကို ကောက်သားလိမ်းဆီလေး နည်းနည်းထည့်ပြီး လက်ညှိုးနှင့် လိုက်လိမ်းပြီး သပ်ရပ်အောင် ပြုပြင်ရပါသေးသည်။

ဂမုန်းပွင့် shopping mall ဒုတိယထပ်က သူတို့ Fashion shopရှေ့ရောက်တော့ သံလွင့်ဒူးတွေ တဆတ်ဆတ်တုန်နေ၏။ တကယ်တော့ ငွေသံလွင်က သေွးနည်းသူတစ်ယောက် မဟုတ်။ သို့သော်လည်းပေါ့လေ။

ဆိုင်ထဲလှမ်းဝင်လာတဲ့ ကောင်မလေးတစ်ယောက်ကို ဒေါ်ဇလတ်ဖြူ လှမ်းကြည့်နေသည်။ သူ့ပုံစံက ဈေးဝယ်လာသူ





တစ်ယောက်ပုံမျိုးမဟုတ်။ သူ ... ဝသန်ခါလား။ ပထမဦးဆုံး စ,သတိထားမိလိုက်တာ သူမရဲ့ စူးရှတောက်ပပြီး လှပတဲ့မျက်ဝန်းတစ်စုံ။ နေဦး ... ဒီမျက်လုံးမျိုး ဘယ်မှာမြင်ဖူးပါလိမ့်။

"အန်တီကဒေါ်ဇလတ်ဖြူလား"

ကောင်တာဆီတည့်တည့်လျှောက် လာပြီး သူမမေးတော့မှ ဝသန်ခါမှန်း ဒေါ်ဇလတ်ဖြူ အတည်ပြုမိ လိုက်သည်။

"ဪ ... ဆရာမဝသန်ခါထင်တယ်"

"ဟုတ်ကဲ့"

"မီးမီးရေ ... အန်တီ အပြင်ခဏသွားဦးမယ်ကွယ်"

"ဟုတ် ... အန်တီ"

အရောင်းကောင်မလေးတစ်ယောက်ကို ဒေါ်ဇလတ်ဖြူ ပြောရင်း သူမရဲ့လက်ပွေ့အိတ်ကို မာန်ပါပါကောက်ကိုင်ရင်း ထ,ထွက်လာသည်။

"လာ ... သမီး ... တို့ နီးနီးနားနားအပေါ်ထပ်က J'donuts ပဲ သွားရအောင်"

"ဟုတ်ကဲ့"

နှစ်ယောက်သား တတိယထပ်က J'donuts ထဲဝင်လာကြသည်။ သံလွင့်ရင်တွေကတော့ တဒုန်းဒုန်းနှင့် ခုန်လို့



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သားကြောင့်တစ်မျိုး၊ အမေကြောင့်တစ်သွယ် သံလွင့် နှလုံး အလုပ်ရှုပ်နေရပါသည်။

အန်တီဇလတ်ဖြူ မှာတဲ့အတိုင်း သံလွင့် လိုက်မှာ ပြီး စတီးဗန်းကိုင်ပြီး အန်တီဇလတ်ဖြူ ဦးဆောင်ရာနောက်သို့ ကုပ်ကုပ်နဲ့ လိုက်ပါလာ၏။

ထောင့်စားပွဲတစ်ခုမှာ အန်တီဇလတ်ဖြူက နေရာ ယူသည်။ ဒီနေ့ ဆိုင်ထဲမှာ လူက ခပ်ရှင်းရှင်းရယ်။ ကော်ဖီခွက် ကို အန်တီဇလတ်ဖြူရှေ့ သံလွင် ချပေးလိုက်သည်။ လက်မတုန် အောင် ထိန်းရင်းပေါ့။

"နောက်တစ်ခေါက်မှပဲ တို့ဆိုင်ကောင်းကောင်းလေးမှာ ချိန်းကြတာပေါ့ ဝဿန်ခါ ... အခုကတော့ ဒီဆိုင်မှာပဲ ဟင်းဟင်း ... တကယ်အားတောင်နာမိတယ်"

"ရပါတယ် အန်တီ"

တကယ်တော့ သူ့သားနဲ့ပတ်သက်နေတဲ့မိန်းမမှန်း သိလို့ အရေးတယူမလုပ်တာ သံလွင် ကောင်းကောင်းသိနေပါ သည်။

"သမီးက ,တက်သစ်စ,စာရေးဆရာမဆိုပေမယ့် မဆိုးပါ ဘူး၊ လူတော့ သိတယ်နော်"





"ဟုတ်ကဲ့"

"တကယ်တော့ အန်တီ ဝဿန်ခါနဲ့ ဘာကြောင့်တွေ့ချင် မှန်း ဝဿန်ခါ သိနေမှာပါ"

"ဟုတ်ကဲ့"

ငွေသံလွင့်မျက်လုံးတွေက ဒေါ်ဇလတ်ဖြူ၏ အဖြူ ရောင်စပ်ပြီး ပုံဖော်ထားတဲ့ လက်သည်းလှလှလေးတွေပေါ်မှာရှိ နေကြသည်။

"သူနဲ့သမီး ဘယ်မှာတွေ့ကြလဲ"

"အောက်က alwaysမှာ သမီးတို့သုံးယောက် တွေ့ခဲ့ကြ တာလေ အန်တီ"

"သုံးယောက်"

"ဟုတ်တယ် ... အန်တီတို့ဆိုင် အရောင်းပြပွဲရှိတဲ့နေ့က"

"ဟင်"

ဒေါ်ဇလတ်ဖြူ နဖူးကလေးရှုံ့စဉ်းစားရင်က နဖူး ကြောလေးဖြေလျှော့ရင်း ရှေ့ကကောင်မလေးကို တစ်ချက်ငေးမိ သည်။ ဝတီ အရေးတကြီးသွားတွေ့ခဲ့သူလေးပဲ။ ဒါကြောင့် မြင်ဖူးပါတယ်လို့ထင်မိတာ။

"သူနဲ့ သမီးနဲ့ ပတ်သက်မှုကို အန်တီ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ သမီးကို Propose လုပ်ထားပါတယ် အန်တီ၊ သမီး ဘက်ကတော့ စဉ်းစားဆဲပါ"

"ဩော် ... တစ်မျိုးတော့မထင်ပါနဲ့ သမီးရယ်၊ သားက အခုမှ အနုပညာလောကထဲကို ခြေချစ,ပဲရှိသေးတာ၊ ဘာ ဘာညာညာအသံမျိုးထွက်မှာ အန်တီမလိုလားဘူးကွယ်၊ ဟိုလေ ... သမီးနဲ့သဘောမတူဘူးလို့ပြောတာမျိုးတော့ မဟုတ်ပါဘူးကွယ်"

"စိတ်ချပါအန်တီရယ်၊ သူ ဘယ်သွားလို့ဘယ်လာလို့ ဘာလုပ်မှန်းတောင် သမီး သိတာမဟုတ်ဘူး၊ ပြောလည်း မပြောဘူး၊ သမီးကလည်း မမေးပါဘူး၊ သူပြောရင်တော့ နားထောင်လိုက်တယ်၊ ယောကျ်ားတွေက အတူတူပါပဲ အန်တီရယ်၊ သူတို့အလုပ် သူတို့ဘဝရည်မှန်းချက်ကို မိန်းမတစ်ယောက်ကြောင့် အပျက်စီးခံကြတဲ့အမျိုးတွေ မဟုတ်ဘူး၊ အန်တီ့သားလည်း အတူတူပဲ၊ Propose လုပ်တုန်းကလုပ်ပြီး သူ့အားမှဖုန်းဆက်တာ၊ အန်တီ စဉ်းစား ကြည့်စမ်းပါ၊ ဒါမျိုးဖြစ်သင့်သလား"

"မဖြစ်သင့်တဲ့ကိစ္စပဲ သမီး၊ သူ့အဖေ အန်တီ့ကို Propose လုပ်တုန်းကဆို ညတိုင်း အိမ်ရှေ့မှာ ဂီတာခေါက်ရင်း ဖိုသံပေးတာ အအေးပတ်ယူရတဲ့အထိပဲ"





"ဒါပြောတာပေါ့ ... အန်တီ့သားက သမီးကို အပျော်သဘော မျိုးပဲ သဘောထားတာပါ"

"အဲဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ ဒီအသက်အရွယ်အထိ သူနဲ့တွဲသွားတွဲလာလုပ်ဖူးတာဆိုလို့ ချီလီပဲရှိခဲ့တာ"

"သမီးကို စာရေးဆရာမပေါက်စဆိုပြီး အလေးမထားတာ လည်းဖြစ်မှာပေါ့ အန်တီရယ်"

ကော်ဖီ ငုံ့သောက်ရင်း သံလွင် ဝမ်းနည်းတဲ့ mood တစ်ခုကို ပိုင်ပိုင်နိုင်နိုင်သွင်းရင်း ဝေ့တက်လာတဲ့ မျက်ရည် ကော်ဖီခွက်ထဲ ကျလုလုအခြေအနေတစ်ခုကို ဖန်တီးလိုက်ပါသည်။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ စာရေးဆရာမပေါက်စ ဆိုပေမယ့် သမီးလည်း နာမည်ရှိပါတယ်၊ အန်တီတောင် မြန်မာကားဆိုရင် သမီးဝတ္ထုရိုက်တဲ့ကားတွေဆို ကြည့်ဖြစ် တယ်"

"တော်ပါပြီ အန်တီရယ် ... ဆက်ပြောနေရင် သမီး အန်တီ့ရှေ့မှာ မျက်ရည်ကျမိတော့မယ်၊ အန်တီ့သားက ရက်စက်တယ်"

"တွေ့မယ် ... တွေ့မယ် ... သူ ဘာအချိုးချိုးတာလဲလို့ အန်တီမေးကြည့်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှ ဒေါ်ဇလတ်ဖြူ အသိပြန်ဝင်လာ၏။ ငါ ဘာတွေလျှောက်ပြောနေမိပါလိမ့်။ တကယ်တော့ သူမက ဝသန်ခါ ဆိုတဲ့ စာရေးဆရာမကို သူမသားနဲ့မပတ်သက်ဖို့ပြောဖို့ မောင်း တင်လာခဲ့တာ။ အခုတော့ တွေးထင်ထားသလိုမဟုတ်ဘဲ dialouge တွေက ချော်တောငေါ့ကုန်ကြ၏။

ဟိုတစ်ဖက် သံလွင်ရဲ့ရင်ထဲမှာတော့ အတော်လေး ကို ရယ်ချင်နေပါသည်။ ဝတီအမေက သဘောကောင်းမနော ကောင်း၊ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲက အမေတွေလို လုပ်ကြည့်ချင် ပေမယ့် သူ့ခမျာ အဲဒီလောက်မနောမဆိုးရှာတော့ အခက်တွေ့ ရရှာသည်။ သံလွင့်ရဲ့ dialouge တွေထဲမှာ လိုက်ပါစီးမျောရင်း ပန်းတိုင်ပျောက်ရရှာသည်။

"ဒီတော့ အန်တီ ဘာမှ စိုးရိမ်ပူပန်မနေပါနဲ့နော်၊ အခု အချိန်မှာ သူကလည်း တဖြည်းဖြည်းနဲ့ popular ဖြစ်လာ တဲ့ model မင်းသားတစ်ယောက်ဖြစ်နေပါပြီ၊ သမီးအတွက် တော့ စိတ်မပူပါနဲ့၊ သူ့အနားကပ်လာကြမယ့် မိန်းမလည် တွေကိုပဲ အန်တီ ဂရုစိုက်ပါ"

ဒေါ်ဇလတ်ဖြူတစ်ယောက် ဝသန်ခါရဲ့စကားတွေ ကြောင့် စိတ်မကောင်းခြင်းကြီးစွာဖြစ်သွားပါသည်။ သူများသား





သမီးခေါ်တွေ့ပြီး ခံစားရအောင်လုပ်မိသလိုများဖြစ်သွားသလား။ ကောင်မလေးခမျာ သနားစရာ။ ဝိုချင်ရက်လက်တို့ဖြစ်သွားရှာပြီ လေ။

ဝသန်ခါနေရာမှာ တခြားတစ်ယောက်ဆိုရင် အနည်းအကျဉ်းတော့ စကားအတင်အစီးလေးတွေနဲ့ စစ်ထိုးရမည် သာ။ သူမကလည်း သူမပါ။ တကယ်ဆို သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကို ကိုယ့်သားတော်မောင်ဆီမှာ အရင်စုံစမ်းကြည့်ပြီးမှ ခေါ်တွေ့သင့်သည်မဟုတ်လား။

ဘာပဲဖြစ်ဖြစ် စာရေးဆရာမ ဝသန်ခါဆိုသည့် ကလေးမလေးကိုတော့ ဒေါ်ဇလတ်ဖြူရင်ထဲ ဝတီနဲ့ ကြည်ဖြူသွား မိ၏။ ကောင်မလေးက အဖြူထည်။ မာန်တွေဟန်တွေလည်းမရှိ ရှာ။ သို့သော် မဟုတ်ကဟုတ်က ဉာဏ်နီဉာဏ်နက်လေးတွေရှိ နေတာတော့ ဒေါ်ဇလတ်ဖြူ မသိလိုက်ခဲ့။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂၇

ဝတီ ရဲ့မေမေနဲ့ တွေ့ပြီးတော့ သံလွင့်ရင်ထဲ ငိုချင်စိတ်လေး တကယ်ဝင်လာ၏။ mood အသွင်းလွန်သွားပြီး ဝတီ အဆက်အသွယ်မလုပ်တဲ့ သုံးလေးရက်တာအတွက် ကောက်ခါငင်ခါနှင့် အကြီးအကျယ်ကို ဝမ်းနည်းသွား၍လေ။

"အေးလေ ... ဟုတ်ပါတယ် ... သားကလည်းအရေးမလုပ် အမေကလည်း ရည်းစားတောင်မဖြစ်ရသေးဘူး ပြဿနာ ရှာချင်နေပြီ၊ နင် ကံဆိုးမပဲ ငွေသံလွင်၊ မရှုခ်ဘဲနဲ့မနေနိုင် လို့ အခုတော့ မျက်ရည်နဲ့အလွမ်း မိတ်ဖွဲ့ရပြီမဟုတ်လား ကောင်းလိုက်တဲ့စာသား၊ ငါ အခုရေးနေတဲ့ စာအုပ်ထဲ ထည့်သုံးဦးမှ"





သံလွင်တစ်ယောက် အိမ်ထဲမဝင်ချင်သေးတာနဲ့ ဒန်းလေးပေါ်ထိုင်ပြီး အရူးတစ်ယောက်လို တစ်ကိုယ်တည်းစကားတွေ ဆိုနေမိသည်။

"သောက်ကောင်စုတ်လေး ... အဖြေရဖို့ကြာမယ်မှတ်လို့ နပ်ထားချင်တယ်ပေါ့၊ နင်တောင်းတဲ့အဖြေပေးချင်နေတာ တကယ်မသိလို့လား"

သံလွင့်ခြေထောက်နားလာပွတ်နေတဲ့ ဂျက်နက်လေးကို ကောက်ပွေ့ရင်းက ခပ်တိုးတိုးပြောမိပြန်သည်။ အခုနေ သံလွင့်ကို တစ်ယောက်ယောက်ထိုင်ကြည့်နေရင် အရူးလို့သတ်မှတ်မှာ ကျိန်းသေသလောက်ပင်။

"မ"

"အမ်"

အနားနားကပ်ခေါ်သံကြောင့် သံလွင် လန့်ဖျပ်ပြီး နောက်လှည့်ကြည့်တော့ ဝတီ ကိုတွေ့တာမို့ ပါးစပ်အဟောင်းသားနဲ့ မျက်လုံးတွေပြူးကျယ်ဝိုင်းစက်သွား၏။

သူက သံလွင့်အနားမှာ အတင့်ရဲစွာနှင့် ဝင်ထိုင်၏။ သံလွင့်မျက်နှာက ရှက်လွန်းလို့ ရဲရဲတောက်နေပြီထင်၏။ မရှက် တတ်ပေမယ့် အခုကိစ္စကြီးက မရှက်လို့မှမရတာ။ ပေါ်တင်ကြီးလေ။ သံလွင့်စကားတွေ သူကြားကိုကြားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုရောက်လာတာလဲ"

"ရောက်နေတာကြာပြီ"

"ကားကရော"

"ကျွန်တော့်မန်နေဂျာကို ပေးလိုက်တယ်၊ ကိစ္စလေးတစ်ခု ခိုင်းလိုက်လို့၊ မ, အပြင်ထွက်သွားတယ်ဆိုလို့၊ အန်တီနဲ့ စကား ပြောရင်းစောင့်နေတာ၊ ဖုန်းဆက်တော့လည်းမကိုင်လို့"

"မကြားပါဘူး"

"မယုံရင် ဖုန်းတစ်ချက်စစ်ကြည့်ဦး"

သံလွင် ဖုန်းထုတ်ကြည့်မှ အဟုတ် သူ့ဖုန်း miss call က ဆယ်ကြိမ်မက။

"အိမ်ကို ဘာလာလုပ်တာလဲ ... ထင်တော့ထင်ပါတယ် ခြံတံခါးသော့မခတ်ထားကတည်းက တစ်ယောက်ယောက် ရောက်နေလို့ဆိုတာ၊ စိတ်ထဲ တူတော်မောင်လေးတွေ ရောက်နေတယ်မှတ်တာ"

သံလွင်က အရှက်ရခြင်းကို စကားရောဖောရောနှင့် ဖုံးအုပ်ဖို့ကြံစည်လိုက်သည်။

"မနေ့က မန္တလေးက သူငယ်ချင်း ပုဆိုးဆိုင်အတွက် ကြော်ငြာသွားရိုက်တာ၊ အဲဒါ လက်ဆောင်ပစ္စည်းတွေလာ





ပေးရင်းက မ,နဲ့တွေ့ရအောင်လာခဲ့တာ၊ ယောက္ခမလောင်းနဲ့ ရင်းနှီးချင်တာလည်းပါလို့ပါ"

"နည်းနည်းပါးပါး informationလေးတောင်ပေးမသွားဘူး နော်"

"အလုပ်တွေ တကယ်ရှုပ်နေလို့ပါ မ,ရယ်၊ လောလောလော လောနဲ့လည်း စကားမပြောချင်ဘူးလေ၊ ခုနက မ, ဘာ တွေပြောနေတာလဲဟင်"

သူ့ရုပ် ပြုံးစိစိလေးက လူကို အသည်းတော်တော် ယားစေ၏။ သံလွင် နှုတ်ခမ်းလေးကို တမင်ချွန်ထားလိုက်ရင်း...

"ဝတ္ထုထဲက ဒိုင်ယာလော့ခ်တွေ ပြောနေတာလေ၊ ဘာဖြစ် လို့လဲ"

"ဒိုင်ယာလော့ခ်လေးတွေကတစ်မျိုးပဲနော် နားထောင်ရ တာ"

အချစ်ရည်လဲ့ပြီး တလက်လက်တောက်ပနေတဲ့ သူ့ အကြည့်တွေရဲ့အောက် သံလွင့်ရဲ့ရင်ခုန်သံတွေလည်း ဝုန်းဒိုင်းကျဲ လို့ သံစုံတီးဝိုင်းတစ်ခုလို။

"မ,ကိုချစ်တယ်၊ အရမ်းလည်းသတိရတယ်၊ ကျွန်တော့်ကို ပြန်ချစ်ပါ"သူ့ရဲ့လေသံတိုးတိုးလေးက သံလွင့်ရဲ့ ပရမ်းပတာခုန်နေတဲ့ ရွှေရင်ထဲကို လေ့တစ်စင်းလှော်ခတ်သွား



www.burmeseclassic.com

www.burmeseclassic.com



သလို သူ သံလွင်ရဲ့လက်တစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လာသည်။ သံလွင်တော့ ရှူးတော့မည်ထင်သည်။

"ဟဲ့ သူများအိမ်လာပြီးတော့ ပိုင်စိုးပိုင်နင်းနဲ့"

အသံမထွက်တထွက် ခပ်ဆတ်ဆတ်လေးဟောက်တော့ သူ မျက်နှာအပျက်ပျက်နှင့် သံလွင့်ကို မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ရှာ၏။

"မင်းကို ချစ်တယ် baby... အခုတော့ ပြန်တော့နော်"

သံလွင် ခပ်တိုးတိုးပြောရင်း သူ့အပါးမှ ထပြေးခဲ့သည်။ သေချာတွေးကြည့် ရယ်စရာကြီးပါ။ ကလေးလည်းမဟုတ်။ ဆယ်ကျော်သက်လည်းမဟုတ်နဲ့ ကလေးကလားဆန်လွန်းနေသည်လေ။

သူ့ရဲ့ "Yes" ဆိုသည့် ထ,အော်သံကို သံလွင် ကြားလိုက်ရပါ၏။ သူ ဘယ်လောက်ပျော်သွားလဲ သူ့လေသံထဲမှာ နားဆင်ခံစားကြည့်လို့ရနေသည်။ သူ မာမီ့ကိုနှုတ်ဆက်ပြီး ပြန်သွားတာ သံလွင် အပေါ်ထပ်လှေကားကနေ ကြားနေရပါသည်။

ဒီနေ့တော့ ငွေသံလွင်၏သက်တမ်းတစ်လျှောက် romantic ရသအပြည့်ခံစားရသောနေ့တစ်နေ့လို့ ကမ္ပည်းထိုးလို့တောင်ရနေပါသည်။

❦ ○ ❦





## ၂၈

မနေ့ကတစ်ညလုံးနီးပါး သံလွင်နဲ့ သူ စကားတွေပြောဖြစ်ကြသည်။ သာသာယာယာရှိတဲ့ ညချမ်းလေး ရင်ခုန်လှိုက်မောဖွယ်ကောင်းတဲ့ ညချမ်းလေး။ အချစ်တို့နှင့် တုံ့မွှမ်းထားတဲ့ ညချမ်းလေးပေါ့။ နောက်ဆုံး မခွဲချင့်ခွဲချင်နှင့် နှုတ်ဆက်ကြတော့ မနက်သုံးနာရီနီးပါးပင်ရှိနေပြီ။

ပျော်ရွှင်မှုအပေါင်းနှင့် သံလွင် ဘဝင်ကျစွာနှင့် အိပ်မောကျခဲ့သည်။ အခန်းတံခါးခေါက်သံ အဆက်မပြတ်က သံလွင့်ကို အိပ်ရာမှ နိုးထစေ၏။ ညကပျော်ရွှင်မှုရသကလေး မပျောက်သေးရဘြား သံလွင်ကတော့ သာသာအကြည်ကြည်ပဲ ထ,ပြီး တံခါးဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ... အခုမှ ကိုးနာရီပဲရှိသေးတယ်၊ သံလွင် ညက အိပ်မပျော်လို့ သုံးနာရီမှအိပ်ရတယ်၊ အဲဒါ သံလွင် ပြန် အိပ်မလို့ရမလား မာမီ"

"အရေးကြီးတယ် မိသံလွင်၊ မြန်မြန်မျက်နှာသစ်၊ အဝတ် အစားကောင်းကောင်းမွန်မွန်ဝတ်ပြီး အောက်ကိုဆင်းခဲ့"

"ဘာဖြစ်လို့လဲ မာမီ"

"စကားမရှည်နဲ့ ဆယ့်ငါးမိနစ်နဲ့ပြီးအောင်လုပ်၊ အောက် မှာ ဧည့်သည်တွေစောင့်နေကြတယ်"

"ဧည့်သည်"

သံလွင် ခပ်တိုးတိုးရေရွတ်မိစဉ်မှာ မာမီကတော့ အောက်ထပ်ဆင်းသွားသည်။ ကွေ့ ဒက်ဒီဧည့်သည်တွေပဲနေမည်။ ဒက်ဒီက စာရင်းစစ်အရာရှိတစ်ဦး။ အမြဲလိုလို ခရီးသွားနေရသူ တစ်ဦးဖြစ်ပြီး အပေါင်းအသင်းလည်း တော်တော်များပါသည်။ ဒက်ဒီ ရန်ကုန်ပြန်ရောက်ပြီဟောဆို အိမ်မှာ ဧည့်ပြတ်တယ်ရယ် လို့မရှိ။ ဧည့်သည်တွေလာတိုင်းလည်း သံလွင့်ကို ထုတ်ထုတ် ကြွားရတာလည်း အမောပင်။ ဒီက သိပ်လှတယ်ဆိုတော့လေ။

သံလွင်တစ်ယောက် ကပျာကယာ မျက်နှာသစ်၍ ကြည့်ကောင်းအောင်ပြင်ဆင်ပြီး အောက်ထပ်ဆင်းလာခဲ့သည်။





"ဟင်"

ဧည့်ခန်းထဲကမြင်ကွင်းကြောင့် သံလွင် အံ့သြမှင် သက်၍ ကျောက်ရုပ်တစ်ရုပ်လိုတောင်ဖြစ်သွားမိသည်။ သူ ... မိုးလရွှေညို ... သူ့အမေနှင့်အတူ ဧည့်ခန်းရဲ့ဆိုဖာဆက်တီပေါ်မှာ ကျနွေ့ရရထိုင်နေသည်လေ။

"လာ ... သံလွင်"

မာမီက သံလွင့်ကိုတွေ့တော့ လှမ်းခေါ်တာမို့ သံလွင် အင်တင်တင်နှင့် မာမီ့နံဘေးနားရောက်သွားသည်။

"သမီးက အချောလေးပဲ၊ မိုးလဆီကတော့ သမီးအကြောင်း ကြားဖူးတာကြာပါပြီ"

"ရှင် ... ဟုတ်လား၊ အဲဒါဆို ဘာလို့ သူ့ကို မေးမြတ်နိုး ခင်နဲ့ စေ့စပ်ဖို့ကြိုးစားကြတာလဲဟင်"

ရွှန်းရွှန်းဝေအောင်ပြောနေသည့် သူ့အမေအား သံလွင် အမြင်ကတ်ကတ်နှင့် ဖွဲ့ပစ်လိုက်သည်။

"ဟဲ့ ... သံလွင်"

မာမီက ပါးစပ်ကပြောရုံတင်မဟုတ်။ သံလွင့်ပေါင်ကို အောက်ကနေဆိတ်ဆွဲ၏။ အမေရော သားရော မျက်နှာတွေ မှုန် မှိုင်းသွားလိုက်တာ မိုးမှောင်သွားတာကျနေတာပဲ။ ဘယ့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ထ,ပြီး အိပ်ရာကနိုးလာကြသည်ထင့်။ အချိန်အလိုက် အရာရာအားလုံး ရွေ့လျားပြောင်းလဲတတ်တာ သင်းတို့မသိကြလေသလား။ ယောကျ်ားတစ်ယောက် ပစ်ပြေးသွား၍ တမ်းတမ်းတတနဲ့ ထိုင်ငိုပြီး အလွမ်းမင်းသမီး လုပ်နေမယ်များမှတ်လို့။

"သံလွင် ... တိတ်တိတ်နေစမ်း၊ လူကြီးကိုမလေးမစားနဲ့၊ အခုလေးပဲ မခိုင် အားလုံးကို ရှင်းပြပြီးပြီ"

ဒက်ဒီကဝင်ဟန့်တော့ သံလွင့်မျက်နှာလေး မှုန်ကုပ်သွားသည်။ ရွှေညိုနှုတ်ခမ်းပေါ်မှာတော့ ဝိုးတဝါးအပြုံးတစ်စကို သံလွင် တွေ့လိုက်ရပါသည်။ သူ သံလွင့်ကို အပိုင်လာချည်တာပေါ့။

"လူငယ်ချင်းကလည်း သုံးနှစ်လောက် မေတ္တာမျှဖူးတာဆိုတော့ သံယောဇဉ်လည်းရှိပြီးသား၊ နှစ်ယောက်စလုံးလည်း ငယ်တော့တဲ့အရွယ်တွေမဟုတ်ကြဘူး၊ အိမ်ထောင်တစ်ခုထူထောင်ဖို့ အားလုံးပြည့်စုံနေပြီမို့ ကျွန်မကတော့ အချိန်မဆွဲစေချင်တော့ဘူး"

သူ့မေမေစကားကြားတော့ သံလွင် ပါးစပ်ဟဖို့ပြင်ဆင်လိုက်သော်လည်း ဒက်ဒီရဲ့မျက်ဝန်းတွေနဲ့ တည့်တည့်တိုးတော့ ပါးစပ်ပိတ်လိုက်ရပါသည်။





"ကျွန်တော်တို့အနေနဲ့ကလည်း ဒီသမီးတစ်ယောက်ပဲရှိတာဆိုတော့ သူ့ကို ကောင်းကောင်းမွန်မွန် အိမ်ထောင်ဖက်၊ အားကိုးရတဲ့ အိမ်ထောင်ဖက်နဲ့ပဲ လက်ဆက်စေလိုတာပါ"

မကျေမချမ်းနိုင်ဖြစ်နေဟဲ့ သံလွင့်ရုပ်လေးကိုကြည့်ရင်း မိုးလရွှေညို ရင်နာလာသည်။ လူကြီးတွေရှေ့မှာမို့ မကောင်းတတ်၍။ မေးကြည့်ချင်ပါသည်။ သုံးနှစ်သံယောဇဉ်ကို လပိုင်းသံယောဇဉ်က ခိုနေလို့လားလို့။ သူ့ကို သိပ်ချစ်ခဲ့ပါသည်ဆိုသည့်မိန်းမဆီမှာ သူနဲ့ပတ်သက်ပြီး သံယောဇဉ်ပင့်ကူမျှင်လောက်တောင် မရှိရှာတော့တာ အခံရခက်မိပါသည်။

"ဒါဆို တစ်ခါတည်းနေ့ကောင်းရက်သာ ရွေးလိုက်ကြတာပေါ့ရှင်"

"သံလွင့်ဆီမှာ ချစ်သူရှိတယ်"

ဘယ်လိုမှ ထိန်းမရတဲ့အဆုံးမှာ သံလွင် ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ ခပ်တည်တည်ပဲ ပြောချပစ်လိုက်သည်။

"သံလွင်"

"မိသံလွင်"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီနဲ့ မာမီရဲ့ ဒေါသသံကြားမှာ သံလွင် ထ,ထွက်လာခဲ့သည်။ နောက်မှ ဆူဆူရိုက်ရိုက်၊ ကလေးဆန်တယ်ပဲဆိုဆို ဒီပွဲပျက်ဖို့ကအရေးကြီးသည်။ သံလွင့်နောက်က ထက်ကြပ်မကွာ လိုက်လာသူက မိုးလရွှေညို။ လှေကားအတိုင်း အပေါ်တက်ပြေးလာတဲ့ သံလွင့်ကို အိမ်အပေါ်ထပ်အရောက် ရှေ့မှာပိတ်ရပ်လို့ စူးစူးဝါးဝါးမျက်ဝန်းတွေနဲ့ သူကြည့်သည်။

"လွန်လွန်းသွားပြီ ငွေသံလွင်၊ ဒီကောင်နဲ့ပတ်သက်ခဲ့လို့ လပိုင်းလေးက မင်းနဲ့ငါရဲ့ သံယောဇဉ်ကို အလဲထိုးပစ်နိုင်တာလား၊ ဒါမှမဟုတ် သူဟာ မကြာခင် မင်းသားဖြစ်တော့မှာမို့ မင်း သူ့ကို အလွတ်မခံနိုင်တာလား"

"ဟုတ်တယ် ရွှေညို၊ သူ ငါ့ကိုချစ်ခဲ့တာ အနိုင်ယူလိုမှုတွေမပါဘူး၊ မာန်မာနတွေမပါဘူး၊ အလေးမထားမှုတွေမပါဘူး၊ နင် နားလည်အောင်ပြောရရင် သူ့အချစ်က ငါ့ရင်ကို နွေးထွေးစေတယ်"

"ဟက်ဟက်"

သူက သံလွင့်ကို စေ့စေ့ကြည့်ပြီး ရယ်နေသည်။ ရယ်သံထဲမှာ နာကြည်းမှုတွေက အရိပ်ခိုနေ၏။





"သိပ်စိတ်ကူးယဉ်ဆန်တဲ့မိန်းမတစ်ယောက်ပဲ၊ ခဏလေးနဲ့ ယောက်ျားတစ်ယောက်ကို မှတ်ချက်ချတာ သိပ်စောလွန်းမနေဘူးလား၊ နောင်တမရစေချင်ဘူး ငွေသံလွင်၊ ဒီအချိန် မင်း ငါ့ကို ငြင်းလိုက်ရင် နောက်တစ်ခေါက် တို့ဆုံတွေ့ဖို့ အကြောင်းမရှိဘူး"

"နောင်တ ဟုတ်လား ... ဘယ်တော့မှ မရဘူး ရွှေညို"

သံလွင့်နဲ့ သူ မျက်လုံးချင်း အတန်ကြာဆုံမိကြသည်။ သူ့မျက်ဝန်းတွေက နီရဲစွတ်စိုနေ၏။ သူ့မျက်ဝန်းထဲမှာ မခံချင်မှုများစွာ ကိန်းဝပ်နေသလို သံလွင့်ကို စိန်ခေါ်ရိပ်တွေလည်း ထင်ဟပ်နေပါသေးသည်။

"ကောင်းပြီ ငွေသံလွင် ... မင်းမိဘတွေ သဘောတူထားတဲ့ ဒီကိစ္စကို မင်း ငြင်းလို့ရရင် ငြင်းလိုက်လေ၊ ငါတော့ နောက်မဆုတ်ပေးဘူး၊ မင်းကို သိပ်ချစ်လို့လို့တော့မထင်နဲ့ ပြောင်းလဲတတ်တဲ့မင်းကို စိတ်အနှောင့်အယှက်ပေးဖို့"

"အဲဒါကမှ နင့်စိတ်ဓာတ်အစစ်ပဲ ရွှေညို"

"ဟုတ်ပြီ ... မင်း ငြင်းကြည့်လိုက်ပေါ့"

သူက အနိုင်နဲ့ပိုင်းပြောပြီး သံလွင့်ရှေ့ကဖယ်ပြီး အောက်ထပ်ပြန်ဆင်းသွားသည်။ လူက စိတ်ဓာတ်ကျလွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



သေချင်စော်တောင်နံ့သည်။ မာမီလုပ်ထားတဲ့ကိစ္စဆို သံလွင် မဖြုံပါ။ အခုကိစ္စက ဒက်ဒီပါဝင်ပတ်သက်နေသည်။ ဒက်ဒီတော့ သံလွင် ကြောက်သည်။ အခုတောင် သူတို့ပြန်ရင် သံလွင့်ကို ဘယ်လို ရာဇသံပေးမည်မသိ။

အခန်းထဲပြေးဝင် တံခါးပိတ်ပြီး ဖုန်းခေါ်မိတာက ဝတီဆီကို။ သူ့ဖုန်းကပိတ်ထားတာမို့ သံလွင် ငိုချင်မိသည်။ နာရီကြည့်လိုက်တော့ ဆယ်နာရီ။ ဒီအချိန် သူ Cherry Oo က နာရီကြော်ငြာရိုက်နေမှာ။ သံလွင့်မျက်လုံးအိမ်က မျက်ရည်ပေါက် တွေကျလာ၏။ ရင်ထဲမွန်းကျပ်မှုကြောင့် အန်ထွက်လာတာမို့ ဟိုးအရင်မျက်ရည်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင် မျက်ရည်လုံးက ပိုကြီးနေပါလိမ့်မည်။ ဘဝနှင့်အချစ်နှင့် ပတ်သက်နေတဲ့မျက်ရည် တွေမို့လေ။





## ၂၉

အချစ်စစ်မည်သည် ဖြောင့်တန်းသောသဘောမရှိတာ ကိုယ်တွေ့မှ သံလွင် ယုံကြည်လိုက်ပါသည်။ ဝတီရော သံလွင်ပါ တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကာကာချစ်ကြမှ လမ်းမှာ ဆူးခြုံတစ်ခြုံနှင့်ဝင်တိုးတော့သည်။

"ငါ ဘယ်တုန်းကမှ နင့်ကိစ္စထဲ ဝင်မစွက်ဖက်တာ နင် သိပါတယ်နော် သံလွင်"

"ဟုတ် ... ဒက်ဒီ"

"မငယ်တော့ဘူး ... အချိန်အခါပေးတုန်း အခြေအနေပေး တုန်းမှာ အခွင့်အရေးကောင်းကို ရယူတတ်ရတယ်၊ သူ့မှာ ဘာငြင်းစရာရှိလဲ၊ ပြည့်စုံတဲ့ လူငယ်တစ်ယောက်"

"အပေါ်ယံကြည့်ရင်ပေါ့ ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



“ငွေသံလွင်”

ဒက်ဒီက သံလွင့်ကို စားမတတ်ဝါးမတတ် စိုက်ကြည့်လာပါသည်။ ပြီးမှ အပြုံးတစ်ခုကို ဖွတ်ဖန်တီးလိုက်ရင်း...

“အေး ကောင်းပြီ ... အခု နင်နဲ့ကြိုက်တဲ့ကောင်အကြောင်း ပြောစမ်းပါဦး၊ သူ ဘယ်သူလဲ၊ ဘာလုပ်လဲ”

“သူ့အမေက fashion shop တွေ အများကြီးပိုင်တယ်၊ အဖေက company ပိုင်ရှင်၊ သားက နိုင်ငံခြားကနေ ဘွဲ့ရထားတယ်၊ လောလောဆယ် သူ မင်းသားပေါက်စဖြစ်နေတယ်၊ ပြီးတော့ သူ သံလွင့်ကို သိပ်ချစ်တယ်”

“ဟား ဟား”

သံလွင့်စကားဆုံးတော့ ဒက်ဒီ ရယ်သည်။ ဘာရယ်စရာလဲ။ သံလွင်ပြောတဲ့အထဲ ရယ်စရာမှမပါတာ။

“ဟုတ်ပြီလေ ... ဒါဆိုရင် သူ့ကို ဒီတစ်လအတွင်း လာတောင်းခိုင်းလိုက်၊ မိစုံဖစုံနဲ့ သူ နင့်ကို လာတောင်းရင် သဘောတူမယ်၊ မိုးလရွှေညိုတို့ဖက်ကို ငြင်းပစ်မယ်၊ ဒီတစ်လအတွင်းမှ သူလာမတောင်းရင်တော့ မိုးလရွှေညိုကိုပဲ နင် ယူရမယ် ... ဘယ်လိုလဲ”

“ဒက်ဒီ”





“နင့်ကို သူ သိပ်ချစ်တယ်ဆို ငွေသံလွင်၊ ငါအဖေတစ်ယောက်အနေနဲ့ သားသမီးအပေါ်မှာ အတင်းအကျပ်မစီမံချင်လို့ တစ်လဆိုတဲ့အချိန်ပေးထားတာ မိသံလွင်၊ လိုက်ပြေးတာဘာညာ လုံးဝလက်မခံဘူး တစ်ခါတည်းပြောထားလိုက်မယ် ကြားလား”

“ဟုတ် ... ဒက်ဒီ”

တကယ်ဆိုတော့ ဒီကိစ္စကြီးက တော်တော်ကြီးကို မလွယ်ကူမှန်း ဒက်ဒီ သိပါလိမ့်မည်။ ဒက်ဒီ သိသလို သံလွင်လည်း သိ၏။ သံလွင့်အနေနဲ့ကလည်း ရွှေညို့ကို ဘယ်လိုမှ လက်ခံလို့မဖြစ်။ ယူဖြစ်ရင်လည်း မြဲမယ့်အိမ်ထောင်ရေးမျိုးမဟုတ်။ ယောကျ်ားကို မော်မကြည့်ဝံ့တဲ့ အိမ်ထောင်ရှင်မမျိုး သံလွင် လုံးဝ အဖြစ်ခံမည်မဟုတ်။

“ဘယ်လိုလုပ်ကြမလဲ ဝတီ”

ကားကူရှင်မှာ မှီလျော့ထိုင်ရင်း ဝတီ သက်ပြင်းကြီး မှုတ်ထုတ်သည်။ မျက်ဝန်းတွေကို မှေးစင်းထားရင်း သူ တိတ်ဆိတ်နေရှာသည်။ မ,ရဲ့အဖေက တစ်လပဲအချိန်ပေးသည်။ ဒီတစ်လအတွင်းမှ မ,ကိုတောင်းရမ်းယူဖို့ဆိုတာ လုံးဝမလွယ်ကူတဲ့ကိစ္စ။ အခု သူ ဗီဒီယိုတိုက်တစ်တိုက်နှင့် စာချုပ်ချုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မ,နဲ့တွေ့ဖို့တောင် သူ မနည်းအချိန်ယူရသည်။ ကြော်ငြာရိုက်ဖို့ လက်ခံထားတာလည်း အများကြီး။ သားရဲ့အောင်မြင်မှုကြောင့် ပြုံးပျော်နေတဲ့ မာမီ။ ဘယ်နည်းနဲ့မှ ဒီကိစ္စကို လက်ခံမှာမဟုတ်တာ ကျိန်းသေပေါက်။

သူ့အနေနဲ့ကလည်း မ,ကို မိုးလရွှေညိုလက်ထဲ မထည့်နိုင်ပါ။ မ,ကို သူချစ်တာ အပျော်သဘောမျိုးနဲ့မှမဟုတ်ခဲ့တာ။ အခုမှ တကယ်ဘေးကျပ်နံကျပ်။

"ပြောဦး ဝတီ"

သံလွင်က သူ့လက်မောင်းကို ဆွဲကိုင်လှုပ်ယမ်းလိုက်သည်။ သူက သံလွင့်ကို ငေးငေးတွေတွေစွာကြည့်ရင်း သံလွင့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူသွင်းရင်း သံလွင်ရဲ့နဖူးကို ခပ်ဖွဖွနမ်းရှိုက်သည်။

"ကျွန်တော့်ကို ယုံတယ်မှုလား မ,ရယ်၊ ကျွန်တော် သူ့လက်ထဲကို မ,ကို မထင့်ပါဘူး၊ ယုံပေးပါနော်"

"ယုံပါတယ် ဝတီရယ်၊ ဒါပေမဲ့လေ ... အခြေအနေကလည်း ..."

သံလွင့်လက်လေးတစ်ဖက်ကို သူ ဆုပ်ကိုင်လာပါသည်။ အားပေးတာပေါ့နော်။ ဒါပေမယ့်လည်း အဖြေကို ကြံမြင်





နေသလိုပဲ။ အပူလုံးတစ်ခုက မုန်တိုင်းတစ်ခုလို သံလွင့်ရင်မှာ ဝင်မွှေ၏။ မိုးလရွှေညိုသာ ဝင်မရှုပ်ခဲ့ဘူးဆိုလျှင် သံလွင်တို့အခြေအနေ ဒီလောက်ဆိုးမည်မဟုတ်။

အခုလို အကျပ်အတည်းနဲ့ ကြုံလာချိန်မှာတော့ သံလွင့်ရဲ့ ဉာဏ်နီဉာဏ်နက်တွေက ဘယ်ကို သဝေထိုးနေတယ်မသိ။ အရိပ်အယောင်တောင်ရှာမရ။ ခေါင်းတွေပူလွန်းလို့ မနေနိုင်တော့တာလားတော့မသိ။

"မ ... ဘာလို့ငိုတာလဲ"

"ဟင် ... ငိုလို့လား"

သံလွင် သူ့ကို အလန့်တကြားပြန်မေးပြီးမှ ပါးပြင်ပေါ်က အေးစက်စက်အထိအတွေ့ကို ခံစားလိုက်ရသည်။ ဝတီမျက်နှာက ရှုတ်ချည်း အဖိုးအိုပုံပေါက်သွားရှာ၏။ သံလွင့်မျက်ရည်တွေကို သူ့လက်နဲ့ တို့သုတ်ပေးရှာသည်။

"Please ကျေးဇူးပြုပြီး ယုံကြည်ပေးပါ၊ ကျွန်တော်တို့နှစ်ယောက် ဘယ်တော့မှ မဝေးစေရဘူး၊ မဝေးစေရဘူးနော်"

ဘာလို့ရယ်မသိ။ ဒီစကားကြားတော့မှ သံလွင် ပိုငိုချင်လာပြီး သူ့ကို ဖက်တွယ်ပြီး ရှိုက်ငိုပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သံလွင် ရေးတဲ့ဝတ္ထုတွေထဲမှာလို ချစ်ပြီးတော့ လွမ်းခန်းလေးရောက်လာပြီပေါ့။ သံလွင့်ရဲ့ ကံကြမ္မာကိုရေးတဲ့ ဇာတ်ဆရာကတော့ သံလွင့်ရဲ့ဇာတ်လမ်းလေးကို ဘယ်မှာအဆုံးသတ်မလဲ သိချင်ပါရဲ့နော်။

တစ်ညလုံး မအိပ်ဘဲ စဉ်းစားပြီးရတဲ့ အကြံဉာဏ်ကြောင့် ဝတီထက်တစ်ယောက်တော့ စိတ်တွေလှုပ်ရှားလို့နေသည်။ သူ တစ်ညလုံး အခုကိစ္စနဲ့ပတ်သက်ပြီး လေးလေးနက်နက် တွေးတောခဲ့ပြီးပြီ။ ဘယ်လိုနည်းနဲ့ပဲ တွက်ထုတ်ထုတ်၊ မ,ကို လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူးဆိုသည့် အဖြေတစ်ခုတည်းသာထွက်သည်။ ဒီအတွက်ကြောင့် သူ မမ်နဲ့ ရင်ဆိုင်ဖို့အားအင်အပြည့် မွေးလိုက်ပါ၏။

"အိုင် ... မမ်နဲ့ဒက်ကို လေးလေးနက်နက် တစ်ခုလောက် တောင်းဆိုပါရစေ"

ထမင်းစားပွဲမှာ တိတ်တဆိတ်စားသောက်နေကြတုန်း ထွက်ပေါ်လာတဲ့ သူ့အသံကြောင့် မမ်ရော ဒက်ပါ တအံ့တဩ မျက်ဝန်းတွေနဲ့ ကြည့်လာကြ၏။

"အိုင့်ကို မိန်းမလိုက်တောင်းပေးပါ"

"ဟမ်"





"ဘာ"

မမျှော်လင့်တဲ့ သူ့စကားကြားတော့ ဒက်နဲ့မမ် အာမေဍိတ်အသံတွေ စီစီညံအောင် ထွက်လာကြသည်။

"ဝတီထက် ... မင်း ဒီနေ့ရိုက်မယ့် scene အတွက် dialouge ကျက်နေတာတော့ မဟုတ်ပါဘူးနော်"

"မမ် ... အိုင် အတည်ပြောနေတာပါ"

"နေစမ်းပါဦး ... ကောက်ခါငင်ခါကြီး ဘာလို့ ထဖြစ်ရတာလဲ"

"သူ့ကို အိမ်က ယောကျ်ားပေးစားတော့မှာမို့လို့ပါ"

သူက ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲကို ခပ်တိုတိုပဲပြောပြဖြစ်ခဲ့သည်။ ဒက်က တအံ့တဩ နားထောင်နေပေမင့် မမ်ကတော့ တုန်လှုပ်ဟန်မပြ။ ခပ်အေးအေးသာ။

မမ်နဲ့ သူ အခုထက်ထိ မ,ကို မမ် ခေါ်တွေ့သည့်အကြောင်းနဲ့ ပတ်သက်ပြီး တစေ့တစောင်းတောင် မပြောမိခဲ့ကြ။ မမ်က သူ့ဆီက ဘာထွက်လာမလဲဆိုပြီး စောင့်နားထောင်သည်။ သူကလည်း မမ်ရဲ့သဘောထား ဘာများဖြစ်မလဲ အသာစောင့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူတာမျိုးတော့ မဟုတ်ဘူး ဝတီ၊ ဒါပေမဲ့ ကိုယ်က အခုမှ တက်သစ်စမင်းသားတစ်ယောက်၊ မဖြစ်ဘူး ဝတီ … မဖြစ်ဘူး၊ လောလောဆယ် ဒီကိစ္စ ဘယ်လိုမှ အကောင်အထည်ဖော်လို့မဖြစ်ဘူး"

"သား မမ်ပြောတာဟုတ်တယ်၊ သားအတွက် အိမ်ထောင်ပြုဖို့ စောလွန်းသေးတယ်လို့ ဒက်မြင်တယ်"

"အိုင့်မှာ အချိန်တစ်လပဲရတယ် မမ်နဲ့ဒက်၊ အိုင် သူ့ကို လုံးဝ မခွဲနိုင်ဘူး"

"မင်းသားတော့ ရူးသွားပြီ ဖလတ်"

"ရူးနေတာကြာပြီရှင့်၊ အခုမှ အရူးရုပ်ကိုထုတ်ပြတာ၊ ဒီမှာ ဝတီဘက် … တစ်လဆိုတဲ့အချိန် တို့အတွက် အရမ်းနည်းလွန်းတယ်၊ ဒါမဖြစ်နိုင်တာကို တမင်သက်သက်တောင်းဆိုတာပဲ၊ ဒီဘက်ကမလုပ်နိုင်တာသိလို့ တမင်ညစ်တာ၊ တစ်နည်းပြောရမယ်ဆိုရင် ဟိုဘက်နဲ့သူ သဘောတူနေလို့လဲ"

"တူမယ်ဆိုလည်း တူလောက်တယ်လေ မမ်၊ သူက မိုးလ trading ကုမ္ပဏီက ဦးမင်းညိုရဲ့သား မိုးလရွှေညိုပဲ"

"ဪ …"





ဒက်ဆီက အသံတိုးတိုးထွက်လာသည်။ မမ်ကတော့ ဘာကောင်ဖြစ်ဖြစ် ဂရုမစိုက်။ ယူချင်ရာနဲ့ယူ၊ လိုက်မတောင်းပေးနိုင်တဲ့ပုံစံမျိုးနှင့် အေးစက်စက်ရှိနေပါ၏။

"အိုင့်ကို လိုက်မတောင်းပေးနိုင်ဘူး ဆိုပါတော့"

မမ်နဲ့ဒက်ကို သူ တစ်ချက်စေ့ကြည့်ပြီး သဘောထားကို ခံယူမိသည်။

"ဟုတ်တယ် ဝတီတက် … အရွယ်မထနဲ့၊ စိတ်ကူးမယဉ်နဲ့၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်လမ်းကိုယ်လျှောက်၊ shooting က ဆယ်နာရီမဟုတ်လား"

"အိုင် မသွားတော့ဘူး။ မရိုက်တော့ဘူး"

ဝတီထက် ခပ်တည်တည်ပြောပြီး ထထွက်ခဲ့သည်။ မိဘကို စိတ်ဆင်းရဲအောင် အကျပ်ကိုင်တာမျိုးမဟုတ်ပေမင့် သူ ဒီလိုလုပ်မှ မမ် လိုက်လျောပေးနိုင်မှာသေချာ၍လေ။

"ဝတီ"

"ဝတီထက်"

သူ အခန်းထဲဝင်ပြီး လော့ချလိုက်သည်။ ပြီးတော့ ခန်းကိုပိတ်ပြီး ပြန်အိပ်နေလိုက်သည်။ ဒီတံခါးကို သူ ဘယ်သူ့ကိုမှ ဖွင့်ပေးဖို့အစီအစဉ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံး လိမ္မာတဲ့သား ... တစ်ချီတည်းနဲ့ ငါ့ကို အလဲထိုးလိုက်တာပဲ၊ ကဲ ... အခု ဘယ့်နှယ်လုပ်ကြမလဲ၊ အလုပ်လုပ်တာ စာချုပ်စာတမ်းနဲ့လုပ်ထားတာ၊ ကလေး ကစားနေတာမဟုတ်ဘူး၊ ငါတော့ သေသာသေလိုက်ချင်တော့တယ်"

"သားကို ဖျောင်းဖျကြည့်ပါဦး ဇလတ်"

"မရဘူး ... ဒီကိစ္စ မလုပ်မပေးမချင်း သူ တင်းခံနေမှာ ဇလတ်သိတယ်၊ ဟင် ... ဝတီထက် ... ဝတီထက်"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စိတ်ဓာတ်တွေကျနေသည်။ ဝတီထက် သင်းအညာကို ရအောင်ကိုင်သွားတာပဲ။ ခဏနေတော့ ဒေါ်ဇလတ်ဖြူဆီ ဖုန်းတစ်ကောဝင်လာသည်။ ဒါရိုက်တာဆီကဖုန်း။ ဝတီထက် ဒီနေ့ နေမကောင်းလို့ လုံးဝ မထနိုင်လို့ ညာလိုက်ရသည်။နောက်နေ့တွေ ဘာဆက်လုပ်ရမလဲ။ ဒေါ်ဇလတ်ဖြူ တွေးတောင်မတွေးရဲ။





## ၂၀

မ,ဆီဖုန်းခေါ်ဖို့ စိတ်ကူးပြီးကာမှ သူ လက်ကို ပြန်ရုပ်သိမ်းပစ်လိုက်သည်။ အခုအချိန်မှာ သူ မ,ကို ဘယ်လို စကားလုံးတွေနဲ့ ဖြေသိမ့်ရမှာလဲ။ သူကိုယ်တိုင် နိုင်မလား ရှုံးမလားမသိတဲ့ တိုက်ပွဲတစ်ခုကို ဝင်နေတဲ့အချိန်လေ။ မ,ကို လွမ်း ရတာတော့ ရင်နဲ့မျှပင်။ ရက်ပိုင်းလေးတောင် သူ မ,နဲ့ မခွဲနိုင်တာ။ တစ်ဘဝလုံးအတွက်ဆိုရင် ...

"မ,ကို မခွဲနိုင်တာ သိပ်ကိုသေချာနေပြီ မ,ရေ"

သူ စိတ်ပေါက်ပေါက်နှင့် အော်ဟစ်ပစ်လိုက်သည်။ ဒီနေ့နဲ့ဆို သူ ထမင်းထွက်မစားတာ နှစ်ရက်တိတိရှိပြီ။ တံခါးကိုလည်း ယောင်လို့တောင်မဖွင့်။ သူ့အခန်းထဲက ရေခဲသေတ္တာထဲက အသီးအနှံတွေလည်း ကုန်ပြီ။ မမ်နဲ့ဒက်ကလည်း သူ့ကို ချော့



www.burmeseclassic.com

www.burmeseclassic.com



မော့ဖို့ စိတ်ကူးရှိပုံမရ။ အခန်းရှေ့မှာ ရုံဖန်ရုံခါတော့ ခြေသံတရှပ်ရှပ်ကို ကြားနေရသည်။

"ဝတီ ... ဝတီ ... သိပ်အရွှးထမနေနဲ့၊ အခု အပြင်ထွက်ပြီး ထမင်းထွက်စားစမ်း၊ နင် ဆက်မရိုက်နိုင်လို့ ငါ လျော်ရလည်းကိစ္စမရှိဘူး၊ စည်းစိမ်မပြုတ်ဘူး၊ နင်တော့ သေရင်တောင် လူကြားထဲချပြောလို့မကောင်းတဲ့ နာမည်မျိုးနဲ့တော့ မသေစေချင်ဘူး၊ ငါ ရှက်လို့"

"ဟား ဟား ... AIDS နဲ့ သေမှာမှမဟုတ်တာ မမ်၊ အရွယ်ရောက်နေတဲ့ လူသားတစ်ယောက်ရဲ့အချစ်ကို တားဆီးပိတ်ပင်ခံရလို့ လုံးပါးပါးပြီးသေမှာပဲ၊ သေပန်းပွင့်မှာပါ"

"ဒီအရူးကောင်နဲ့ ငါနဲ့တော့ ဒုက္ခ"

အခန်းထဲက ဝတီထက်ရဲ့ ပြန်ပြောသံကြောင့် ဒေါ်ဇလတ်ဖြူ မျက်နှာအိုသွားသည်။ သင်းက လူကြားလို့မှ မတော်၊ အချစ်သူရဲကောင်းလာလုပ်ပြနေသည်။ အဲလျှော့ပေးမယ့်ပုံလည်း တစ်စက်မှကိုမရှိ။ သူမတို့လင်မယားနှစ်ယောက်စလုံး ခေါင်းမီးတွေတောက်နေကြပြီ။ ဒီအချိန်ပြေးပြီး သတိရမိတာက ချိုလီကို။

"ဟယ်လို"





"ချိုလီလား ... အန်တီဇလတ်ဖြူပါ"

"ရှင်"

"သမီး အားရင် အိမ်ကိုလာခဲ့ပေးပါလား၊ ဝတီထက် အခြေအနေမကောင်းဘူး"

"ရှင် ... ရှင်"

မဆက်စဖူး အန်တီဇလတ်ဖြူဆီက ဖုန်းကိုရတော့ ချိုလီတစ်ယောက် ခြေမကိုင် လက်မကိုင်မိတောင်ဖြစ်သွားသည်။ ချိုလို့မိဘတွေကွဲပြီး ချိုလို့အဘိုးအဘွားတွေဆီရောက်သွားကတည်းက အန်တီဇလတ်ဖြူနဲ့ ချိုလီ ခပ်တန်းတန်းဖြစ်သွားခဲ့တာလေ။ အခုလို တခုတ်တရ ဖုန်းဆက်ခေါ်တယ်ဆိုတော့ ဝတီတစ်ယောက် ဘာများဖြစ်လို့ပါလိမ့်။ ဒီရက်ထဲလည်း အဆယ်အသွယ်ပြတ်နေကြတာလေ။

"အခုအားရင် အခုလာခဲ့ပါလား ချိုလီ"

"ဟုတ် ... အန်တီ ... ချိုလီ အခုပဲ လာခဲ့လိုက်ပါ့မယ်"

ချိုလီ အဝတ်အစားမလဲနိုင်ဘဲ ကာမန်းကတန်းကားသော့ယူပြီး မောင်းထွက်လာခဲ့သည်။ ဝတီတို့အိမ်ရောက်တော့ အန်တီဇလတ်ဖြူတစ်ယောက်တည်း အိမ်ရှေ့ဆက်တီခုံတစ်လုံးမှာ ခပ်ငိုင်ငိုင်ထိုင်နေတာ တွေ့လိုက်ရသည်။

"အန်တီ ... ဝတီ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင် ... ချီလီ၊ မ,စိတ်မွှန်နေတဲ့ရောဂါဝေဒနာကို သူ အလူးအလဲခံစားနေရတယ်လေ၊ ဘေးလူတွေပါ အပူဟပ် လို့ သောကတွေရောက်နေရတယ်၊ အန်တီ့ရုပ်ကိုကြည့်ဦး ဆိုင်တောင်မသွားနိုင်ဘူး"

"ဟို စာရေးဆရာမနဲ့ ..."

"ဩော် ... သမီးသိတယ်လား၊ ဟုတ်တယ် အဲဒီစာရေးဆရာ မကို သူ့အိမ်က ယောက်ျားပေးစားမလို့တဲ့၊ တစ်လအတွင်း ဝတီ လာမတောင်းနိုင်ရင် သူတို့သဘောတူတဲ့လူနဲ့ ယူရမယ် တဲ့လေ၊ အန်တီ့ကို ကိုယ်ချင်းစာပေးပါ ချီလီ၊ အောင်မြင်မှု တွေ လက်တစ်ကမ်းပဲလို့တော့တဲ့ ကိုယ့်သားလေးကို စောစောစီးစီး အိမ်ထောင်ပြုပေးဖို့ဆိုတာ ဘယ်လိုမှမဖြစ် နိုင်တာ"

"အခု သူ ဘာလုပ်လို့လဲ အန်တီ"

"အခန်းပိတ်ပြီးနေတာ နှစ်ရက်ရှိပြီ၊ မိဘကို ဒုက္ခပေးတဲ့ ကလေး"

ပြောရင်းက ဒေါ်ဇလတ်ဖြူ မျက်ရည်ကျသည်။ ချီလီကတော့ တစ်သက်လုံးကြည့်မရတဲ့ ဒေါ်ဇလတ်ဖြူကို ဒီတစ် ခါတော့ သနားစိတ်ဝင်မိတာအမှန်။





"အဲဒါ သမီး သူငယ်ချင်းကို ဖျောင်းဖျပေးပါ ချီလီရယ်၊ သူ ဒီအတိုင်းဆက်နေသွားရင် ဒုက္ခတော့ရောက်ကုန်လိမ့် မယ်၊ အစားလေးတစ်ခုခုဝင်အောင်ကျွေးပေးပါနော်"

"သမီးကိုတော့ သူမ တံခါးဖွင့်ပေးမယ်ထင်တယ်"

ဒေါ်ဇလတ်ဖြူနဲ့ ချီလီ စကားကောင်းနေစဉ် ဖုန်းဝင် လာသည်။ ဝတီ ထက်အဖေဆီက ...

"မလတ် ... သားအခြေအနေ"

"အခုထက်ထိ ဖွင့်မပေးသေးဘူး၊ ရှင့်သား သူ့ရဲကောင်းကြီး က"

"မလတ် ငါတို့မွေးထားတာ သားလေးတစ်ယောက်တည်း၊ မင်းစိတ်လျှော့လိုက်တော့၊ သူ့ဆန္ဒကိုဖြည့်ဆည်းပေးလိုက် ပါ၊ အပျက်ပျက်နဲ့ နာခေါင်းသွေးထွက်မခံနိုင်တော့ဘူး၊ ငါပြောတာကြားလား မလတ်"

"ကြားတယ် ... ကြားတယ် ... သားသမီးများ အရွယ်ရောက် လာတော့လည်း မိဘရင်ကို ခြေစုံကန်ချင်ကြတာချည်းပဲ၊ မိမနိုင်ဖမနိုင်လေးကို မိန်းမလိုက်တောင်းပေးကြတာပေါ့"

မျက်ရည်သုတ်ရင်းပြန်ပြောနေတဲ့ အန်တီဇလတ်ဖြူ ကို ကြည့်ရင်း ချီလီ သနားလည်းသနား ရယ်လည်းရယ်ချင်မိသည်။ ဘာပဲပြောပြော အခင်မင်ရဆုံး သူငယ်ချင်း ဝတီ အတွက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာရပါသည်။ သူ စာရေးဆရာ မဝဿန်ခါကို သေလောက်အောင်ချစ်တာ အခု သူမကိုယ်တွေ့မို့ ယုံကြည်မိသည်။ ပြီးတော့ ဒီလိုအချစ်မျိုး၊ ဒီလိုချစ်သူမျိုး ပိုင်ဆိုင်ခွင့်ရသည့် ထိုစာရေးဆရာမကိုလည်း ကျိတ်ပြီးအားကျမိပါသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံနဲ့အတူ ချီလီ့အသံကို သူ ကြားလိုက်ရသည်။

လူကန်းပြီး တစ်ကိုယ်လုံး မလှုပ်ချင်မရှားချင်။

"ဝတီ ... ငါပါ ချီလီ၊ တံခါးဖွင့်ပေးပါဦး"

"မဖွင့်ဖူး ချီလီ ... နင်ပြန်တော့"

"ပြောတာနားထောင်ပါဦး၊ နင့်ကို နင့်မမကို လိုက်တောင်းပေးဖို့ သဘောတူလိုက်ကြပြီ"

"မဟုတ်တာတွေ"

"တကယ်ပါ ဝတီရယ် ... ငါနင့်ကို ဘယ်တုန်းကညာဖူးလို့လဲ၊ တံခါးလေးဖွင့်ပေးပါနော်၊ ငါ နင်ကြိုက်တဲ့ မြေအိုးမြီးရှည်ဝယ်လာတယ်၊ တံခါးဖွင့်ပေးပါဟယ်"

"ငါမယုံဘူး ချီလီမ၊ နင်ပြန်တော့"

အမြင်ကတ်လို့ ဝင်မပြောဘူးနေနေရာက ဒေါ်ဇလတ်ဖြူတစ်ယောက် လှားခနဲ ဝတီထက်အခန်းရှေ့ရောက်လာသည်။





"ဝတီထက်ရေ ... သားသားလေးရေ ... မမ် စိတ်မပြောင်းခင် တံခါးဖွင့်လိုက်ရင်ကောင်းမယ်ကွယ်၊ နို့မို့ ဝဿန်ခါနဲ့ နောက်ဘဝမှ ပြန်ဆုံကိန်းဆိုက်သွားမယ်"

မမ်ရဲ့ ငေါ့တော့တော့လေသံကြားမှ သူ့ကို အလျှော့ပေးလိုက်ပြီမှန်း သူ ဒက်ခနဲသိလိုက်ရသည်။ ထမင်းနှစ်ရက်လောက်မစားထားတဲ့ သူ ပီတိအဟုန်ကြောင့် ပေါ့ပါးသွက်လက်စွာနဲ့ တံခါးဖွင့်လိုက်မိသည်။ တံခါးဝမှာ မြေအိုးမြီးရှည်ပန်းကန်ကိုင်ရပ်နေတဲ့ ချီလီနဲ့ ဂါက်တစ်ဖက်ခါးပေါ်ထောက်လို့ မကြည်ရှုပ်နဲ့ ရှုတ်ရှုတ် မာမီ့မျက်နှာကို တွေ့လိုက်ရသည်။

"ဟင်း ဟင်း ... ငါ့သားလေး တော်တော်ချစ်တတ်တာပဲ၊ ကဲ ကဲ ... ချီလီနဲ့စကားပြောလိုက်ဦး၊ ဘာစားချင်လဲ လိုအပ်တာရှိရင် မသန်းကိုပြောလိုက်၊ ငါ လွှတ်ပေးလိုက်မယ်"

မမ်က လှူငယ်အချင်းချင်း ပြောစရာရှိတာပြောရအောင် လွှတ်ပေးထားခဲ့သည်။ ဒီလိုအချိန်မှာ သူ့အတွက် ရင်ဖွင့်စရာလူ လိုအပ်သည်မဟုတ်လား။ မာမီထွက်သွားတော့ ချီလီက သူ့ကို ပြုံးစစ မျက်နှာပေးနှင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မထင်ရဘူး ဝတီ၊ နင် တော်တော်ချစ်တတ်တာပဲ"

ခပ်ချောင်ချောင်မျက်နှာနဲ့ ဝတီ တစ်ယောက် သူငယ်ချင်းမလေးကို ခပ်ရှက်ရှက်ရုပ်နှင့် သွားဖြဲပြမိလိုက်သည်။





## ၃၀

ဝတီဆီက ဘာအဆက်အသွယ်မှမရတော့ သံလွင် သတ်သေချင်စိတ်ပေါက်မိပါသည်။ ဒီကြားထဲ ရွှေညိုကလည်း အိမ်ကို နေ့တိုင်းလိုလိုလာပြီး ဒက်ဒီနဲ့ လာဖောသည်။ မာမီနဲ့ ဝင်ရောသည်။ တစ်ခါက သိပ်ချစ်ခဲ့ဖူးတဲ့ ရွှေညိုက သံလွင့်ရဲ့ မဟာရန်သူတော်ကြီးဖြစ်သွားတာတော့ မျက်လှည့်ပြသလိုက်သလိုပင်။ သူ့စိတ်ရင်းကို သံလွင်က အသိဆုံးပါ။ သူ ဒီလောက်ဖော်ရွေတတ်သူမဟုတ်။ သံလွင့်ကို မရရအောင်ယူဖို့ သူ တကယ်စိတ်ပိုင်းဖြတ်ထားတာမို့ အပီအပြင်ကို ပညာကုန်သုံးနေတာ။

အိပ်ရာပေါ်မှာ ဟိုဟိုဒီဒီလိမ့်၊ ငုတ်တုတ်ထထိုင်ပြီး ပြန်ကာလှဲ။ မျောက်မီးခဲကိုင်ထားသလို ဆောက်တည်ရာမရစိတ်တွေနဲ့ သံလွင် မိုးလင်းခဲ့ပေါင်းများလှပြီ။ မျက်ရည်တွေကိုခံထားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တောင် ရောဝတီမြစ်လောက်မရှိပေမယ့် ချောင်းလက်တက် တစ်ခုတော့ရလောက်၏။

အိမ်ကလည်း သံလွင့်ကို ဒီရက်ပိုင်းအတွင်း အပြင် သွားမယ်ဆိုတာနဲ့ မိုးလျှေညိုကိုချည်း ထည့်နေတတ်သည်။ အရှင်လတ်လတ်နှင့် ငရဲကျသလိုပင်။ ပြင်းပြတဲ့ချစ်ခြင်းကြောင့် သံလွင်တစ်ယောက် အရူးမီးပိုင်းနေသည်။

ဝတီ ... သူရော ဘာလို့ တိတ်ဆိတ်နေရတာလဲ။ သူ အခုထက်ထိ ဖုန်းပိတ်ထားတုန်း။

ဝတီ့ဆီက အဆက်အသွယ်ကို မျှော်တုန်း Phone က တစ် call ဝင်လာ၏။

ဆက်တဲ့လူက ချိုလီ။

"အစ်မ ချိုလီပါ"

"ဩော် ... ချိုလီ"

ဝတီရဲ့သူငယ်ချင်း ချိုလီဆီကမို့ သံလွင် တကယ်ပဲ အားတက်သွားပါသည်။

"ဝတီ ... သူ့ဆီက ဘာသတင်းမှမကြားရလို့ စိတ်ပူနေတာ"

"သူ အိမ်မှာ အကြီးအကျယ်ဆန္ဒပြနေတယ် အစ်မ၊ ကား လည်းဆက်မရိုက်တော့လို့ သူ့အမေ ဒေါင်ချာစိုင်းနေတယ်





တစ်သက်လုံးက ချိုလီ့ကို အဖက်မလုပ်တဲ့ သူ့အမေက ချိုလီ့ကို ဆက်သွယ်ပြီး သူ့ကို နားဝင်အောင် ဖျောင်းဖျခိုင်း တယ်လေ"

"ဟင် ... ဒုက္ခပါပဲ၊ သူ ဒီလိုဖြစ်ရတာ တို့ကြောင့်၊ သူက အခုမှ အညွန့် တလူလူတက်နေတဲ့ အနုပညာရှင်တစ် ယောက်၊ တို့ကြောင့် သူ ..."

ပြောရင်းနဲ့ သံလွင် အသံဆက်မထွက်နိုင်တော့ ချိုလီ့ဆီကတော့ သက်ပြင်းချသံသဲ့သဲ့ကို ကြားနေရပါသည်။

"ဝတီက စိတ်ကြီးတယ်၊ သူခေါင်းမာသွားပြီဆို မရတော့ ဘူး၊ သူ အခုဆို ထမင်းမစား ဘာမစားနဲ့တောင် ဆန္ဒပြ နေပြီ"

"ဟင်"

သံလွင့်မျက်ဝန်းအိမ်က မျက်ရည်တွေ ပိုးပိုးပေါက် ပေါက်ကျလာပါသည်။ သူ သံလွင့်အတွက် အပြင်းအထန်တိုက်ပွဲ ဝင်နေခဲ့တာပဲ။ ဒီလိုနဲ့ သူနဲ့သံလွင် ဝေးသွားကြရတော့မှာပေါ့နော်။

"ဟီး ... အစ်မ ငိုနေတာလား၊ ချိုလီက အစ်မကို သတင်း ကောင်းပေးရအောင်လို့ပါ၊ နောက်ဆုံးတော့ ဝတီ့ကို သူတို့ အရှုံးပေးလိုက်ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ... ဘယ်လို"

"သူ ... သူ့မိဘတွေဆီက ကတိရလို့ ဒီနေ့ပဲ shooting သွားပြီ၊ အစ်မကို အံ့သြသွားအောင် လာတောင်းတဲ့နေ့ကျမှ မျက်နှာပြမလို့တဲ့၊ အဲဒါ ချီလီ ကြားထဲက မနေနိုင်လို့ အစ်မ ကြိုပြီးဝမ်းသာအောင် ပြောပြထားတာ"

"အင် ... စောစောကပြောပါလား ချီလီရယ်"

"ဟက် ဟက် ... ပြောလိုက်ရင်ပေါ့သွားမှာစိုးလို့ပါ၊ step by step သွားတာမကောင်းဘူးလား"

သံလွင် မျက်ရည်တွေကြားမှ ပိုးတဝါးပြုံးမိပါသည်။ ပျော်လွန်းလို့ လက်တွေတောင် တဆတ်ဆတ်တုန်နေပါ၏။

"ကျေးဇူးအရမ်းတင်ပါတယ် ချီလီရယ်"

"မလိုပါဘူး အစ်မရယ်၊ ဝတီနဲ့ သူ သိပ်ချစ်ရတဲ့အစ်မတို့ ပျော်ရွှင်စွာပေါင်းဆုံနိုင်ပါစေလို့ ဆုတောင်းပေးတယ်နော်"

ချီလီဆီက ဖုန်းချသွားတော့ သံလွင်တစ်ယောက်တည်း အရူးတစ်ယောက်လို ထခုန်မိသည်။ အလွမ်းဘွေ သောကတွေက သံလွင့်အပါးက ဖယ်သွားကြသည်။ ကြည်နူးစိတ်ကြောင့် ရင်ထဲ တသိမ့်သိမ့်လှုပ်ခတ်နေတာ အပြင်ကလူတောင် အငြိမ်မနေနိုင်ပါ။





သိပ်ပျော်မနေနဲ့ဦး ငွေသံလွင်။ အခုအချိန်မှာ မိုးလရွှေညိုက အိမ်ကမာမီနဲ့ ဒက်ဒီကို အပီစည်းရုံးထားတာ။ မတော် ဝတီတို့လာတောင်းမှ ဒက်ဒီ ကတိဖျက်ပြီး ငြင်းဆန်လိုက်ရင် ဘယ်လိုလုပ်ရပါ့။ ဒါဆို ဝတီ့ဘဝ ရေစုန်မျောပြီ။ သံလွင်လည်း သေရမှာ။

သံလွင် မျက်လုံးလေးထောင့်ကပ်ပြီး စဉ်းစားခန်းဝင်နေသည်။ ဝတီ ရဲ့ ကြိုးစားအားထုတ်မှု အလဟဿ မဖြစ်စေရ။ ဝတီ သံလွင်ဆီကို မဖြစ်ဖြစ်အောင်လာတဲ့အချိန်မှာ သံလွင့်ဘက်ကလည်း တာဝန်ကျေအောင် ကြိုးစားပေးရပါမည်။ အတန်ကြာစဉ်းစားပြီးတော့ သံလွင့်နှုတ်ခမ်းမှာ ညစ်ကျယ်ကျယ်အပြုံးတစ်ခုကပ်ငြိတွယ်လာ၏။ ကိုယ့်အရေးမှာမှ ဉာဏ်နီဉာဏ်နက်မသုံးရင် ဘယ်မှာသွားသုံးမလဲ။ အခြေအနေတစ်ခုလုံး ရှုပ်ယှက်ခတ်သွားအောင်လုပ်ပြမယ် ကြည့်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၃၂

"ဘာ ... ကြေးအိုးစားမယ် ... အလုပ်ရှုပ်ကရှုပ်နဲ့ မိသံလွင်ရယ်"

"မာမီကလည်း ... သံလွင် စိတ်ကြည်နေလို့ပါ၊ ကူလုပ်ပေးပါ့မယ်၊ ဟိုမီသားစုကိုလည်း ခေါ်လိုက်လေ၊ ပျော်ပျော်ပါးပါးစားကြတာပေါ့"

ဒက်ဒီက သတင်းစာဖတ်နေရင်းက သံလွင့်ကို တစ်ချက်လှမ်းကြည့်သည်။ ဒီရက်ပိုင်းအတွင်း သံလွင် လင်းတမှိုင်မှိုင်နေရာက ချက်ချင်းလက်ငင်းကြီး အသွင်ပြောင်းလဲသွားလို့ သို့လောသို့လော စဉ်းစားနေပုံလည်းရ၏။

မာမီကလည်း သံလွင့်ကို တိုးတိုးကျိတ်ကျိတ် မေးမြန်းပါ၏။ မနက်ဖြန် ဝတီတို့သားအမိသားအဖတွေ အိမ်လာ





မည့်အကြောင်း သံလွင် လေသံလေးတောင်မဟပါ။ မာမီသိရင် သံလွင့်အစီအစဉ် ပျက်မည်လေ။

"မိသံလွင် ... ငါ အနံ့ရဟယ်နော်"

"ဘာအနံ့လဲ မာမီ၊ အားလုံးချက်ပြီးသားမှလား၊ မီးဖိုပေါ်မှာ ဘာအိုးမှလဲ တင်မထားပါဘူး"

"လုပ်မနေနဲ့ မိသံလွင်၊ ငါဘာပြောတယ်ဆိုတာ ညည်းသိပါတယ်"

"ဩော် ... ဒုက္ခပါပဲ၊ သံလွင့်ကို အခုလိုပုံမျိုး မာမီ မမြင်နိုင်တာလား၊ သံလွင်စိတ်ဆင်းရဲနေတဲ့ပုံပဲ မာမီ မြင်ချင်တာလား"

စိတ်ညစ်ညူးဟန်လေးနဲ့ ပြောလိုက်မှ မာမီ အသံတိတ်သွားပါသည်။ မွေးထားတဲ့သမီးမို့ သံလွင့်အကြောင်း မာမီကောင်းကောင်းသိနေမည်သာ။ ဘာမှ လက်ဆုပ်လက်ကိုင်မပြနိုင်လို့သာ ငြိမ်သွားပေမယ့် သံသယတစ်ခုတော့ မာမီ့ရင်ထဲ ကိန်းဝပ်နေတာ မျက်လုံးကြည့်တာနှင့်သိသည်။

အစီအစဉ်ကတော့ အခုအချိန်ထိ အိုကေမှာစိုပြည်နေပါသည်။ ဒီနေ့ တနင်္ဂနွေနေ့မှာ သံလွင်တို့ရဲ့ဖိတ်ခေါ်ချက်အရ မိုးလရွှေညိုတို့သားအမိ အိမ်ကိုပေါက်ချလာသည်။ ရွှေညိုရဲ့မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းထဲမှာတော့ သံလွင့်ရဲ့အပြောင်းအလဲအပေါ် မယုံမရဲနှင့် မေးခွန်းများစွာရှိ၏။

"သူ့အဖေကတော့ တနင်္ဂနွေဆိုပေမယ့်လည်း အလုပ်က ရှိနေတော့လေ ..."

ရွှေညိုအမေစကားတွေက သံလွင့်နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်။ သံလွင်ကတော့ ချိုလီ သတင်းကြိုပေးထားသည့်အတွက် ဝတီတို့ကို လည်ပင်းရှည်မတတ် မျှော်နေမိပါသည်။

မကြာပါ။ ခြံရှေ့ ဟွန်းတီးသံကိုကြားလိုက်ရသည်။ သံလွင့်မျက်နှာတစ်ခုလုံး ဝင်းထိန်သွားပေမင့် ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း မျက်မှောင်လေးကြုတ်ပြီး ...

"အိမ်ရှေ့က ဘယ်သူတွေလဲမသိဘူး" ဟုဆိုကာ ခြံရှေ့ပြေးထွက်ပြလိုက်သည်။

အိမ်ထဲကိုဝင်လာကြတဲ့လူသုံးယောက်ကို အတွေ့ မိုးလရွှေညို အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်လိုက်သည်။ ဝတီ ထက်နဲ့ သူ့ မျက်နှာချင်းဆိုင်အတွေ့ သူ့နှုတ်ခမ်းမှာ မချိုတရိအပြုံးတစ်ခု တွဲခိုသွားသည်ထင်၏။

"ဪ ... ဧည့်သည်တွေပါလား ... ထိုင်ကြပါ"





ဒေါ်ရူပါကတော့ ဒါ ချစ်သမီး၏ စနက်မှန်း သဘောပေါက်လိုက်သည်။ တမင်ဖန်တီးလိုက်တာ။ လူကြီးတွေအခက်တွေ့အောင် သင်းလုပ်လိုက်တာ။ ထင်တော့ထင်ပါသည်။ မနေ့က တည်းက သင်းဆီက ပြဿနာနံ့ကို သူမ ရနေခဲ့တာ။

"ထိုင်ကြပါ"

ဟိုဘက်ကသားအမိနှစ်ယောက်၊ ဒီဘက်ကသားအမိသားအဖသုံးယောက် အချင်းချင်းရှိုးနေကြတာကြောင့် ကြားထဲက ငွေသံလွင့်မိဘတွေ အနေခက်ရ၏။ သမီးတော်ရဲ့ တိတ်တဆိတ်မဟာစီမံကိန်းမှန်း သိလိုက်ကြတာမို့ မျက်စောင်းလှမ်းလှမ်းထိုးကြကာ ငွေသံလွင်တစ်ယောက် ပြာကျမတတ်ပင်။

"အဟမ်း ... ကျွန်မတို့လာရင်းရည်ရွယ်ချက်က ဒီက သမီးဝဿန်ခါကို မိသားဖသားပီပီလာပြီး ကျွန်မသားအတွက် လာကမ်းလှမ်းတာပါ"

ဒေါ်ဇလတ်ဖြူရဲ့စကားအဆုံး ဒေါ်ရူပါ စကားမစရသေးခင် မိုးလရွှေညိုရဲ့အမေရဲ့ စကားသံထွက်ပေါ်လာသည်။

"နောက်ကျသွားတာ စိတ်မကောင်းစရာပါ၊ ကျွန်မတို့ ငွေသံလွင့်ကို လာရောက်ပြီး ကမ်းလှမ်းခဲ့တာကြာပြီရှင့်"

"ဒါပေမဲ့ ဝဿန်ခါ လက်မခံသေးသလို ဘာမှ အထည်ပြုရသေးတာမှမဟုတ်တာ၊ ဟုတ်တယ်မှလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဇလတ်ဖြူက ဒေါ်ရှုပါဘက်လှည့်ပြီး သဘောတူညီချက်ယူသည်။

"ဟို ... ဒါကကော ... အဲ ဘယ်လိုပြောရမလဲ"

"ဒီကညီမ မသိသေးဘူးထင်တယ်၊ ကျွန်မသား မိုးလရွှေညိုနဲ့ ငွေသံလွင်တို့က ချစ်သူဖြစ်ခဲ့တာ သုံးနှစ်ရှိပြီရှင့်၊ သံယောဇဉ်ရှိပြီးသားဆိုတော့လေ"

ယောကျ်ားသားတွေကတော့ မိန်းမတွေကြားထဲဘာမှ ဝင်မပြောနိုင်ကြဘဲ ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်သာလုပ်နေကြသည်။

"အဲဒါတော့ ကျွန်မ မသိပါဘူး၊ ကျွန်မသိတာက အခုလက်ရှိ ဝသန်ခါက ကျွန်မသားရဲ့ချစ်သူ၊ တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်မခွာရက်အောင်ချစ်ကြတဲ့ ချစ်သူတွေ..."

ပွဲက တဖြည်းဖြည်းနဲ့ ကြမ်းလာတာမို့ ငွေသံလွင့်မိဘနှစ်ပါး မျက်လုံးတွေ တဖြည်းဖြည်းပြူးလာကြ၏။ လူငယ်သုံးယောက်ကတော့ တစ်ယောက်နဲ့တစ်ယောက် မျက်ဝန်းတွေ အပြန်အလှန်ကြည့်ရင်းနဲ့ စကားတွေ အပြန်အလှန်ဆိုနေကြသည်။ (ကိုယ်ထင်ရာကိုယ်ရမ်းသမ်း၍ အဓိပ္ပာယ်ဖော်ပါ၏။)





"နေ ... နေကြပါဦး၊ ကျွန်တော် ပြောပါရစေဦး၊ အခုကျွန်တော့်သမီး ငွေသံလွင်ကို လာရောက်ပြီးတောင်းရမ်းတာ နှစ်ဦးဖြစ်နေတဲ့အတွက် ကျွန်တော်ကိုယ်တိုင်လည်း ရွေးချယ်ပေးဖို့က အခက်တွေ့နေရပါတယ်"

"ကိုမြတ်လွင် ... ကျွန်မတို့က ငွေသံလွင်ကို အရင်စ,စကားကမ်းလှမ်းခဲ့တာပါနော်၊ ကျွန်မသားနဲ့ပဲ သဘောတူပါတယ်လို့ ရှင်ပဲ ပြောခဲ့တာ"

"အို ... အရင်ကမ်းလှမ်းလှမ်း နောက်မှပဲကမ်းလှမ်းလှမ်း ဘာမှ ရေရေရာရာဆုံးဖြတ်ရသေးတာမှမဟုတ်တာ"

"မိန်းကလေးဒီလောက်ရှားသလားရှင်၊ သူများကမ်းလှမ်းတော့မှ နောက်ကလိုက်ပြီး ကမ်းလှမ်းတာ အဓိပ္ပါယ်မှမရှိတာ"

"ကျွန်မပြောပြီးပါပကော၊ ကျွန်မသားနဲ့ ဝသန်ခါနဲ့က အခုလက်ရှိ ချစ်သူတွေလေ၊ ကျွန်မသားချစ်သူကို တခြားသူလက်ထဲမရောက်အောင် ကျွန်မတို့ လာကမ်းလှမ်းတာဘာဖြစ်သလဲ"

သံလွင်က ဝတီကို မျက်ရိပ်ပြပြီး အပြင်ခေါ်ထုတ်သည်။ ဒါကိုတွေ့သည့် မိုးလရွှေညိုကလည်း ထလိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သုံးဦးသား ခြံထဲမှာ မျက်နှာစုံမိကြသည်။ မိုးလရွှေညို မျက်နှာက ဒေါသနီးကြောင့် ရဲရဲတောက်နေ၏။ အံတကြိတ်ကြိတ်နှင့် လက်သီးဆုပ်ထားတဲ့ သူ့ပုံစံက ဒေါသဒီဂရီ ဘယ်လောက်ရှိနေတယ်ဆိုတာ ဖော်ပြနေသလိုလို။ ဝတီကတော့ သံလွင့်ကို သိမ်မွေ့သောအပြုံးနှင့် ပြုံးပြရှာသည်။

"သိပ်တော် ... သိပ်ကောင်း၊ ဒီလိုဖြစ်အောင် မင်း တမင်အကွက်ဆင်လိုက်တာမှလား ငွေသံလွင်၊ ဟင် ... ပြောစမ်း"

"ဒီမှာ ... Please ကိုမိုးလရွှေညို၊ ကျွန်တော့်ချစ်သူကို ကျွန်တော့်ရှေ့မှာ လေသံမာမာနဲ့ မပြောပါနဲ့"

"ဘာ ... မင်းချစ်သူဟုတ်လား၊ ငါနဲ့ သုံးနှစ်တောင် ချစ်ခဲ့ဖူးတဲ့မိန်းမကွ၊ ဟား ဟား ... မင်းကို သနားလိုက်တာကွာ၊ ဘာပဲဖြစ်ဖြစ် မင်းက ငါ့ရဲ့အကျကိုပဲ ရတာပါကွာ"

"တောက် ... မိုးလရွှေညို ... နင်"

သံလွင် သူ့ရဲ့ရိုင်းပျတဲ့စကားကြောင့် ဒေါသတွေ သည်းထန်လာပြီး သူ့ကို ထရိုက်ဖို့ လက်အရွယ် ဝတီက လှမ်းဆွဲထားလိုက်သည်။





"ဒီစကားကိုကြားရတော့ ခင်ဗျားရဲ့စိတ်ဓာတ်ကိုရော၊ မ,ပေါ်ခင်ဗျား တကယ်မချစ်တာကိုရော ကျွန်တော် သိခွင့်ရလိုက်တယ်၊ ကုန်ကုန်ပြောလိုက်မယ်၊ ခင်ဗျား ကျူးကျူးလွန်လွန်ဖြစ်ခဲ့ဖူးရင်တောင် ကျွန်တော် မ,ကို တမြတ်တနိုးနဲ့ တန်ဖိုးထားမှာပါ၊ ကျွန်တော့်အချစ်တွေ သူ့အပေါ် တစ်စွေးသားမှလျော့မသွားဘူးဆိုတာ ခင်ဗျား ယုံထားလိုက်"

"ဟက် ဟက်"

မိုးလရွှေညိုက အပြုံးတစ်ခုကို ဖျစ်ညှစ်ထုတ်ပြီး အမြင်ကတ်စရာကောင်းသည့် မျက်နှာပေးနှင့် ခေါင်းမော့ပြီးရယ်နေ၏။ သူ နီရဲစွတ်စိုသော မျက်ဝန်းတို့နှင့် စေ့စေ့ကြည့်လာသည်။

"ရိုမီယိုနဲ့ ဂျူးလီယက်ကို အရှင်လတ်လတ်တွေ့လိုက်ရသလိုပါပဲလား"

သံလွင်နဲ့ ဝတီ နှစ်ယောက်သား တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြသည်။ ဆုပ်ကိုင်ထားတဲ့ သံလွင့်တို့လက်တွေကိုမြင်တော့ မိုးလရွှေညို ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"congratulation ငွေသံလွင်၊ ဒီလိုချစ်သူမျိုး မင်းပိုင်ခွင့်ရလို့"

သူက ရုတ်တရက် သံလွင့်ကို သူ့လက်ကမ်းပေးသည်။ သံလွင် မရဲတရဲနှင့် သူ့လက်ကို ဆွဲလိုက်ပါသည်။ သူ့လက်တွေက သိသိသာသာအေးစက်လို့နေသည်။ ပြီးတော့ သူက ဝတီ့ကို လက်ကမ်းပေးပြန်သည်။ သူ့ပုံစံက တစ်ခုခုကို ယတိပြတ်ဆုံးဖြတ်လိုက်သလိုလေ။

"ကိုယ် ဒီပွဲမှာ နောက်ဆုတ်ပေးလိုက်ပါ့မယ်၊ အစကတည်းက ကိုယ် ဒီပွဲမှာရှုံးပြီးသားလူတစ်ယောက်ပါ၊ ကိုယ် သူ့ကိုချစ်ပါတယ်၊ ဒါပေမဲ့ သူလိုချင်တဲ့အချစ်မျိုး ကိုယ်မပေးနိုင်ခဲ့တာတော့ ဝန်ခံပါတယ်၊ မင်းက ငွေသံလွင်နဲ့ ထိုက်တန်တဲ့ အဖော်မွန်တစ်ယောက်မို့ ကိုယ် ကျေနပ်လိုက်ပါပြီ၊ မင်းတို့ အဆင်ပြေပျော်ရွှင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

သူ ခပ်မှန်မှန်လေသံနဲ့ပြောရင်း သံလွင်တို့နှစ်ယောက်ကို ကျော်ခိုင်းပြီး အိမ်ထဲပြန်ဝင်သွား၏။

သူ့ရဲ့ ပြောင်းလဲမှုကြောင့် သံလွင်ရော ဝတီပါ အံ့သြမှင်သက်မိတာတော့အမှန်။





သံလွင်တို့ တစ်ယောက်မျက်နှာတစ်ယောက် အသံမထွက်ဘဲ အတန်ကြာစိုက်ငေးနေမိကြသည်။

"ကျွန်တော်တို့လည်း သွားရအောင် မ"

"ဘယ်ကိုလဲ အိမ်ထဲလား"

"ဟင့်အင်း ... အေးချမ်းတဲ့နေရာမှာ မနဲ့ စကားပြောချင်တယ်"

"ဟင် ... ဖြစ်ပါ့မလား ... အိမ်မှာက"

နည်းနည်းချောင်သွားတဲ့ သူ့မျက်နှာကိုကြည့်ရင်း သံလွင် စကားတစ်ဝက်တစ်ပျက်ရပ်တန့်သွားသည်။ ဒီမျက်နှာလေးကိုကြည့်ပြီး သူမလည်း စကားတဝပြောချင်နေခဲ့တာပဲမဟုတ်လား။

"ထားလိုက် ... ပြီးရင် ကျွန်တော် ပြန်ပို့ပေးပါ့မယ်၊ ယုံတယ်မလား"

သံလွင်က သိုးသိုးသွက်သွက် ခေါင်းလေးဆတ်ပြလိုက်သည်။ သူ့လက်ကို မြဲမြဲစွာဆုပ်ကိုင်ပြီး သူ့ကားဆီလျှောက်လာခဲ့သည်။ နွေးထွေးတဲ့ ခွန်အားတစ်ရပ်က သူ့လက်မှတစ်ဆင့် သံလွင့်နှလုံးသားထဲကို တငြိမ့်ငြိမ့်နှင့် စီးမျောဝင်လာ၏။ အခုဆို သံလွင့်မှာ မိစရာပခုံးတစ်ခု၊ ခိုလှုံစရာ ရင်ခွင်တစ်ခု ပိုင်ဆိုင်ခွင့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ပြီလေ။ တကယ်တော့ အချစ်ဆိုတာမျိုးဟာ ရင်ခွင်တကယ်စစ်မှသာ တည်မြဲတတ်တာပါ။ ငွေသံလွင်ရဲ့ကိုယ်တွေ့ပေါ့။ ဘောဘီလေးနဲ့ တစ်သက်လုံး မခွဲဘူးနော်။

**အသင်**

18 . 12. 2013

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်၊

BURMESE CLASSIC .com

www.burmeseclassic.com